
THE SPLIT STORY

*By Sein Win*



# အကွဲအပြဲဇာတ်လမ်း

## ဂါးဒီးယန်း ဦးစိန်ဝင်း

# THE SPLIT STORY

## by Guardian U Sein Win

**စာရေးသူ၏အမှာ**

လွန်ခဲ့သောနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အရေးအခင်း (ရှစ်လေးလုံး လူထုအုံကြွမှု) ကြောင့် မဆလ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီ) တပါတီ အစိုးရ ပြုတ်ကျ သွားပြီးနောက် မိတ်ဆွေ အချို့က အကွဲအပြဲ ဇာတ်လမ်း စာအုပ်သစ် ရေးရန် ကျနော့်အား တိုက်တွန်းကြပါသည်။

၁၉၅၉ ခုနှစ်က ရေးခဲ့သော ဖဆပလ (ဖက်ဆစ် ဆန့်ကျင်ရေးနှင့် ပြည်သူ့ လွတ်လပ်ရေး) အဖွဲ့ကြီး၏ အကွဲအပြဲ ဇာတ်လမ်းမှာ အာဏာရ ဖဆပလ အဖွဲ့ချုပ်ကြီး ကွဲပြဲရာမှ တမျိုးသားလုံးနှင့် သက်ဆိုင်သော ပြောင်းလဲမှုကြီးတရပ် ဖြစ်ပေါ်လာကာ အဖွဲ့ချုပ်ကြီးနှင့်တကွ ၎င်း၏ အစိုးရ ချုပ်ငြိမ်းခဲ့ရသော အကြောင်း ဖြစ်ပါသည်။

၁၉၆၅ ခုနှစ်၊ ဒုတိယအကြိမ် ထိန်းသိမ်းခံခဲ့ရပြီး ထောင်က ထွက်လာသောအခါ လွတ်လပ်ရေးရချိန်မှ လက်ရှိ အချိန်ထိ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ပြောင်းလဲမှုများကို ရေးရန် စိတ်ကူး ရှိခဲ့ပါသည်။ သုံးနှစ်ကြာ ထိမ်းသိမ်းခံခဲ့ရပြီး လွတ်မြောက်လာသောအခါ၌ ကျနော့်အား အစိုးရက အချိန်ပြည့် ထောက်လှမ်းစောင့်ကြည့်နေသည်ကို သိရ၍ စာအုပ်ရေးရန်ဝေးစွ၊ အဖြစ်ပျက်မှန် မှတ်တမ်းမှတ်ရာများပင် မထားဝံ့ခဲ့ပါ။ အချိန်မရွေး ကျနော့်အိမ်ကို ရှာမည့် အခြေနေတွင် ရှိနေခဲ့ပါသည်။

ထိုကဲ့သို့ပင် နှစ်ပေါင်း ၂၀ ကျော် လွတ်လပ်စွာ ရေးသားခွင့် ချုပ်ချယ်မှု အောက်တွင် ဆက်လက် နေခဲ့ရ၍ စာအုပ်ရေးရန် လက်လျှော့ခဲ့ရပါသည်။ ယခု လွတ်လပ်စွာ ရေးသားမှု အခြေအနေ အနည်းငယ် ကောင်းလာချိန်၌မူ ကျနော့်မှာ စုဆောင်းပြီး မှတ်စုမှတ်ရာများ ဘာမျှ မရှိတော့ပါ။

လက်ရှိ နိုင်ငံရေး မတည်မငြိမ်၊ မရေမရာ ရှုပ်ထွေးနေခြင်းသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ အချိန်က အခြေအနေနှင့် ထပ်တူထပ်မျှ တူနေသည်ဟု မဆိုသာသော်လည်း တော်တော်ဆင်ဆင်တူ နေ၍ စာအုပ်သစ် မရေးသားနိုင်မီ နှစ်ပေါင်း ၃၀ က စာအုပ်ဟောင်းကို လောလောဆယ် ပြန်လည် ထုတ်ဝေလျှင် သင့်တော်မည် ထင်၍ အကွဲအပြဲ ဇာတ်လမ်းကို မူလ ရေးသားခဲ့သော အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာဖြင့် ဒုတိယအကြိမ် ထုတ်ဝေရန် စီစဉ်လိုက်ပါသည်။

**စိန်ဝင်း**
၁၉၈၉ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်

---

*မြန်မာ ကျူးပစ်ဖိုရမ်မှာ 'botchan' က ပြန်စာစီ စာရိုက်  တင်ပေးထားရာကနေ  ပြန်လည် ကူးယူ လွှင့်တင် ပေးလိုက်တာ ဖြစ်ပါတယ်။*

## အကွဲအပြဲဇာတ်လမ်း

မြန်မာနိုင်ငံရေး သမိုင်း၌ အင်အားအကြီးဆုံး အခိုင်မာဆုံး အမျိုးသား တပ်ပေါင်းစုကြီးဖြစ်သော ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး) အဖွဲ့ကြီး ဖြစ်ပေါ်လာပုံနှင့် ပြိုကွဲသွားပုံတို့ကို မှတ်တမ်းတင်ထားသည့် ဤ အကွဲအပြဲ ဇာတ်လမ်းကို ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလထုတ် ဂါးဒီးယန်း သတင်းစာတွင် နေ့စဉ် ဖော်ပြခဲ့ပါသည်။ စာအုပ်အဖြစ် ထုတ်ဝေရန် မရည်ရွယ်ခဲ့ပါ။

သို့ရာတွင် သတင်းစာဖတ် ပရိတ်သတ်က ဤကဲ့သို့ သမိုင်းကြောင်းရာ မှတ်တမ်းကို ကြာရှည်တည်တံ့ရန်အတွက် စာအုပ်အဖြစ် ထုတ်ရန် တိုက်တွန်းကြသဖြင့် တည်းဖြတ်ကာ စာအုပ်အဖြစ် ထုတ်ဝေရပါသည်။

ဖဆပလအကွဲကို အဓိကထား ရေးသားထားသည့် ဤလွတ်လပ်ရေး ရပြီးနောက်ကာလ နိုင်ငံရေးသမိုင်းမှာ စာရေးသူ၏ မှတ်တမ်းများ၊ လေ့လာချက်များ၊ ဖဆပလနှစ်ခြမ်းကွဲ ခေါင်းဆောင်များနှင့် တွေ့ဆုံ မေးမြန်းချက်များကို မူတည်၍ ဓမ္မဓိဋ္ဌာန်ကျကျ မှတ်တမ်းတင် ဖော်ပြထားခြင်းသာ ဖြစ်၍ မည်သည့်ပုဂ္ဂိုလ် မည်သည့်အဖွဲ့ကိုမှ သာစေ၊ နာစေ အာဃာတထား၊ ရေးသားခြင်း မဟုတ်ပါကြောင်း။

*(ပုံ)*

**စိန်ဝင်း**
အယ်ဒီတာချုပ်
ဂါးဒီးယန်းသတင်းစာ

**ဖဆပလ အကွဲအပြဲဇာတ်လမ်း**

မြန်မာနိုင်ငံ၏ သမိုင်းတွင် အခိုင်အမာ ကမ္ပည်းတင်စေမည့် ဖြစ်ရပ်များသည် ၁၉၅၈ ခုနှစ်၊ ဧပြီလနှင့် အောက်တိုဘာလများအတွင်းက ဖြစ်ပွားပေါ်ပေါက်ခဲ့ပါသည်။ လွတ်လပ်ရေးရပြီးနောက် ၁၀ နှစ်တာ ကာလတခုလုံးအတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များထက် ဤတိုတောင်းလှသော ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ကိစ္စများက ပိုမို၍ အရေးပါခဲ့ပါသည်။ ရုတ်တရက်ဖြစ်ပေါ်လာသော နိုင်ငံရေးအုံကြွမှုများသည် နိုင်ငံတော်၏ အခြေခံအုတ်မြစ်များကို ကိုင်လှုပ်ခဲ့ကာ ပြည်သူလူထု၏ စိတ်ကိုလည်း ချောက်ချားစေခဲ့ပါသည်။ ထို့ကြောင့် လူတိုင်း လူတိုင်းသည် ဤကဲ့သို့ သမိုင်းတွင်စေမည့် ထူးခြားသော ဖြစ်ရပ်များ ဘာကြောင့်ဖြစ်ခဲ့သည်။ ဘယ်သို့ ဖြစ်ခဲ့သည်ကို သိလိုလှပေသည်။ ထိုဖြစ်ရပ်များသည် တိုင်းပြည်အတွက် ကောင်းသော ဖြစ်ရပ်လော၊ ဆိုးသောဖြစ်ရပ်လော ဆိုသည်ကိုလည်း သိလိုကြသည်။

မြန်မာနိုင်ငံတွင် အခိုင်အမာဆုံးသော အမျိုးသားတပ်ဦးဖြစ်သည့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ (ဖဆပလ) အဖွဲ့ကြီး ပြိုကွဲကျဆုံးကာ အုပ်ချုပ်ရေးအာဏာကို ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခြင်း မဟုတ်သော ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရအား လွှဲပြောင်းပေးခဲ့ရသည့် ဖြစ်ရပ်များ၊ အကျိုးဆက်များနှင့် ပတ်သက်၍ အမြောက်အများ ရေးသား ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် အင်အားကြီးမားသော ဖဆပလ အဖွဲ့ကြီး အတွင်း၌ ဖြစ်ပွားခဲ့သည့် အကွဲအပြဲများ၊ အစိုးရအဖွဲ့ အပြောင်းအလဲ ဖြစ်ပေါ်ရခြင်းနှင့် ပတ်သက်သော ထုတ်ဖော်ပြောပြခြင်း မပြုခဲ့သော ဖြစ်ရပ်မှန်များလည်း ရှိခဲ့ပါသည်။

အဆိုပါ အတွင်းရေးများကို သမိုင်းဖြစ်ရပ်၏ အကျိုးအတွက် ထုတ်ဖော်တင်ပြသင့်ပါသည်။ ဤ **"အကွဲအပြဲဇာတ်လမ်း"** ကို တင်ပြရာ၌ ၁၉၅၈ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအတွင်း ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် ထူးခြားသော ဖြစ်ရပ်များ၊ ယင်းဖြစ်ရပ်များ၏ နောက်ခံ သမိုင်းဖြစ်ရပ်များကို သမိုင်းကြောင်းအရ မှတ်တမ်းတင်ရန် ရည်ရွယ်ချက်ဖြင့် ရေးသားပြုစု တင်ပြအပ်ပါသည်။

စာရေးသူသည် ပြည်သူလူထုအား ဤဇာတ်လမ်းကို တင်ပြရာ၌ ပုဂ္ဂိုလ်တဦးတယောက်၊ သို့မဟုတ် အဖွဲ့အစည်းတရပ်ရပ်ကိုမျှ မျက်နှာလိုက်ခြင်း မရှိသကဲ့သို့ အာဃာတမထားဘဲ အရှိကို အရှိအတိုင်းသာ ရေးသားဖော်ပြထားပါသည်။

**သမိုင်းတကျော့ ပြန်လည်ခြင်း**

၁၉၅၈ ခုနှစ်၊ ဧပြီလ၌ ဖဆပလ အဖွဲ့ကြီးအတွင်း အကွဲအပြဲကြောင့် ထူးခြားသော အကျိုးဆက်များ ပေါ်ထွက်ခဲ့ပါသည်။ လွန်ခဲ့သော နှစ် ၂၀ ကျော်ကျော်က ကောင်းတူဆိုးဖက် လက်တွဲ ဆောင်ရွက်ခဲ့ကြသော ဖဆပလ ခေါင်းဆောင်များ တနည်းဆိုသော် လွန်ခဲ့သော ၁၀ နှစ်ကျော်က အစိုးရ အဖွဲ့တွင် စုပေါင်း၍ ကြိုးကိုင်ခဲ့ကြသော ခေါင်းဆောင်များ၏ အကွဲအပြဲမှာ ထူးခြားသောဖြစ်ရပ် သို့မဟုတ် မျှော်လင့်မထားသော ဖြစ်စဉ်တခု မဟုတ်ပါ။ ၎င်းဖြစ်ရပ်မှာ မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများ အတွင်း၌ ဖြစ်ရိုးဖြစ်စဉ် တခုမျှသာ ဖြစ်ပါသည်။

ဖဆပလတည်းဟူသော သင်္ဘောကြီးကို ယခင် တိုက်ခတ်ခဲ့သော မုန်တိုင်းအဆင့်ဆင့်က ရိုက်ခတ်တွန်းပို့ခဲ့ပြီးနောက် အပြီးသတ်ကာလတွင် ခေါင်းဆောင်အချင်းချင်း မညီမညွတ်မှုဟူသော ကျောက်ဆောင်ကြီးနှင့် ရိုက်ခတ်မိကာ အစိတ်စိတ် အမြွာမြွာ ပြိုကွဲသွားခြင်း ဖြစ်သည်။

သို့ရာတွင် ဖဆပလ ခေါင်းဆောင်များက မိမိတို့၏ ပါတီသည် နောင်နှစ်ပေါင်း ၄၀ သို့မဟုတ် နောင်နှစ်ပေါင်း ၄၀၀ တိုင်အောင် တည်တံ့လိမ့်မည်ဟူ၍ လည်းကောင်း၊ လူတကိုယ် တိုက်တလုံး ကားတစီးနှင့် ဝင်ငွေ ၈၀၀ ရရှိစေမည့် ပြည်တော်သာနိုင်ငံ တည်ဆောက်မည်ဟူ၍ လည်းကောင်း၊ ကြွေးကြော်နေသည့် အကြားမှ ဤသို့ ဖဆပလ အဖွဲ့ကြီး ပြိုကွဲခဲ့ရသည်မှာ အချိန်မတိုင်မီ ချုပ်ငြိမ်းသွားခဲ့ရခြင်းသာ ဖြစ်ပါသည်။

ဖဆပလ အဖွဲ့ကြီးကို ပြိုကွဲစေခဲ့သည့် အဓိက အကြောင်းရင်းများမှာ နိုင်ငံတော်အာဏာကို နှစ်ပေါင်းရှည်ကြာစွာ ချုပ်ကိုင်ခဲ့ရသူ လုပ်ဖော်ကိုင်ဖက်များအကြား အာဏာယစ်မူးလာခြင်း၊ အခြောက်တိုက် ဘဝင်မြင့်ခြင်း၊ အာဏာကို အလွဲသုံးစားပြုခြင်းတို့ကြောင့် ပုဂ္ဂိုလ်ရေး ပြိုင်ဆိုင်မှုများ၊ မနာလိုဝန်တိုမှုများနှင့် မယုံသင်္ကာဖြစ်မှုများ၊ ပုဂ္ဂိုလ်ရေး ရန်ငြိုးထားမှုများ ဖြစ်ပေါ်လာခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။

ဖဆပလ အဖွဲ့ကြီးအတွင်း အကွဲအပြဲ ဇာတ်လမ်းကြောင်းကို အသေးစိတ် တင်ပြခြင်း မပြုမီ အဓိက ဇာတ်ဆောင်ဖြစ်သူ၊ တနည်းအားဖြင့် မျက်မှောက် မြန်မာနိုင်ငံ၏သမိုင်းတွင် သူရဲကောင်းအဖြစ်လည်းကောင်း၊ လူဆိုးအဖြစ်လည်းကောင်း၊ အရေးပါသော ကဏ္ဍများမှ ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်များ၏ ယေဘုယျ နောက်ခံသမိုင်းကို သိနားလည်ရန် တင်ပြသွားပါမည်။

**ဘဝ အကျိုးပေးကောင်းသူ ဦးနု**

အစောပိုင်းက သခင်နုဟု အမည်တွင်ခဲ့သော ဝန်ကြီးချုပ်ဟောင်း ဦးနုသည် ဘဝအကျိုးပေးကောင်းသူ တဦးဖြစ်ပါသည်။ သူသည် ၎င်း၏ ဝီရိယ စွမ်းအားအရ လည်းကောင်း၊ အလိုက်သင့် ကြုံကြိုက်မှုများအရ လည်းကောင်း၊ ခေါင်းဆောင်တဦး ဖြစ်လာရန် အကျိုးပေးသူ တဦးဖြစ်ပါသည်။

မြန်မာစကား အသုံးအနှုန်းအရဆိုလျှင် ဦးနုသည် ရာဇပလ္လင် ဖင်ကပ်၍ ပါလာသူ၊ တနည်းဆိုသော် ရှင်ဘုရင်ဖြစ်ရန် ဇာတာပါလာသူ ဖြစ်ပါသည်။

၁၉၃၀ ပြည့်နှစ်တွင် နှစ်ဦးပိုင်း ကာလများက တက္ကသိုလ်ကျောင်းသား ခေါင်းဆောင်ဖြစ်ချိန် ကတည်းကပင် ဦးနုသည် ဘယ်သောအခါမှ စည်းရုံးရေးအားဖြင့် တပင်တပန်း ကြိုးပမ်း ဆောင်ရွက်ခဲ့ရခြင်း မရှိခဲ့ပါ။

သူ့ထက် အသက်ရွယ်ငယ်ကြသည့် လုပ်ဖော်ကိုင်ဖက်များက ၎င်း၏ အသက်ကြီးရင့်မှုနှင့် ဥပဓိရုပ်တို့ကြောင့် ခေါင်းဆောင် တင်မြှောက်ခြင်း ခံခဲ့ရသည်။

သူသည် တက္ကသိုလ် ကျောင်းသား ရဲဘော်ရဲဘက်များအနက် အသက်အရွယ် အကြီးဆုံး ဖြစ်သကဲ့သို့ ပိုမို ရင့်ကျက်ဟန်ရှိကာ လူတိုင်း၏ ချစ်ခင်မှုကို ရရှိသူဖြစ်ပါသည်။ သူက ဥပဓိရုပ်ကြောင့် တပင်တပန်း စည်းရုံးလှုပ်ရှားရခြင်း မရှိဘဲ ဦးနုသည် ခေါင်းဆောင် နေရာကို ရရှိလေ့ရှိပါသည်။

ဦးနုသည် သူ၏ လုပ်ဖော်ကိုင်ဖက်များအကြား၌ မြန်မာနိုင်ငံအား ဂျပန်များ ဝင်ရောက်သိမ်းပိုက်သည့် ၁၉၄၂၊ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသည့် ၁၉၄၇ ခုနှစ် အထိ ခြောက်နှစ်မျှသော ကာလ၌သာ ဒုတိယတန်း ခေါင်းဆောင်တဦး အဖြစ် ဆောင်ရွက်ခဲ့ရသူ ဖြစ်ပါသည်။

ဦးနုသည် တက္ကသိုလ်မှထွက်ပြီး တို့ဗမာ အစည်းအရုံးသို့ ဝင်ခဲ့သည်။ တို့ဗမာအစည်းအရုံးသည် အုပ်စုနှစ်စု ကွဲခဲ့သည်။ အုပ်စုတခုကို သခင်ကိုယ်တော်မှိုင်းက ဦးဆောင်ကာ ကျန်အုပ်စုကို သခင်ဗစိန်က ဦးဆောင်ခဲ့သည်။

သခင်ကိုယ်တော်မှိုင်း အုပ်စုတွင် သခင်မြ[၁]၊ သခင်နု၊ သခင်လှဖေ (ဗိုလ်လက်ျာ)[၂] နှင့် သခင်အောင်ဆန်းတို့ ပါဝင်ကြပြီး၊ သခင်ဗစိန်၏ အုပ်စုတွင် သခင်ထွန်းအုပ်၊ သခင်ရှုမောင် (ဗိုလ်ချုပ်ကြီးနေဝင်း)၊ သခင်အောင်သန်း (ဗိုလ်စကြာ) တို့ ပါဝင်သည်။

တက္ကသိုလ် ကျောင်းသားနှင့် သခင်များက ဗြိတိသျှအစိုးရအား ဖြုတ်ချရေးအတွက် နိုင်ငံခြားမှ အကူအညီ ရရှိရေး အတွက် တက်ကြွစွာ စီစဉ်ဆောင်ရွက်နေသည့် အချိန် (၁၉၃၉ ခုနှစ်) တွင် သခင်နုသည် ထောင်ထဲ ရောက်ရှိနေသည်။

ရန်ကုန် ဗဟိုအကျဉ်းထောင်တွင် ထိမ်းသိမ်းခံနေရစဉ် အတွင်း သခင်နုသည် မစ္စတာ ဘူကွင်တန် (Mr. Boo Kwin Tan) နှင့် တွေ့ဆုံခဲ့ပါသည်။ ဘူကွင်တန်မှာ မြန်မာနိုင်ငံရှိ တော်လှန်ရေး အင်အားစုများနှင့် အဆက်သွယ်ရယူရန် ဘန်ကောက်မြို့ရှိ ထိုင်း-ဂျပန် လျှို့ဝှက်အသင်းမှ သူလျှို ဖြစ်သည်။ ဗြိတိသျှ အစိုးရက မြစ်ကြီးနားမြို့တွင် သခင်လေးမောင်နှင့်အတူ ဖမ်းဆီးကာ နောက်ပိုင်း၌ ရန်ကုန် ဗဟိုအကျဉ်းထောင်သို့ ပို့ခဲ့ခြင်း ဖြစ်သည်။

---

[၁] သခင်မြ။ ။ ပြည်သူ့ အရေးတော်ပုံ ပါတီ (နောင်ဆိုရှယ်လစ် ပါတီ) ခေါင်းဆောင်ဖြစ်ပြီး နယ်ချဲ့ လက်ပါးစေများ၏ လက်ချက်ဖြင့် ၁၉ ဇူလိုင် ၁၉၄၇ ရက်နေ့တွင် ကျဆုံးသော အာဇာနည် ခေါင်းဆောင်ကြီး ဖြစ်သည်။

[၂] သခင်လှဖေ။ ။ ရဲဘော်သုံးကျိပ်ဝင်၊ ပြည်ပြေးဘဝဖြင့် ကေအဲန်ယူ (KNU) နှင့် တိုက်ပွဲ ၂၆ နိုဝင်ဘာ ၁၉၇၈ တွင် ကျဆုံးသည်။

ထိုအချိန်ကာလများက နိုင်ငံရေး အင်အားစုများသည် ဂျပန်တို့နှင့် အသက်အသွယ်ရရှိရန် တသီးတခြားစီ ကြိုးပမ်းခဲ့ကြသည်။ ကျောင်းသားများနှင့် သခင်မြတို့ အုပ်စုမှ သခင်များက တရုတ်ပြည်ရှိ မော်စီတုန်း ဦးဆောင်သော တရုတ်တော်လှန်ရေး တပ်မတော်ထံမှ အကူညီများ ရရှိလိမ့်မည်ဟု မူလက မျှော်လင့်ခဲ့ကြသည်။

ယင်းကဲ့သို့သော အချိန်တွင် သခင်ပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ သခင်အောင်ဆန်းမှာ ဟင်္သာတခရိုင်တွင် စစ်ဆန့်ကျင်ရေး ဟောပြောမှုကြောင့် ၎င်းအား ဖမ်းဆီးမိပါက ဆုတော်ငွေ ငါးကျပ်ပေးမည်ဟု ကြေညာထားကာ ရဲအဖွဲ့က အလိုရှိနေသည်။

ယင်းကဲ့သို့ ဆုတော်ငွေပေးမည်ဟု ထုတ်ပြန်ကြေညာခြင်းခံရပြီးနောက် သခင်အောင်ဆန်းသည် ရန်ကုန်မြို့ရှိ မိတ်ဆွေများ၏ နေအိမ်များ၌ ပုန်းအောင်းနေထိုင်ကာ တရုတ် ကွန်မြူနစ်များထံမှ အကူညီ တောင်းခံရန် အမွိုင်မြို့သို့ တရုတ်သင်္ဘောတစင်းဖြင့် လျှို့ဝှက် လိုက်ပါသွားခဲ့သည်။

သခင်အောင်ဆန်းနှင့် ယခုအခါ ကွန်မြူနစ် တဦးဖြစ်နေသူ သခင်လှမြိုင်[၃]လည်း လိုက်ပါသွားခဲ့ပါသည်။ ၎င်းတို့ နှစ်ဦးသည် မော်စီတုန်း၏ ကွန်မြူနစ်အဖွဲ့နှင့် အဆက်သွယ်မရရှိဘဲ အမွိုင်မြို့၌ သောင်တင်နေခဲ့သည်။

သခင်ဗစိန်၏ အဖွဲ့သည် ဂျပန် ရေတပ်မတော်နှင့် အဆက်သွယ်ရရှိကာ နောက်ပိုင်းတွင် သခင်ရှုမောင် (ဦးနေဝင်း)၊ သခင်အောင်သန်း (ဗိုလ်စကြာ) နှင့် သခင်ထွန်းအုပ်တို့သည် ပြည်ပသို့ ထွက်ပြေး လွတ်မြောက် သွားကြသည်။ သခင်ဗစိန် ကိုယ်တိုင်မှာမူ တနင်္သာရီတိုင်း ထိုင်း-မြန်မာနယ်စပ်၌ ဖမ်းဆီးခြင်းခံခဲ့ရသည်။

စစ်မဖြစ်မီက မျိုးချစ်ပါတီ ခေါင်းဆောင်နှင့် ဝန်ကြီးချုပ်ဟောင်းဖြစ်သူ ဦးစောသည် ဂျပန်များထံမှ အကူညီရရှိရန် တသီးတခြား ကြိုးစားခဲ့ပါသည်။ အလားတူပင် ဒေါက်တာဘမော်နှင့် ဒေါက်တာသိန်းမောင်တို့ကလည်း ကြိုးပမ်းခဲ့ကြသည်။

ထိုအချိန်က ဂျပန်အစိုးရသည် အဆိုပါအုပ်စု တခုချင်းစီကို လေ့လာစောင့်ကြည့်လျှက် ရှိနေဟန်ရှိကာ ၁၉၃၉ ခုနှစ်၊ ကုန်ခါနီးတွင် ၎င်းတို့နှင့် ဆက်သွယ်ရန်အတွက် ကွဲပြားနေသော အဖွဲ့များကို တဖွဲ့တည်းအဖြစ် ပူးပေါင်းကြရန် အကြံပြုခဲ့သည်။

ထို့ကြောင့် ဒေါက်တာဘမော်အုပ်စုမှ ဦးလှမင်း၊ သခင်ဗစိန် အုပ်စုမှ သခင်ခင်မောင် (ကမာရွတ်)၊ သခင်မြ အုပ်စုမှ သခင်မြ ကိုယ်တိုင်နှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ၏ ကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌဖြစ်သူ ဦးလှမောင် (တရုတ်ပြည်သူ့ သမ္မတ နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး) တို့ ပါဝင်သည့် ကောင်စီတရပ်ကို ဖွဲ့စည်းခဲ့သည်။

ထိုအတောအတွင်း ရန်ကုန်ထောင်၌ ဦးနုနှင့် တွေ့ဆုံရာတွင် မစ္စတာ ဘူကွင်တန်က မြန်မာလူငယ်များအား စစ်သင်တန်းများ ပေးရေးအတွက် နိုင်ငံခြားသို့ စေလွှတ်နိုင်ရေးကို စီစဉ်ရန် ဦးနုအား အကြံပေးခဲ့ပြီး လိုအပ်သော ကိစ္စရပ်များကို ထိုင်းနိုင်ငံ၌ စီစဉ်ပေးမည်ဟု ကတိပြုခဲ့သည်။

၎င်းအကြံပြုချက်ကို ဦးနုက အပြင်ဘက်မှ ရဲဘော်များထံ အကြောင်းကြားခဲ့သဖြင့် ကျောင်းသား ခေါင်းဆောင် ဦးလှမောင်နှင့် သခင်လှဖေ (ဗိုလ်လက်ျာ) တို့ နှစ်ဦးသည် တနင်္သာရီ နယ်စပ်မှတဆင့် ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ကြသည်။

ယင်းတို့ထံ၌ ထိုင်းနိုင်ငံရှိ မည်သည့် အာဏာပိုင်ကိုမဆို ပေးနိုင်သည့် ဘူကွင်တန်၏ စာတစောင် ပါရှိသွားပါသည်။ သခင်လှဖေနှင့် ဦးလှမောင်တို့ နှစ်ဦးသည် ဘန်ကောက်မြို့နီးရှိ ဘန်ပူမြို့အထိ ရောက်ရှိသွားခဲ့သည်။ သို့ရာတွင် ထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေနေ ပြောင်းလဲနေပြီး ဘူကွင်တန်၏ အဆက်သွယ် ပုဂ္ဂိုလ်များမှာ အာဏာမရှိတော့သဖြင့် မြန်မာနိုင်ငံနယ်စပ်သို့ ပြန်ပို့ခြင်း ခံခဲ့ရသည်။

---

[၃] သခင်လှမြိုင်။ ။ ဗိုလ်ရန်အောင် (ရဲဘော်သုံးကျိပ်) ဖြစ်ပြီး၊ တောခို ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်ဘဝဖြင့် ၂၆ ဒီဇင်ဘာ ၁၉၆၇ ရက်နေ့၌ ဖြုတ်ထုတ်သတ် လမ်းစဉ်ဖြင့် အသတ်ခံခဲ့ရသည်။

ယင်းကာလ၌ သခင်မြနှင့် ကျောင်းသားအုပ်စုသည် ရန်ကုန်မြို့ရှိ ဂျပန်ကောင်စစ်ဝန်ရုံးနှင့် အဆက်သွယ် ရရှိခဲ့ပါသည်။ ထို့ပြင် ဂျပန်အစိုးရနှင့် ဆက်သွယ်ရန် အထက်တွင်ဖော်ပြခဲ့သော ကောင်စီ၌ အဖွဲ့အားလုံးမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းခဲ့သည်။

ရန်ကုန်မြို့ရှိ ဂျပန် ကောင်စစ်ဝန်ရုံးနှင့် အဆက်သွယ်ရပြီးနောက် အမွိုင်မြို့ရှိ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ကို တရုတ်သူလျှိုများဟု ဆိုက ဂျပန်စစ်ရဲ (ကင်ပေတိုင်) က ဖမ်းဆီးခဲ့ပါသည်။

အမှန်စင်စစ်အားဖြင့် ယင်းသို့ အဖမ်းပြလိုက်ခြင်းမှာ သခင်အောင်ဆန်းတို့နှင့် ဂျပန်အစိုးရ တိုကျိုမြို့တွင် အသေးစိတ်ဆွေးနွေးနိုင်ရန် ဖြစ်သည်။ ထို့နောက် သခင်အောင်ဆန်းသည် ဂျပန် ကုန်သင်္ဘော တစီးဖြင့် ပုသိမ်မြို့သို့ ပြန်လာကာ ဗမာ့ တပ်မတော် ဖွဲ့စည်းနိုင်ရေးအတွက် အမာခံအဖြစ် မြန်မာလူငယ်များကို ဂျပန်နိုင်ငံ၌ စစ်သင်တန်း တက်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ရဲဘော်သုံးကျိပ်ကို ဂျပန်နိုင်ငံသို့ စေလွှတ်ရေးအတွက် အန္တရာယ်များလှသော လုပ်ငန်းကို တကယ်လက်တွေ့ အသေးစိတ် ဆောင်ရွက်ခဲ့ကြသူများမှာ ဦးနု၏ ရောင်းရင်းများသာ ဖြစ်ပါသည်။

ဦးနုမှာကား ထိုစဉ်က ထောင်တွင်းမှာပင် ရှိနေခဲ့သည်။

**တော်လှန်ရေး**

၁၉၄၂ ခုနှစ်တွင် ဂျပန်စစ်တပ်နှင့် ရဲဘော်သုံးကျိပ် ဦးဆောင်သည့် ဗမာ့လွတ်လပ်ရေး တပ်မတော်တို့က မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်သည့် အချိန်ရောက်မှ ဦးနုသည် မန္တလေးထောင်မှ လွတ်မြောက်ခဲ့သည်။

ထိုအချိန်က ဦးနုသည် နိုင်ငံရေးကို စိတ်မဝင်စားတော့ဘဲ အပြင်လောက၌နေထိုင်ကာ စာရေးသားရန်သာ အားသန်သူဖြစ်သည်။

သို့ရာတွင် ၎င်းအား စစ်မဖြစ်မီက တရုတ်နိုင်ငံသို့ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရာ၌ ပါဝင်ခဲ့မှုကြောင့် လည်းကောင်း၊ တရုတ်နိုင်ငံအကြောင်း ၎င်းရေးသားခဲ့သည့် စာအုပ်နှင့် ပတ်သက်၍ လည်းကောင်း ဂျပန်စစ်ပုလိပ် ကင်ပေတိုင်က ဖမ်းဆီးရန် လိုက်လံ ရှာဖွေလျက်ရှိသည်။

ဦးနု၏ လုပ်ဖော်ကိုင်ဖက်များက ၎င်းလုံခြုံမှု ရရှိရေးအတွက် နိုင်ငံရေး ပြန်လည်ဆောင်ရွက်ရန် တောင်းပန်ခဲ့ကြပြီး တို့ဗမာ ဆင်းရဲသား အစည်းအရုံး (သခင်ပါတီနှင့် ဒေါက်တာဘမော်၏ ဆင်းရဲသားအဖွဲ့တို့ ပူးပေါင်းထားသော ပါတီ) ၌ ဝင်ရောက် ဆောင်ရွက်စေခဲ့သည်။

ထို့နောက် ဦးနုသည် နိုင်ငံခြားရေးဝန်ကြီး၊ နောက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးအဖြစ် တာဝန်ယူရသဖြင့် ကင်ပေတိုင်၏ အန္တရာယ်မှ ကင်းလွတ်ခဲ့သည်။

စစ်အတွင်း ဂျပန် စစ်တပ်ကို တော်လှန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ရာ၌ လျှို့ဝှက်သော ဆွေးနွေးပွဲများကို ကုက္ကိုင်းလမ်း အမှတ် (၁) ရှိ ဦးနု၏ နေအိမ်၌ ပြုလုပ်ခဲ့သည်။

ယင်းလျှို့ဝှက် အစီအစဉ်၌ ဦးနု ပါဝင်ခဲ့သော်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း မရှိခဲ့ပါ။ ဦးနုက ၎င်းသည် သွေးထွက်သံယိုဖြစ်မှုကို စက်ဆုပ်ရွံမုန်းကြောင်း လုပ်ဖော်ကိုင်ဖက်များအား ပွင့်လင်းစွာ ပြောကြားကာ သတ်ဖြတ်ရသည့် လုပ်ငန်းမှလွဲ၍ အခြားတာဝန်များကို ဆောင်ရွက်မည်ဟု ဆန္ဒပြုခဲ့သဖြင့် ၎င်း၏ဆန္ဒကို ရဲဘော်များက လိုက်လျောခဲ့သည်။

အမှန်စင်စစ်အားဖြင့် မြန်မာများသည် ဂျပန်တို့အား တော်လှန်ရန် ၁၉၄၂ ခုနှစ် ကတည်းကပင် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဂျပန်များ ကတိမတည်သောကြောင့်ပင် ဖြစ်ပါသည်။

မူလက ရဲဘော်သုံးကျိပ်နှင့် ဂျပန်အစိုးရတို့ သဘောတူညီထားချက်အရ ဂျပန်တပ်များ မော်လမြိုင်ကို သိမ်းယူပြီးပါက မြန်မာနိုင်ငံအား လွတ်လပ်သော နိုင်ငံအဖြစ် ကြေညာကာ မြန်မာခေါင်းဆောင်များ ပါဝင်သော ယာယီအစိုးရ ဖွဲ့စည်းပေးပြီး ပြည်တွင်းရေးရာ ကိစ္စအဝဝကို ကိုင်တွယ်ဆောင်ရွက်ခွင့်ပြုရန်နှင့် ဂျပန်တပ်များက မြန်မာများအား အကူညီပေးရမည်ဖြစ်သည်။

သို့ရာတွင် ဂျပန်တပ်များ မော်လမြိုင်ကို သိမ်းယူပြီးသော်လည်း မြန်မာနိုင်ငံအား လွတ်လပ်သော နိုင်ငံအဖြစ် ကြေညာခြင်းနှင့် ယာယီအစိုးရ ဖွဲ့စည်းပေးခြင်း မရှိဘဲ ကတိကို ချိုးဖောက်ခဲ့သည်။

မြန်မာခေါင်းဆောင်များက ဂျပန် မဟာမိတ်များ၏ ရိုးသားဖြူစင်ခြင်း၌ သံသယဝင်လာပြီး ယုံကြည်မှု မရှိတော့ပါ။ ထို့ကြောင့်လည်း ၎င်းတို့အား ပြန်ချရန် အချိန်ကို စောင့်ဆိုင်းနေကြသည်။

၁၉၄၄ ခုနှစ်နှောင်းပိုင်းတွင် ဖဆပလက ဖက်ဆစ်တော်လှန်ရေး အတွက် စည်းရုံး လှုပ်ရှားခဲ့ကြပါသည်။ တော်လှန်ရေး အလံအဖြစ် အောက်ခံ အနီရောင်ပေါ်တွင် လယ်ယာအပေါ်ဘက် ထောင့်စွန်း၌ ကြယ်ဖြူတလုံး ပါရှိသော အလံကို ရွေးချယ်ခဲ့ကြသည်။

ဂျပန် စစ်တပ်သည် ထိုစဉ်က ဗမာ့ ကာကွယ်ရေး တပ်မတော် (ဘီဒီအေ) ကို တဖြည်းဖြည်း မယုံသင်္ကာ ဖြစ်လာသည်။ ၁၉၄၅ ခုနှစ်ဦးပိုင်း၌ ဘီဒီအေ တပ်အင်အား အများစုကို ရန်ကုန်နှင့် မင်္ဂလာဒုံ၌ စုပြုံ တပ်ချထားစေပြီး ဂျပန်တပ်များက ဝိုင်းရံထားပါသည်။

တော်လှန်ရေးအတွက် သတ်မှတ်ထားသောရက် နီးကပ်လာသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုစဉ်က မြစ်ဝကျွန်းပေါ်ဒေသ၌ လေထီးဖြင့် ဆင်းလာကြသော ရန်သူတပ်သားများကို တိုက်ခိုက်ခွင့်ပြုရန် ဂျပန် စစ်ဦးစီးချုပ်အား အမိန့်တောင်းခံခဲ့သည်။

စစ်ဦးစီးချုပ်က ဗိုလ်ချုပ်အောင်ဆန်းကို ယုံကြည်ကာ ခွင့်ပြုခဲ့သည်။ မတ်လ ၁၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်မြို့ရှိ မြန်မာတပ်များအား စုစည်းကာ ရန်သူကို တိုက်ခိုက်ရန် စစ်ချီတက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လိမ္မာပါးနပ်သူ တဦးဖြစ်ပါသည်။ "ရန်သူ" များ ကို မတ်လ ၂၇ ရက်နေ့တွင် စတင် တိုက်ခိုက်ခြင်း မပြုမီ ၎င်း၏ ရဲဘော်အချို့ကို ရန်ကုန်မြို့၌ ဂျပန်များနှင့်အတူ ချန်ထားခဲ့သည်။

ယင်းရဲဘော်များသည် ဂျပန်များ ဆုတ်ခွာရာ၌ သစ္စာစောင့်သိသော အင်အားစုများအဖြစ် ပါဝင်လေဟန် သရုပ်ဆောင်ပေးခဲ့ပါသည်။ ရည်ရွယ်ချက် အမှန်မှာ ဂျပန်များ၏ လက်တွင်း ကံဆိုး၍ ကျရောက်မည့် မြန်မာတပ်သားများကို ကူညီရန်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်များ၏ လက်အတွင်း ကျရောက်မည့် မြန်မာ့ တပ်မတော်သားများကို ကယ်တင်နိုင်ရန် မြေပေါ် အစိုးရ အဖွဲ့အတွင်း၌ ဦးနုနှင့် သခင်မြတို့ကို နောက်ချန်ထားရန် ဆုံးဖြတ်ခဲ့ပြီး ဦးနုသည် ဂျပန်များနှင့်အတူ ဆုတ်ခွာသွားသော ဒေါက်တာဘမော်နှင့်အတူ လိုက်ပါသွားခဲ့သည်။

ဦးကျော်ငြိမ်း (ဆိုရှယ်လစ်)[၆]၊ ဗိုလ်ရဲထွဋ် (ကွန်မြူနစ်) နှင့် သခင်တင်ထွန်း (ကွန်မြူနစ်)[၇] တို့သည် ပျဉ်းမနားနယ်မြေပေါ်တော်လှန်ရေးတွင် တာဝန်ကျသည်။ ကွန်မြူနစ် ခေါင်းဆောင် နှစ်ဦးတို့သည် တကိုယ်တော် ဆိုရှယ်လစ် ခေါင်းဆောင် ဦးကျော်ငြိမ်းအား လုည့်ပတ်ဖြားယောင်းအနိုင်ယူခဲ့သဖြင့် ပျဉ်းမနားနယ်သည် နောင်အခါ၌ ဗကပ အမာခံနယ်မြေ ဖြစ်လာခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသ၌ တော်လှန်ရေးအတွက် စည်းရုံးဆောင်ရွက်ရန် ဗိုလ်မှူးကြီး နေဝင်းနှင့် ဦးလှမောင်တို့ကို သခင်စိုး (ကွန်မြူနစ်) နှင့်အတူ တာဝန်ပေးခဲ့သည်။ ထို့ကြောင့် မြစ်ဝကျွန်းပေါ်ဒေသ နေရာအများအပြား၌ သခင်စိုး၏ ဩဇာသည် ယခုထက်တိုင် ခိုင်မြဲနေဆဲပင် ဖြစ်သည်။

---

[၆] ဦးကျော်ငြိမ်း။ ။ တည်မြဲခေါင်းဆောင် (ကွယ်လွန်)။

[၇] သခင်တင်ထွန်း။ ။ ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) ၏ အစ်ကို၊ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ရှမ်းပြည်နယ် ဗဟိုကော်မတီခွဲ ခေါင်းဆောင် ဘဝတွင် တပ်မတော်၏ တိုက်ခိုက်မှုကြောင့် ၈ စက်တင်ဘာ ၁၉၇၀ နေ့တွင် ကျဆုံးသည်။

ဦးဗဆွေ[၆]ကို ရန်ကုန်၌ စည်းရုံးလှုပ်ရှားရန် တာဝန်ပေးအပ်ခဲ့ရာ မကြာမီမှာပင် ဂျပန်များက ဖမ်းဆီးခဲ့သဖြင့် ဦးနုက ကယ်တင်ခဲ့ရသည်။

## ရာဇဝင်တွင် ဖင်ကပ်ပါလာသူ ဦးနု

မြန်မာနိုင်ငံအား အင်္ဂလိပ်တို့ ပြန်လည်သိမ်းယူပြီးနောက် ဖဆပလအဖွဲ့ကြီးကို တခုတည်းသော အမျိုးသားညီညွတ်ရေး တပ်ဦးအဖြစ် တည်ထောင်ခဲ့သည်။

နိုင်ငံရေးလောကကို စွန့်ခွာကာ စာရေးသားရန် ဆန္ဒပြင်းပြနေသည့် ဦးနုသည် ၎င်း၏ဇာတိ ဝါးခယ်မသို့ သွားကာ "ငါးနှစ်ရာသီ မြန်မာပြည်" ဟူသော စာအုပ် တအုပ် ရေးသားခဲ့သည်။

ထိုအခါ ၎င်း၏ ရောင်းရင်း ရဲဘော်များက ဖဆပလ အဖွဲ့အတွင်းရှိ အဖွဲ့အစည်း သုံးခုကို ထိန်းပေးမည့် ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ရန် ဆွဲဆောင်သဖြင့် ဦးနုသည် ဖဆပလအဖွဲ့၏ ဒု-ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ (ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းမှာ ဥက္ကဋ္ဌ ဖြစ်သည်။)

စစ်ပြီးခေတ်တွင် ဖဆပလ အဖွဲ့ကြီး၌ အဓိကပြိုင်ဘက် အုပ်စု သုံးခု ပါဝင်သည်။ ယင်းတို့မှာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ပီဗီအို (ခေါ်) ပြည်သူ့ရဲဘော် အဖွဲ့၊ သခင်မြ ဦးဆောင်သော ဆိုရှယ်လစ် အဖွဲ့နှင့် သခင်သန်းထွန်း ဦးဆောင်သည့် ကွန်မြူနစ်အဖွဲ့တို့ ဖြစ်ကြသည်။

၁၉၄၇ ခုနှစ်၊ ဧပြီလ၌ တိုင်းပြုပြည်ပြု လွှတ်တော်အတွက် ရွေးကောက်ပွဲများ ကျင်းပသောအခါ ဦးနုသည် ပါဝင်ခြင်း မပြုခဲ့ပါ။ သူသည် စာရေးသားခြင်းကိုသာ ပြန်လည်လုပ်ကိုင်ရန် စိတ်အား ထက်သန်နေသည်။

သို့ရာတွင် ရွေးကောက်ပွဲ ကျင်းပပြီး နောက်များ မကြာမီ မြိတ်မဲဆန္ဒနယ်မှ လွှတ်တော်အမတ် ဦးမောင်မောင်ခင်သည် ရန်ကုန်မှ မြိတ်သို့အပြန် ၎င်း စီးနင်းလာသော အဒမ်ဆင် သင်္ဘော မုန်တိုင်းမိ၍ နစ်မြုပ်ရာ၌ ကွယ်လွန်သွားခဲ့သည်။

၎င်း လစ်လပ်သွားသော မဲဆန္ဒနယ်၌ အမတ်အဖြစ် အရွေးခံရန် ဦးနုအား ဗိုလ်ချုပ်အောင်ဆန်းက အတင်းအကြပ် တိုက်တွန်းကာ ကြားဖြတ်ရွေးကောက်ပွဲ၌ ပါဝင် ယှဉ်ပြိုင်စေခဲ့သည်။ ဦးနုသည် ပြိုင်ဘက်မရှိ အရွေးခံရကာ လွှတ်တော် ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

ဇူလိုင်လ ၁၉ ရက်နေ့တွင် အကြမ်းဖက် ဝါဒသမားများက အတွင်းဝန်ရုံးသို့ ဝင်ရောက်ကာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြနှင့် အခြားသော ပုဂ္ဂိုလ်များကို လုပ်ကြံသတ်ဖြတ်သောအခါ အသတ်ခံရမည့် စာရင်းတွင် ပါဝင်သော ဦးနုမှာ အန္တရာယ်မှ လွတ်မြောက်သွားခြင်းကြောင့် ဖဆပလအဖွဲ့ ဥက္ကဋ္ဌ ဖြစ်လာပြီး မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိသည့်အခါ ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

ဦးနုသည် မူလက မျှော်မှန်းမထားသော်လည်း ဝန်ကြီးချုပ် ရာထူးတွင် နှစ်ပေါင်းရှည်ကြာစွာ ထမ်းဆောင်ပြီး နောက်တွင် မူကား ဖဆပလ ဥက္ကဋ္ဌ၏ အဆောင်အယောင် ပကာသနနှင့် ဩဇာအာဏာကို မက်မောလာခဲ့သည်။ သူ၏ ရည်မှန်းချက်မှာ ပြဇာတ်ရေးဆရာ တယောက် ဖြစ်လာရန်ဖြစ်ပြီး ၎င်းနယ်ပယ်၌လည်း သူသည် အောင်မြင်သူတဦး ဖြစ်သည်။
အတိတ်ကာလ ဖြစ်ရပ်များက ဦးနုသည် ကံကောင်းသူ တဦးဖြစ်ကြောင်း၊ အင်အား အတောင့်တင်းဆုံးသော နိုင်ငံရေး ပါတီ၏ ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ် ရာထူးကို ၁၁ နှစ်တိုင်တိုင် ထမ်းရွက်ခွင့်ရရန် အကြောင်းများ ဖန်တီးလာပုံက သက်သေခံနေသည်။ ဦးနုသည် ထိပ်ဆုံးနေရာသို့ ရောက်ခဲ့ပေပြီ။

၁၉၅၈ ခုနှစ်၊ ဧပြီလတွင် ဖဆပလအကွဲအပြဲ ဖြစ်ပေါ်ပြီးသည့်နောက်ပိုင်း အမျိုးသားခေါင်းဆောင်အဖြစ်မှ အုပ်စုခေါင်းဆောင်အဆင့်သို့ လျော့ကျခဲ့ရာမှ နောင်အခါ မည်သို့အကျိုးပေးလာမည်ကိုကား အချိန်ကသာလျှင် အဆုံးအဖြတ်ပေးတော့မည် ဖြစ်ပါသည်။

---

[၆] ဦးဗဆွေ။ ။ တည်မြဲခေါင်းဆောင် (ကွယ်လွန်)။

## ဖဆပလအတွင်း အစောပိုင်းကာလက အကွဲအပြဲများ

စစ်ကြီးပြီးဆုံးသွားပြီးနောက် ဖဆပလအဖွဲ့သည် မြန်မာနိုင်ငံရေး သမိုင်းတွင် အင်အားတောင့်တင်းဆုံးသော အမျိုးသား တပ်ဦးအဖြစ် ပေါ်ထွက်ခဲ့သည်။

ဂျပန်တို့အား နိုင်ငံပေါ်မှ မောင်းထုတ်သည့် ကိစ္စ အောင်မြင်သောအခါ ဖဆပလ၏ မူလ ဦးတည်ရည်မှန်းချက်၏ ထက်ဝက်ခန့် ပြီးစီးခဲ့သည်။ အဖွဲ့၏ အဓိက ရည်မှန်းချက်ဖြစ်သော လွတ်လပ်ရေး ရရှိမှုအတွက် ဆက်လက်တိုက်ပွဲ ဆင်နွှဲသွားရန် ကျန်ရှိနေပါသည်။

စစ်ပြီးအစိုးရ၊ တနည်းအားဖြင့် ဘုရင်ခံကောင်စီကို ဆန့်ကျင်ရာတွင် ဖဆပလ အဖွဲ့ကြီးထက် သက်တမ်းရင့်ကျက် နေသော ပါတီငယ်များ ရှိကြသော်လည်း ဖဆပလ အဖွဲ့သည်သာ အဓိက အတိုက်အခံ ပါတီဖြစ်သည်။

၁၉၄၆ ခုနှစ်တွင် ဖဆပလအဖွဲ့မှ ဦးဆောင်ဦးရွက်ပြုသော အထွေထွေ သပိတ်မှောက်ပွဲများ အပါအဝင် လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် ရှိရင်းစွဲ ကိုလိုနီ အခြေနေကို ဆက်လက် ထိမ်းသိမ်းထားလိုသည့် ဘုရင်ခံချုပ် ဆာဒေါ်မန် စမစ်၏ နေရာ၌ ဆက်ခံသူ ဗိုလ်ချုပ်ကြီး ဆာဟူးဘတ်ရန့်စ်သည် ဘုရင်ခံကောင်စီတွင် ပူးပေါင်းပါဝင်ရန် ဖဆပလ အဖွဲ့ကြီးအား ဖိတ်မန္တကပြုခဲ့သည်။

နိုင်ငံရေး ပါတီများအကြား အကွဲအပြဲ ဖြစ်လေ့ရှိသည့် အကြောင်းရင်းတရပ်မှာ အာဏာခွဲဝေမှုပင် ဖြစ်ပါသည်။ ၁၉၄၆ ခုနှစ်ကပင် ဖဆပလ အဖွဲ့ကြီး အတွင်း၌လည်း ၎င်းရောဂါ စွဲကပ်ခြင်း ခံခဲ့ရသည်။

ဖဆပလ အဖွဲ့၌ ပါဝင်သော အဓိကအုပ်စု သုံးခုအနက် တခုဖြစ်သော ကွန်မြူနစ်ပါတီသည် ဘုရင်ခံ၏ ကောင်စီ (ဝန်ကြီးအဖွဲ့) နှစ်နေရာ ရရှိရန် ဆန္ဒရှိသော်လည်း ဦးသိန်းဖေမြင့် တဦးတည်းသာ ဝန်ကြီးရာထူး ရရှိခဲ့သည်။

အဖွဲ့အတွင်း၌ အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ပုဂ္ဂိုလ်များကတဖက်၊ အထွေထွေအတွင်းရေးမှူး သခင် သန်းထွန်းက တဖက် အငြင်းအခုံ ဖြစ်ခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ ကွန်မြူနစ်အုပ်စု၏ ကိုယ်စားလှယ်အဖြစ် ဦးသိန်းဖေမြင့် တဦးတည်းသာ ဝန်ကြီးအဖွဲ့၌ ပါဝင်ခွင့်ရ သဖြင့် သခင်သန်းထွန်း အကြီးအကျယ် စိတ်ပျက်ခဲ့သည်။ ကွန်မြူနစ်ပါတီနှင့် ဖဆပလ အဖွဲ့အတွင်းရှိ ကျန်အုပ်စု များကြား သဘောထားကွဲလွဲမှုမှာ ပိုမိုကြီးမား နက်ရှိုင်းလာခဲ့သည်။ ကွန်မြူနစ် သခင်သန်းထွန်းသည် ဖဆပလ အထွေထွေအတွင်းရေးမှူး နေရာကို အသုံးချကာ ဖဆပလအတွင်း သော့ချက် နေရာများ၌ ကွန်မြူနစ်များကို နေရာပေးခဲ့သည်။

ယင်းကဲ့သို့ နေရာယူ လုပ်ကြံဖန်တီးသည်ဟူသော စွဲချက်ဖြင့် ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလတွင် ဖဆပလအဖွဲ့မှ ကွန်မြူနစ်အား ထုတ်ပယ်ခဲ့သည်။

၁၉၄၈ ခုနှစ်၊ မတ်လတွင် ဗမာပြည် ကွန်မြူနစ် ပါတီသည် တောခိုသွားသည်။ ဤဖြစ်ရပ်သည် ဖဆပလအဖွဲ့ကြီး အတွင်း၌ ပထမဦးဆုံး ပေါ်ပေါက်ခဲ့သော ကြီးမားသည့် အကွဲအပြဲပင် ဖြစ်သည်။ သို့ဖြစ်၍ အဖွဲ့ကြီး၌ ပြည်သူ့ရဲဘော် နှင့် ဆိုရှယ်လစ်တို့သာ ကျန်ရှိနေတော့သည်။

## ဒုတိယအကွဲအပြဲ

၁၉၄၈ ခုနှစ်၊ ဇူလိုင်လတွင် ဖဆပလ အဖွဲ့ကြီး အတွင်းရှိ အဓိက အင်အားစုဖြစ်သော ပြည်သူ့ရဲဘော် အဖွဲ့အတွင်း သဘောထားကွဲလွဲကြကာ ရဲဘော်ဖြူနှင့် ရဲဘော်ဝါဟူ၍ အုပ်စုနှစ်ခု ကွဲခဲ့ပြန်သည်။

ယင်းသို့ အကွဲအပြဲ ဖြစ်ပေါ်ရခြင်းမှာ သခင်နု၏ လက်ဝဲညီညွတ်ရေး အစီအစဉ်နှင့် ပတ်သက်၍ သဘောထား ကွဲလွဲကြ သောကြောင့် ဖြစ်ပေသည်။

၎င်းအကွဲအပြဲမှာ ပြည်သူ့ရဲဘော် အဖွဲ့အတွင်း ကွန်မြူနစ် လိုလားသူများနှင့် ဆန့်ကျင်သူများကြောင့် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

သခင်သန်းထွန်း တောခိုမိက ပြည်သူ့ရဲဘော် အတွင်းရှိ ကွန်မြူနစ် လိုလားသူများ အုပ်စုသည် ဖဆပလအဖွဲ့နှင့် ကွန်မြူနစ်များအကြား ဖျန်ဖြေသူများ အဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ယင်းဖျန်ဖြေရန် ကြိုးပမ်းမှု မအောင်မြင်ခြင်းကြောင့် ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကွန်မြူနစ်များ တောခိုသွားခဲ့သည်။ ထို့နောက် ပြည်သူ့ရဲဘော် အဖွဲ့က လက်ဝဲအင်အားစုများ အားလုံး စည်းလုံး ညီညွတ်ရေးအတွက် လက်ဝဲညီညွတ်ရေး အစီအစဉ်တရပ်ကို အကြံပြု တင်ပြခဲ့သည်။

သခင်နုသည် ၁၉၄၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ဖဆပလ ဥက္ကဋ္ဌအနေနှင့် အချက် ၁၄ ချက် ပါဝင်သော လက်ဝဲညီညွတ်ရေး အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းအစီအစဉ်တွင် လက်ဝါးကြီးအုပ် အရင်းရှင်များ၏ လက်ဝယ်သို့ ရောက်ရှိနေသော စက်မှုလုပ်ငန်းများအား ပြည်သူပိုင်အဖြစ် သိမ်းယူရေး၊ လယ်လုပ်သူများအား လယ်ယာမြေ ပေးရေး၊ ပြည်ပ ကုန်သွယ်မှုကို နိုင်ငံတော်က ထိန်းချုပ်ရေး၊ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် မဟာဗျူဟာကျသော လွတ်လပ်မှုများကို မထိပါးနိုင်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကန့်သတ်ရေး၊ စက်မှုစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ ပါဝင်သည်။

ပြည်သူ့ရဲဘော် အဖွဲ့အတွင်း ကွန်မြူနစ် လိုလားသော အုပ်စုက ဦးနု အစီအစဉ်ကို သဘောမတူကြဘဲ လက်နက်ကိုင်ပုန်ကန်နေသော အလံဖြူ အလံနီ ကွန်မြူနစ်များနှင့် ပူးပေါင်း ဆောင်ရွက်ရေးသည်သာ လက်ဝဲညီညွတ်ရေး အတွက် အခြေခံ ဆောင်ရွက်ရမည့် လုပ်ငန်းအဖြစ် အတင်းအကျပ် ပြောဆိုခဲ့ကြသည်။

ဆိုရှယ်လစ်ပါတီ ဆန့်ကျင်ပြီး ကွန်မြူနစ် လိုလားသူ ဗိုလ်လရောင် ဦးဆောင်သော အဖွဲ့သည် မြေအောက် ကွန်မြူနစ်များနှင့် ပူးပေါင်းရန် ၁၉၄၈ ခုနှစ်၊ ဇူလိုင်လတွင် တောခိုသွားခဲ့သည်။

ဆိုရှယ်လစ် လိုလားသော ဗိုလ်မှူးအောင် ဦးဆောင်သည့် ရဲဘော်ဝါများသည် ဖဆပလ အဖွဲ့အတွင်း၌ ကျန်ရှိနေခဲ့သည်။

နောင်အခါ၌ ယင်းရဲဘော်ဝါများသည် အဖွဲ့၌ တတိယ အင်အားစုဖြစ်သော ဆိုရှယ်လစ်များနှင့် ပူးပေါင်းသွားသည်။ ဗိုလ်ဖိုးကွန်းသည် တောတွင်းရောက် ရဲဘော်ဖြူများနှင့် များမကြာမီမှာပင် သွားရောက်ပူးပေါင်းခဲ့သည်။ ထို့နောက် နိုင်ငံအတွင်း၌ သူပုန်များ၏ လှုပ်ရှားမှု ပိုမို ပြင်းထန်လာခဲ့ကာ ၁၉၅၀ ပြည့်နှစ်၊ မကုန်မီအထိ အခြေအနေ ပိုမိုဆိုးရွားလာခဲ့သည်။

**တတိယအကွဲအပြဲ**

ဖဆပလ အဖွဲ့ကြီးအတွင်း နောက်တကွဲ ထပ်မံဖြစ်ပေါ်လာပါသည်။ ဤတကြိမ်တွင် ဆိုရှယ်လစ်ပါတီ အင်အားစုအတွင်းမှ ဖြစ်သည်။ ဗကပနှင့် ရဲဘော်ဖြူတို့အား ထုတ်ပယ်ပြီးနောက် ဆိုရှယ်လစ် ပါတီသည် ဖဆပလအား လွှမ်းမိုးနေသည့် တခုတည်းသော အင်အားစုသာဖြစ်သည်။ ဆိုရှယ်လစ် ပါတီသည် ဆိုရှယ်နီနှင့် ဆိုရှယ်ဖြူဟူ၍ နှစ်စု ထပ်မံကွဲခဲ့ပြန်သည်။

ဆိုရှယ်နီတို့သည် ကွန်မြူနစ် လိုလားသူများသာ ဖြစ်သည်။ ဆိုရှယ်လစ်ပါတီတွင်း၌ အကွဲအပြဲ ပေါ်ထွက်လာရခြင်းမှာ ကိုးရီးယားစစ်ပွဲနှင့် ပတ်သက်၍ ဖဆပလ အစိုးရ၏ မူဝါဒကို ပါလီမန်လွှတ်တော်၌ ဆိုရှယ်လစ် ခေါင်းဆောင်များ ဖြစ်ကြသော သခင်လှကြွေ၊ သခင်လွင်နှင့် သခင်ချစ်မောင်တို့က ပြောင်ပြောင်တင်းတင်း ဝေဖန်ပြစ်တင်ရာမှ စတင်ခဲ့သည်။

အစိုးရသည် ကိုးရီးယားစစ်ပွဲနှင့် ပတ်သက်၍ ကုသမဂ္ဂ၏ ဆောင်ရွက်မှုများကို ထောက်ခံခဲ့ပြီး အထက်ပါ ခေါင်းဆောင်များက အစိုးရ၏ ဆောင်ရွက်ချက်ကို မကျေနပ်ဘဲ ပါလီမန်၌ ပြစ်တင် ဝေဖန်ခဲ့ခြင်း ဖြစ်သည်။

ယင်းတို့အား မိမိ၏ ပါတီဖြစ်သော အစိုးရ၏ မူဝါဒကို ဝေဖန်ရှုတ်ချခဲ့သည့်အတွက် ဖဆပလအဖွဲ့မှ ထုတ်ပယ်ခဲ့သည်။ ၎င်းတို့က ဗမာပြည် အလုပ်သမားနှင့် လယ်သမား ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယင်းပါတီသည် ဖဆပလအား မြေပေါ်မှ ဆန့်ကျင်လျက်ရှိသည့် အင်အား အတောင့်တင်းဆုံးသော ပါတီ ဖြစ်လာခဲ့သည်။

ဆိုရှယ်လစ်ပါတီတွင် ကွဲပြဲပြီး ဆိုရှယ်နီတို့ကို ထုတ်ပယ်ပြီးချိန်မှ စ၍ ဖဆပလ အဖွဲ့ကြီးအတွင်း၌ သခင်တင်၊ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့ ဦးဆောင်သော ဆိုရှယ်လစ် လက်ကျန်အုပ်စုသည် အင်အားအကြီးမားဆုံး အုပ်စုဖြစ်ခဲ့သည်။

သို့ရာတွင် နောက်လာမည့် ၇ နှစ်တာ ကာလအတွင်း ယင်းဆိုရှယ်လစ်များ အတွင်း အားပြိုင်မှု၊ သံသယဖြစ်မှုနှင့် မယုံသင်္ကာဖြစ်မှုများ ပေါ်ပေါက်လာခဲ့ပြီး ဦးနုကဲ့သို့သော တသီးပုဂ္ဂလများနှင့် ဆိုရှယ်လစ်များ အကြား၌လည်း အလားတူ ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။

## အားပြိုင်မှုနှင့် လုပ်ကြံမှုများ

၁၉၅၂ ခုနှစ်က ဖဆပလ အဖွဲ့၏ ဖွဲ့စည်းမှု အနေအထားမှာ ၁၉၄၅ ခုနှစ်ကာလက အခြေနေနှင့် လုံးဝခြားနား နေပြီ ဖြစ်သည်။ အစပိုင်းတွင် အဖွဲ့ကြီး၏ ရန်ကုန် ဌာနချုပ်နှင့် အောက်ခြေ အဖွဲ့စည်းများ ဖြစ်ကြသော မြို့နယ်နှင့် ကျေးရွာအဆင့်ထိ အဖွဲ့ပေါင်းစုံက အပြည့်အဝ ကိုယ်စားပြုခဲ့သော်လည်း အချိန်ကြာမြင့်လာသည့်နှင့်အမျှ တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည်။

၁၉၅၂ ခုနှစ်တွင် ဖဆပလ ဌာနချုပ်ကို ဦးနု ခေါင်းဆောင်သော တသီးပုဂ္ဂလများနှင့် ဆိုရှယ်လစ်များက စိုးမိုးထားပြီး ခရိုင်၊ မြို့နယ်များရှိ အလုပ်သမားအဖွဲ့နှင့် တောင်သူလယ်သမားများ အစည်းအရုံးများသည် ဆိုရှယ်လစ်အုပ်စု သခင်တင်၊ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့၏ သြဇာခံများ ဖြစ်နေကြသည်။

ဤခေါင်းဆောင်များအကြား အားပြိုင်မှုသည် ရှုပ်ထွေးလှသည်။ ဆိုရှယ်လစ်များသည် ကျောထောက်နောက်ခံ အဖွဲ့မရှိသော တသီးပုဂ္ဂလ ဦးနုအား ယင်းတို့၏ ခေါင်းဆောင်အဖြစ် ထားရှိရသည့်အတွက် မကြာခဏ မနာလိုဝန်တိုကြသော်လည်း မိမိတို့ ဆိုရှယ်လစ် အချင်းချင်းနှင့်စာလျှင် တော်သေးသည်ဟူသော သဘောဖြင့် ဦးနုကိုပင် ဖက်တွယ်နေကြသည်။

ဒေး(လ်)ကာနယ်ဂျီ ရေးသားသည့် လူပေါ်လူဇော်လုပ်နည်း စာအုပ်ကို ကြေညက်အောင် နားလည်ထားသူ ဦးနုနှင့် ဆိုရှယ်လစ် ခေါင်းဆောင်များအကြား ဆက်ဆံပုံများသည် ကျင်လည်ပါးနပ်မှု၊ ပညာသားပါမှုတို့၌ စံယူမှတ်ဖွယ်ရာ ဖြစ်သည်။

ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်သုံးဦး ညီညွတ်မှုရနေသည့် လက္ခဏာပေါ်လာသည်နှင့် တပြိုင်နက် ဦးနုသည် ရာထူးမှ နုတ်ထွက်တော့မည်ဟု အသံပေးလိုက်ခြင်းဖြင့် ဝန်ကြီးချုပ်ရာထူး လိုလားနေကြသည့် ပုဂ္ဂိုလ်သုံးဦးအကြား စည်းလုံးမှုကို ပြိုကွဲအောင် ဖန်တီးနိုင်ခဲ့သည်။

## အပြီးသတ်အကွဲအပြဲ

ဖဆပလ အဖွဲ့ကြီးအတွင်း စတုတ္ထမြောက်နှင့် အပြီးသတ် အကွဲအပြဲမှာ အဖွဲ့အား လွှမ်းမိုးထားသော ဆိုရှယ်လစ်ပါတီတွင်း အကွဲအပြဲပင် ဖြစ်သည်။ ယင်းကဲ့သို့ အကွဲအပြဲ ပေါ်ပေါက်စေရန်အတွက် ဦးနုကဲ့သို့သော တသီးပုဂ္ဂလက ပိုမို တွန်းအားပေးသည့်သဘော ဖြစ်စေခဲ့ပါသည်။

၁၉၄၅ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီ၏ သဘာပတိ အဖွဲ့တွင် သခင်မြ၊ ဦးကိုကိုကြီး၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းနှင့် ဦးလှမောင်တို့အား အဖွဲ့ဝင်များအဖြစ် ရွေးချယ် တင်မြှောက်ခဲ့ပြီးသည့်နောက် တကြိမ်တခါမျှ ပြန်လည်ဖွဲ့စည်းခြင်း မရှိခဲ့ပါ။

သခင်မြ ကျဆုံးခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် ဦးကိုကိုကြီး နိုင်ငံရေးလောကမှ ပျောက်ကွယ်သွားခြင်းနှင့် ဦးလှမောင်တို့သည် သံတမန်ဝန်ထမ်း ဖြစ်သွားသည့် နောက်ပိုင်းမှ ဆိုရှယ်လစ်ပါတီသည် အမည်ခံမျှသာ ရပ်တည်ခဲ့ပါသည်။ အလုပ်

အမှုဆောင် အဖွဲ့ကို အခါအားလျော်စွာ ပြောင်းလဲဖွဲ့စည်းခဲ့သော်လည်း မည်သည့်အခါမျှ စနစ်တကျ ရွေးချယ်တင်မြှောက်ခြင်း မရှိခဲ့ပါ။ ဆိုရှယ်လစ်များသည် ဖဆပလ အဖွဲ့ကြီးကို ထိန်းချုပ်ထားနိုင်သည်နှင့်အမျှ ဆိုရှယ်လစ် ပါတီအား စည်းရုံးရေး အင်အားစု တရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ရန် အရေးတကြီး မလိုအပ်ပါ။

ဆိုရှယ်လစ်ပါတီသည် အစွန်းရောက်သမားများဖြစ်ကြသော သခင်လွင်၊ သခင်လှကြွေနှင့် သခင်ချစ်မောင်တို့ ဗမာနိုင်ငံ အလုပ်သမား လယ်သမားပါတီကို သီးခြားခွဲထွက် ထူထောင်ပြီးနောက် နှစ်ခြမ်း ကွဲသွားခဲ့ပါသည်။ ပါတီ၏ စည်းရုံးရေး အားနည်းချက်က ပါတီတွင်း အကွဲအပြဲများ ပေါ်ပေါက်လာအောင် ဖန်တီးခဲ့ပြီး အဆုံးတွင် ဖဆပလအဖွဲ့ကြီး ပြိုကွဲသည်အထိ ဂယက်ရိုက်ခဲ့သည်။

ယင်းနောက်ပိုင်းတွင် ဆိုရှယ်လစ်ပါတီသည် အဖွဲ့အစည်းတရပ် အနေဖြင့် မရှိတော့ဘဲ ၎င်း၏ ခေါင်းဆောင်များ ဖြစ်ကြသော ဦးဗဆွေ၊ ဦးကျော်ငြိမ်းနှင့် သခင်တင် စသော ပုဂ္ဂိုလ်များသာ ကျန်ရှိနေသည်။

ဦးဗဆွေသည် ဆိုရှယ်လစ်ပါတီ၏ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌရာထူးကို အစဉ်တစိုက် ရယူခဲ့သည်။ ပါတီ၏ စည်းရုံးရေး အားနည်းလာသည်နှင့် အမျှ လူတန်းစား ကင်းမဲ့သော လူ့ဘောင် ထူထောင်ရေးကို တိုက်တွန်း စည်းရုံးခဲ့ကြသူ ဆိုရှယ်လစ်များသည် မိမိတို့အတွင်း လူတန်းစား ခွဲခြားလာကြသည်။

ယင်းတို့အတွင်း ပညာတတ်လူတန်းစားနှင့် ပညာမဲ့လူတန်းစား ဟူ၍ အတန်းအစား နှစ်ရပ်တို့ သိသိသာသာ ပေါ်ပေါက်လာသည်။ ပညာတတ် လူတန်းစားများကို ဦးကျော်ငြိမ်းနှင့် ဦးဗဆွေတို့က ဦးဆောင်ပြီး ပညာမဲ့ လူတန်းစားများအား သခင်တင်နှင့် သခင်ကျော်ထွန်းတို့က ခေါင်းဆောင်ခဲ့သည်။

ဘဝင်မြင့် ရောဂါနှင့် သူတပါးအား အထင်သေးရောဂါ စွဲကပ်မှုတို့ကို အခြေခံ၍ ဆိုရှယ်လစ် ပါတီဝင်များအတွင်း ဂိုဏ်းဂဏ အယူအဆများ ပေါ်ပေါက်လာခဲ့သည်။ ယင်းဂိုဏ်းဂဏ အစွဲအလမ်းများသည် ဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည်ဖော်ရေး၊ ပါတီဝင် နောက်လိုက်အင်အားများ စုစည်းရေးတို့တွင် စည်းရုံးရေး အားပြိုင်မှုများ ပိုမိုဖြစ်ပေါ်လာစေခဲ့သဖြင့် လုပ်ဖော်ကိုင်ဖက် ဆိုရှယ်လစ်ပါတီဝင် အချင်းချင်း ယခုကဲ့သို့ အုပ်စုကွဲသွားခြင်း ဖြစ်ပါသည်။

ဆိုရှယ်လစ် ပါတီဝင်များအတွင်း အုပ်စုနှစ်စုကို တရားဝင်ခွဲ၍ ဖွဲ့စည်းခဲ့ခြင်း မဟုတ်သော်လည်း ဆိုရှယ်လစ်ပါတီခေါင်းဆောင်များအတွင်း အလိုလို အုပ်စုနှစ်ခု အဖြစ် ကွဲလာပါသည်။

အချိန်ကြာညောင်းလာသည်နှင့်အမျှ အုပ်စုနှစ်ခု ကွဲမှုသည် ပိုမို ရုပ်လုံးပေါ်လာကြသည်။

ပညာတတ်အုပ်စုက စက်မှုနိုင်ငံ ထူထောင်ရေးကို ယုံကြည်ကြသည်။ ပညာမဲ့သူများ အုပ်စုကမူ နိုင်ငံ၏ စီးပွားရေးကို လယ်ယာစိုက်ပျိုးရေး အပေါ်တွင်သာ အခြေခံသင့်သည်ဟု လက်ခံထားကြသည်။

ထို့ကြောင့် ၁၉၅၂ ခုနှစ်၊ ဩဂုတ်လ၌ ပြည်တော်သာ စီမံကိန်း ကွန်ဖရင့် ကျင်းပပြီးနောက် ဤအုပ်စုနှစ်ခု၏ ခေါင်းဆောင်များသည် မိမိတို့ တာဝန်ယူ ဆောင်ရွက်ရသော ဝန်ကြီးဌာန အလိုက် မိမိတို့ သဘောကျရာ စီမံကိန်းများကို ရေးဆွဲ ဆောင်ရွက်ခဲ့ကြပါသည်။

ပညာတတ်အုပ်စုသည် စက်မှုလက်မှု၊ သတ္တုတွင်း၊ သမဝါယမ ဝန်ကြီးဌာနများကို ကိုင်၍လည်းကောင်း၊ ပညာမဲ့အုပ်စုသည် လယ်ယာ စိုက်ပျိုးရေး၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေး ဝန်ကြီးဌာနများကို ကိုင်၍လည်းကောင်း၊ ယင်းတို့အလိုကျ စီမံကိန်းများကို ရေးဆွဲ အကောင်အထည် ဖော်ခဲ့ကြပါသည်။

ပညာတတ်များအုပ်စုမှ ဦးဗဆွေသည် စည်းရုံးရေးအရ အလုပ်သမား သမဂ္ဂများကို ကိုင်တွယ်ထားသဖြင့် စက်မှုလုပ်ငန်းများနှင့် နီးနီးကပ်ကပ် ဆက်စပ်မိခဲ့ပါသည်။ ဦးကျော်ငြိမ်းသည် လူငယ်များကို ကိုင်တွယ်ခဲ့သည်။ သခင်သာခင်သည် အမျိုးသမီး အဖွဲ့များကို စည်းရုံးခဲ့သည်။

ပညာမဲ့အုပ်စုမှ သခင်တင်နှင့် သခင်ကျော်ထွန်းတို့သည် လူဦးရေအရ အင်အား အတောင့်တင်းဆုံးဖြစ်သော ဗမာပြည် တောင်သူလယ်သမား အစည်းအရုံး (ဗတလစ) ကို ကိုင်တွယ်ခဲ့ပြီး သခင်ပန်းမြိုင်သည် စီးပွား ကုန်သွယ်ရေး အဖွဲ့ (စပကသ) ကို ကိုင်ထားသည်။

ဆိုရှယ်လစ်များအတွင်း ပညာအရည်အချင်း ကွဲခြားမှုပေါ်တွင် အခြေခံ၍ ပေါ်ပေါက်လာသော အုပ်စုကွဲမှုသည် တဖြည်းဖြည်း ပိုမိုထင်ရှားလာသည်။ သခင်ကျော်ထွန်းက ၎င်းတို့ဘက်မှ ပုဂ္ဂိုလ်များမှာ စာမတတ်သော်လည်း သန့်ရှင်းကြောင်း၊ မိမိတို့ အုပ်စုဝင် ခေါင်းဆောင် သုံးယောက်ပေါင်းမှ ခုနစ်တန်းသာ ရှိကြောင်း၊ ဆန့်ကျင်ဘက် အုပ်စုမှ ခေါင်းဆောင်များမှာ ဘွဲ့ရသူများ ဖြစ်သော်လည်း မသန့်ရှင်းကြောင်းဖြင့် သတင်းထောက် တဦးအား ဖွင့်ဟပြောကြားခဲ့ပါသည်။

ပညာမဲ့သူများ အုပ်စု၌ ပါဝင်သော သခင်တင်မောင်ကြီးသည် အင်းစိန်မြို့ လူထုအစည်းအဝေးပွဲ တခု၌ မိန့်ခွန်းပြောကြားရာတွင် ပညာတတ်များက ပညာမတတ်သူများအပေါ် ခေါင်းပုံဖြတ်မှုကို ရည်ညွှန်း ပြောဆိုခဲ့ပါသည်။

ဆိုရှယ်လစ်များအတွင်း စည်းရုံးရေး အားပြိုင်မှု ပဋိပက္ခများသည် ရန်ကုန်မြို့ရှိ ခေါင်းဆောင်များအကြား ပုဂ္ဂိုလ်ရေးရာ ပဋိပက္ခများအဖြစ်သို့ ပြောင်းလဲခြင်း မရှိသေးသည့်အတွက် ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်တင်၊ သခင်ကျော်ထွန်းနှင့် ၎င်းတို့၏ ဒုတိယတန်းခေါင်းဆောင်များသည် တဦးနှင့်တဦး ဟန်ဆောင် အပြုံးများနှင့် ပြောဆို ဆက်ဆံနိုင်ခဲ့ကြသည်။

အမှန်စင်စစ်အားဖြင့် ဦးကျော်ငြိမ်းနှင့် သခင်တင်တို့အကြား ယှဉ်ပြိုင်မှုသည် အခြားသောသူများထက် ပိုမိုကြီးထွားခဲ့သည်။ ဦးဗဆွေသည် ဝန်ကြီးချုပ်ရာထူးကို ရရှိရန် အလားအလာရှိသူ သုံးဦးအနက် တဦးဖြစ်သော်လည်း ၎င်း၏ ဆန္ဒပြင်းပြမှု မရှိခြင်းကြောင့် ကျန်ပုဂ္ဂိုလ်နှစ်ဦးက သူ့အား များစွာ အလေးဂရု မပြုခဲ့ကြပါ။

ဦးဗဆွေသည် စေ့စပ်ဖျန်ဖြေပေးခဲ့သူ၏ အခန်းကဏ္ဍကို ပိုမိုနှစ်သက်သည့်အတွက် အန္တရာယ် မပြုနိုင်သည့် ပြိုင်ဘက်အဖြစ် အသိအမှတ်ပြု ခံခဲ့ရသည်။ အဖွဲ့အစည်းများ အတွင်း အားပြိုင်မှုများသည် ၁၉၅၇ ခုနှစ်၊ မတိုင်မီအထိ ဦးဗဆွေ၊ သခင်တင်နှင့် သခင်ကျော်ထွန်းတို့၏ ဆက်ဆံရေးကို ထိပါးမှု မရှိခဲ့ပါ။

မူလက ဦးနုသည် ဖဆပလအတွင်း ဂိုဏ်းဂဏ ပဋိပက္ခများမှ လုံးဝကင်းရှင်းပြီး ယင်းပဋိပက္ခများ ရပ်တန့်သွားသွားရန် မကြာခဏ ဖိအားပေးခဲ့သည်။ ဆိုရှယ်လစ် ဝါဒီများအတွင်း သဘောကွဲလွဲနေခြင်းကို ဦးနုသည် အမှန်တကယ် စိတ်ပူပန်ခြင်း မရှိသော်ငြားလည်း အဖွဲ့ကြီး အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲသွားမည်ကိုမူ မလိုလားပါ။

ဦးနုသည် ဖဆပလအဖွဲ့ကြီးမှ မလိုလားအပ်သည့် အင်အားစုများကို ထုတ်ပယ်ခြင်းဖြင့် ပြန်လည်ဖွဲ့စည်းရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ယင်းတို့ ထုတ်ပယ်ခြင်းသည် လက်တွေ့အားဖြင့် အဖွဲ့ကြီးကို အဆုံးသတ်သွားစေမည် ဖြစ်ကြောင်းကိုမူ သူ သဘောပေါက် နားလည်ခြင်း မရှိခဲ့။

အဖွဲ့အစည်းများအတွင်း ဖြစ်ပွားသည့် ပဋိပက္ခများသည် အောက်ခြေအဖွဲ့များမှ စ၍ ပုဂ္ဂိုလ်ရေးရာ တိုက်ပွဲများအသွင်သို့ တဖြည်းဖြည်း ပြောင်းလဲ လာခဲ့သည်။ ၁၉၅၅-၅၆ ခုနှစ်တွင် ဦးကျော်ငြိမ်း၏ အုပ်စု၌ ပါဝင်သည့် သမဝါယမဝန်ကြီး ဦးထွန်းဝင်းနှင့် သခင်တင်၊ သခင်ကျော်ထွန်း၏ အုပ်စု၌ ပါဝင်သော ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေး ဝန်ကြီး သခင်ပန်းမြိုင်တို့ အကြား ယင်းတို့၏ တာဝန်များကို ဆောင်ရွက်ရာမှ ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။

## ဦးနုနှင့် ဦးကျော်ငြိမ်း

ဦးနုအတွက်မူ ဤကဲ့သို့သော ပါတီတွင်း ဂိုဏ်းဂဏအုပ်စု တိုက်ပွဲများ၌ တက်တက်ကြွကြွ ပါဝင်လာရခြင်းသည် သူနှင့် ဦးကျော်ငြိမ်းတို့ ပုဂ္ဂိုလ်ရေး ပဋိပက္ခများမှ စတင်ခဲ့သည်။

ယင်းတို့ နှစ်ဦးအကြား ပထမဦးဆုံးသော ကြီးမားသည့် ပဋိပက္ခမှာ ၁၉၅၄ ခုနှစ်တွင် နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးဘုတ်အဖွဲ့ (အက်စ်အေအမ်ဘီ) ပိုင် ဆန်တန်ချိန် ၁၅၀,၀၀၀ ကို ဦးကျော်ငြိမ်း အဖွဲ့ဝင်အဖြစ် ပါဝင်သော ဝန်ကြီးအဖွဲ့ ဆပ်ကော်မတီက ဒေါ်နယ်ဉ် (ပင်လုံ) သို့ ရောင်းချခဲ့ခြင်းနှင့် ပတ်သက်၍ဖြစ်သည်။

ထိုအချိန်က ဦးနုသည် တရုတ်ပြည်သို့ ရောက်ရှိနေပြီး တရုတ်အစိုးရနှင့် ယင်းဆန်များ ရောင်းချနိုင်ရေးအတွက် စေ့စပ် ဆွေးနွေးလျက် ရှိသည်။ ဦးနု နိုင်ငံခြားမှ ပြန်လာသောအခါ ယင်းဆန်များ ရောင်းချမှုနှင့် ပတ်သက်၍ ဝယ်ယူသူအား အထူးလျှော့ပေါ့ခွင့်များ ပေးခဲ့ခြင်းကြောင့် ဦးကျော်ငြိမ်းအား မရိုးသားဟု စွပ်စွဲခဲ့သည်။

ယင်းသို့ စွပ်စွဲခြင်းသည် မိမိအား သိက္ခာချရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ဦးကျော်ငြိမ်းက ယူဆ ခဲ့သည်။ ဦးနုသည် ဆိုရှယ်လစ် ခေါင်းဆောင်တဦးဖြစ်သူ ဦးကျော်ငြိမ်းနှင့် ပုဂ္ဂိုလ်ရေး ပဋိပက္ခ ဖြစ်ပွားမှု ရှိခဲ့သည့်အပြင် ၎င်း၏ ရာထူးအား တချိန်ချိန်တွင် ဆိုရှယ်လစ်များက ရယူသွားနိုင်သည့် ခြိမ်းခြောက်မှုကို သတိမလစ်ဟင်းခဲ့ပေ။

ဆိုရှယ်လစ်များသည် တနေ့နေ့တွင် မိမိအား ဖဆပလအဖွဲ့မှ ထုတ်ပယ်ကာ ၎င်း၏ နေရာတွင် ဦးဗဆွေ၊ သို့မဟုတ် ဦးကျော်ငြိမ်းအား အစားထိုးပြီး ဖဆပလ ဥက္ကဋ္ဌရာထူးနှင့် ဝန်ကြီးချုပ် ရာထူးတို့ကို လုယူကြလိမ့်မည်ဟု ဦးနုက ထင်မြင် ယူဆခဲ့သည်။

သူသည် ဆိုရှယ်လစ် လုပ်ဖော်ကိုင်ဖက်များ၏ ရိုးသားခြင်း အပေါ်၌ သံသယဝင်မိကြောင်းဖြင့် မကြာခဏ ထုတ်ဖော် ပြောဆိုခဲ့သည်။ ဦးနုသည် ၎င်းအား ထောက်ခံသော ပါတီ အဖွဲ့အစည်း ကျော်ထောက်နောက်ခံ မရှိမှုကြောင့် အင်အား ကြီးမားသော ဆိုရှယ်လစ်များ စည်းလုံး ညီညွတ်လာပါက ၎င်း၏ရာထူး မတည်မြဲနိုင်မည့်အရေးကို တွေးတောမိဟန် ရှိသည်။

ဦးနုသည် သူ့ထက်ငယ်ရွယ်ကြသော ဆိုရှယ်လစ် လုပ်ဖော်ကိုင်ဖက်များ၏ သစ္စာစောင့်သိမှုနှင့် အရိုအသေပေးမှုကို လိုလားသည်။ ယင်းတို့၏ အလေးဂရုမပြုမှုနှင့် ၎င်းအား အထင်သေးမှုများကို ဦးနုသည် နာကြည်း၍ မခံမရပ်နိုင် ဖြစ် လေ့ရှိသည်။

၁၉၅၆ ခုနှစ်က မြို့တော်ခမ်းမတွင် ဘုရင်ခံဟောင်း ဆာဟူးဘတ်ရန့်(စ်) အား ဧည့်ခံပွဲ ကျင်းပရာ၌ ဦးနု ရောက်ရှိသော အခါ ဝန်ကြီးများက ထ၍ ကြိုဆိုနှုတ်ဆက်ခြင်း မပြုသော်လည်း နောက်မိနစ်ပိုင်း အနည်းငယ်အကြာ ဆာ ဟူးဘတ် ရန့်(စ်) ရောက်ရှိလာသည့်အခါ ယင်းဝန်ကြီးများနှင့် ပရိတ်သတ်များ အားလုံးက ထ၍ နှုတ်ဆက်သည့်အတွက် ဦးနု ဒေါသူပုန် ထခဲ့ဖူးသည်။ နောက်ပိုင်းတွင် ဦးနုသည် ရဲဘော်ရဲဘက်များက ၎င်းအား မထီမဲ့မြင်ပြုမှုကို မကျေနပ်ကြောင်း ဖြင့် ပြောကြားခဲ့သည်။

ဗြိတိန် ဝန်ကြီးချုပ်ဖြစ်သူ အန်ထော်နီအီဒင်သည် အရှေ့ဖျားသို့ ခရီးထွက်ရာ၌ မင်္ဂလာဒုံလေဆိပ်တွင် ခေတ္တရပ်နားရန် စီစဉ် ခဲ့ပြီး ဦးနုအား လေဆိပ်တွင် ၎င်းအား လာရောက်တွေ့ဆုံရန်နှင့် ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့အား ခေါ်လာပါရန် မေတ္တာ ရပ်ခံလာသောအခါတွင်လည်း ဒေါပွခဲ့ကြောင်း သိရှိရသည်။

ဦးနုက နောင်အခါ၌ "ဘာကြောင့် ဗဆွေနဲ့ ကျော်ငြိမ်းကို ခေါ်ရမှာလဲ၊ ကျုပ်က ဝန်ကြီးချုပ်နဲ့ ဖဆပလအဖွဲ့ ဥက္ကဋ္ဌ မဟုတ်လား" ဟု မကျေမနပ်နှင့် ပြောပြခဲ့ဖူးသည်။

ထို့ပြင် ဝန်ကြီးဦးရာရှစ်က တရုတ်ပြည်သို့ သွားရောက်စဉ် ပီကင်းမြို့၌ ဝန်ကြီးချုပ် ချူအင်လိုင်းက ဦးရာရှစ်အား ဖဆပလပါတီတွင်း၌ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့၏ ဆိုရှယ်လစ်များက အင်အားတောင့်တင်းသော်လည်း ပါတီ ကျော ထောက်နောက်ခံ မရှိသော ဦးနု ဥက္ကဋ္ဌ ဖြစ်နေသည့်အတွက် ဖဆပလအဖွဲ့၏ အနေအထားအမှန်ကို မေးမြန်းခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ ဦးနုက တရုတ်ဝန်ကြီးချုပ်သည် အဖွဲ့တွင် ၎င်း၏ အနေအထားကို လျှော့ပေါ့၍ တွက်ဆနေ သည်ဟု ထင်မြင်ကာ စိတ်မကောင်းဖြစ်ခဲ့သည်ဟု ဆိုသည်။

ဆိုရှယ်လစ်များလွှမ်းမိုးသည့် ဖဆပလတွင် ဦးနုသည် ရုပ်ပြခေါင်းဆောင်တဦးမျှသာ ဖြစ်သည်ဟူသော ထင်မြင်ချက်ကို နှစ်ခြိုက်လက်ခံခြင်း မရှိပေ။ အထူးသဖြင့် နိုင်ငံတကာ ခေါင်းဆောင်များက ယင်းသို့ ထင်မြင်ခြင်းကို ပို၍ လိုလားခြင်း မရှိပါ။

ဦးနု၏ ဆန္ဒအမှန်မှာ လူတိုင်းက ၎င်းသည် ပါတီ ကျောထောက်နောက်ခံ မရှိသော်လည်း ဆိုရှယ်လစ်များ၏ သြဇာခံ တဦးမဟုတ်ဘဲ အဖွဲ့ကို သြဇာ အပြည့်အဝဖြင့် ထိန်းချုပ်ထားသည်ဟု ယူဆစေလိုသည်။

အမှန်တကယ်လည်း ဦးနုသည် အဖွဲ့ကြီးအား လုံး၀ ချုပ်ကိုင်ထားနိုင်ခဲ့သည်။ ဆိုရှယ်လစ်များက ဦးနုကို အလွယ်တကူ ပင် ပါတီမှ ထုတ်ပယ်နိုင်ကြသည်ဟု ကြွားဝါနေကြသော်လည်း အပြောနှင့် အညီ လုပ်ကိုင်ရန် မလွယ်ကူပါ။

၎င်းတို့သည် မိမိတို့ အင်အားကို မိမိ စိတ်ချလက်ချ မတွက်နိုင်။ အဘယ်ကြောင့်ဆိုသော် ဆိုရှယ်လစ်များအတွင်း မညီ မညွတ်မှုများ ရှိနေခဲ့ခြင်းကြောင့် ဖြစ်သည်။

**ကိုးလကြာ ဆိုင်းငံ့ကာလ**

၁၉၅၆ ခုနှစ်၊ ဇွန်လတွင် ဖဆပလ အဖွဲ့ကို ပြန်လည်ပြင်ဆင် ဖွဲ့စည်းရန်နှင့် လုပ်ဖော်ကိုင်ဖက်များကို ဝန်ကြီးချုပ်အဖြစ် အလုပ်ကျ ဆောင်ရွက်နိုင်ရန် ဦးနုသည် ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ခဲ့ပါသည်။

ဦးနုသည် အဖွဲ့ကြီးကို တနှစ်အတွင်း ပြင်ဆင်ဖွဲ့စည်းပြီး တနှစ်ကျော်အကြာ၌ ဝန်ကြီးချုပ် ရာထူးကို ပြန်လည် ထမ်းဆောင်ရန် ရည်ရွယ်ခဲ့သည်။

ဦးဗဆွေသည် ဝန်ကြီးချုပ် ဖြစ်လာပြီး ဒုတိယဝန်ကြီးချုပ်များ အဖြစ် ဦးကျော်ငြိမ်း၊ သခင်တင်နှင့် စောခွန်ချိုတို့ တာဝန် ယူခဲ့ကြသည်။ ဦးနုသည် ဖဆပလ အဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆက်၍ တည်ရှိနေသည်။

ထိုကာလအတွင်း ဦးနုနှင့် ဦးကျော်ငြိမ်းတို့၏ ပဋိပက္ခသည် ပိုမိုဆိုးရွားလာခဲ့ရာ သမိုင်းတွင်စေမည့် စာနှစ်စောင် အပြန် အလှန် ပေးပို့ကြရာမှ ပေါက်ကွဲသော အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။

၁၉၅၆ ခုနှစ်၊ ဇွန်လအတွင်း ဦးနုထံ ဦးကျော်ငြိမ်းက စာတစောင် ရေးသားခဲ့သည်။ ထိုအချိန်က ဦးနုသည် ဝန်ကြီးချုပ် မဟုတ်တော့ဘဲ ဖဆပလ ဥက္ကဋ္ဌသာ ဖြစ်နေသည်။ ၎င်းစာတွင် ဦးနုသည် ဆိုရှယ်လစ် ညီညွတ်ရေးကို ဖြိုခွဲလျက်ရှိရာ ၎င်း၏ တပည့်တပန်းများကို ဆိုရှယ်လစ်များ၏ နေရာ၌ အစားထိုးကာ ဖဆပလအဖွဲ့ကြီးမှ ဆိုရှယ်လစ်များကို ပထုတ် ပစ်ရန် လျှို့ဝှက် ကြံစည်လျက်ရှိသည်ဟု စွပ်စွဲထားသည်။

ဦးနုက ဦးကျော်ငြိမ်းထံ ပြန်ကြားသည့်စာ၌ ဦးကျော်ငြိမ်းသည် မလိုအပ်ဘဲ အကြောက်လွန်နေခြင်းဖြစ်ကြောင်း၊ ၁၉၅၄ ခုနှစ်က ဆန်ရောင်းချမှုတွင်လည်း ဦးကျော်ငြိမ်း၏ ရိုးသားမှုမှာ သံသယဖြစ်ဖွယ်ရှိကြောင်းတို့ ပါရှိခဲ့သည်။ တချိန်တည်း တွင် ဦးကျော်ငြိမ်းနှင့် သခင်တင်တို့၏ နောက်လိုက်များအကြား နယ်များတွင် ပဋိပက္ခဖြစ်ပွားမှု သတင်းများသည် ထွက် ပေါ်လာခဲ့သည်။

ယင်းပဋိပက္ခများမှာ ဖဆပလ အဖွဲ့အတွင်း ရာထူးနေရာ ခွဲဝေရေး သို့မဟုတ် အမတော်ကြေး ထုတ်ပေးမှု အခွင့် အလမ်းများနှင့် ပတ်သက်နေသည်။

ထိုအချိန်အထိ ဦးကျော်ငြိမ်းနှင့် သတင်တင်တို့အကြား ဖြစ်ပွားသော အုပ်စု ပဋိပက္ခများတွင် ဦးနုသည် ဘက်လိုက်မှု မရှိသေးပေ။ အလားတူပင် ဦးဗဆွေနှင့် အချို့သော ဆိုရှယ်လစ်များသည်လည်း ဆိုရှယ်လစ် ခေါင်းဆောင်နှစ်ဦး၏ ဂိုဏ်းဂဏ ယှဉ်ပြိုင်မှုတွင် တက်ကြွစွာ မပါဝင်ခဲ့သေးပေ။ ဦးကျော်ငြိမ်းမှာမူကား ဦးနုနှင့် သခင်တင်တို့၏ ဘုံရန်သူအဖြစ် ရှိနေခဲ့ပေသည်။

မည်သို့ဆိုစေ သခင်တင်သည် ဦးနုနှင့် ပိုမို၍ နီးစပ်မှု ရှိသည်။ ဦးနုသည် ဆိုရှယ်လစ်များနှင့် ဆက်ဆံရာ၌ နည်းပရိ ယာယ် ကြွယ်ဝလှသည်။ ဦးနုသည် ဆိုရှယ်လစ်ခေါင်းဆောင် သုံးဦး ဖြစ်ကြသော သခင်တင်၊ ဦးကျော်ငြိမ်းနှင့် ဦးဗဆွေတို့အကြား ယှဉ်ပြိုင်မှုကို အမြတ်ထုတ်ခဲ့သည်။

ယင်းတို့၏ ဒုတိယတန်းခေါင်းဆောင်များကို ၎င်း၏ တပည့်များအဖြစ် စည်းရုံးခဲ့သည်။ သို့ရာတွင် ယင်းတပည့်များသည် ဦးနုအပေါ် အမြဲတမ်း သစ္စာစောင့်သိခြင်း မရှိကြ။

ဦးနုသည် ဖဆပလအဖွဲ့ ဥက္ကဋ္ဌ အနေဖြင့် ၎င်းဆောင်ရွက်နေရသည်ဖြစ်ရာ ၎င်းဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်တော့ မည်ဟု ခြိမ်းခြောက်ခြင်းဖြင့် ယင်းရာထူးကို လိုချင်နေကြသော ပုဂ္ဂိုလ် သုံးဦးအတွက် လမ်းဖွင့်ပေးခြင်း ဆိုရှယ်လစ်

အုပ်စု၌ ပါဝင်ကြသော ဒုတိယတန်း ခေါင်းဆောင်များအား အစိုးရ ရာထူး၊ သို့မဟုတ် ဖဆပလ အဖွဲ့ရှိ ရာထူးများ ပေးခြင်းဖြင့် ဆိုရှယ်လစ် ဝါဒီများ၏ ညီညွတ်မှု ပျက်ပြားအောင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ဦးနုက အမြတ် ထုတ်နိုင်ခြင်းမှာ ဆိုရှယ်လစ်များ ညီညွတ်မှု မရှိခြင်းကြောင့်ပင် ဖြစ်သည်။

## နောက်ဆုံးမျှော်လင့်ချက်

၁၉၅၇ ခုနှစ်၊ နှစ်ဦးပိုင်းက သီဟိုဠ်နိုင်ငံတွင် ကျင်းပခဲ့သော ဗုဒ္ဓဇယန္တိ ပူဇော်ပွဲသို့ ဦးနု တက်ရောက်နေချိန် ရန်ကုန်မြို့၌ သံအမတ်ကြီး ဦးလှမောင်က တရုတ်ပြည်မှ မော်စီတုန်းကဲ့သို့ပင် ဦးနုကိုလည်း ဖဆပလ ဥက္ကဋ္ဌ အဖြစ် ထားရှိပြီး အမျိုးသား ခေါင်းဆောင်အဖြစ် ထားရှိရန် ဆိုရှယ်လစ်များကို အကြံပြုခဲ့ခြင်းသည် အကွဲအပြဲအတွက် ပြန်လမ်းမရှိ သော နောက်ဆုံးအချက်ဖြစ်လာရသည်။

၁၉၅၇ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ဦးဗဆွေ၏ နေအိမ်၌ စစ်ရေးရာကိစ္စနှင့် စပ်ဆိုင်သည့် အစည်း အဝေးတရပ် ကျင်းပခဲ့သည်။ ၎င်း အစည်းအဝေးသို့ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ရန်ကုန်သို့ ရောက်ရှိ နေသော သံအမတ်ကြီး ဦးလှမောင်တို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ အဓိက ကိစ္စကို ဆွေးနွေးကြပြီးနောက် ဦးလှမောင်က ဦးနုအား ပြည်တွင်းနိုင်ငံရေး၏ အထက်တွင် ရှိနေစေပြီး တရုတ်ပြည်မှ မော်စီတုန်းကဲ့သို့ အမျိုးသားရေး ခေါင်းဆောင်အဖြစ် ထားရှိသွားရန် အကြံပြု တင်ပြခဲ့သည်။

ဦးနုသည် ပြည်တွင်း နိုင်ငံရေး၌ ပါဝင်ခြင်း မပြုဘဲ ဖဆပလ ဥက္ကဋ္ဌ အနေဖြင့် ထားရှိနေမည်ဆိုပါက နိုင်ငံအတွက် အကျိုးရှိစေမည့် ဩဇာသိက္ခာ ကြီးမားသော အပြည်ပြည်ဆိုင်ရာ ခေါင်းဆောင်အဖြစ် ဆက်လည်တည်ရှိ သွားစေလိမ့် မည်ဟု ဦးလှမောင်က ယုံကြည်ခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်လာကြသူ အားလုံးက ယင်းအဆိုပြုချက်ကို သဘောကျကြသည် ထိုစဉ်က ဆိုရှယ်လစ် ခေါင်းဆောင် တဦးဖြစ်သည့် သခင်တင်မှာ ဆေးရုံ တက်ရောက်လျက် ရှိနေရာ အစည်းအဝေးသို့ တက်ရောက်လာသူ အားလုံးသည် ရန်ကုန် ဗဟိုဆေးရုံကြီးသို့ သွားရောက်ကြကာ ဦးလှမောင်က ၎င်း၏ အကြံပြုချက်ကို သခင်တင်အား ရှင်းလင်းပြောပြခဲ့သည်။

သခင်တင်သည် ဦးလှမောင်၏ ရှင်းလင်းတင်ပြမှုကို ဂရုတစိုက် နားထောင်ပြီးနောက် "ကောင်းပြီ၊ ကျွန်ုပ်တို့အားလုံး ဦးနုကို အကျိုးအကြောင်း ရှင်းလင်းတင်ပြမည် ဆိုလျှင် အစီအစဉ်ကို သူလက်မခံနိုင်စရာ အကြောင်း ဘာရှိမလဲ" ဟု ထုတ်ဖော် ပြောဆိုခဲ့သည်။ ထို့နောက် အဆိုပါ အကြံပြုချက်ကို ဦးနုအား သီဟိုဠ်မှ ပြန်လည် ရောက်ရှိလာသည့်အခါ ရှင်းလင်း တင်ပြရေးအတွက် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဦးလှမောင်တို့ကို တာဝန် ပေးအပ်ခဲ့သည်။

## ဦးနု ဝန်ကြီးချုပ် ရာထူး ပြန်ယူခြင်း

ဦးနု သီဟိုဠ်နိုင်ငံမှ ပြန်လာသောအခါ လေဆိပ်တွင် မိတ်ဆွေ အများအပြား လာရောက် ကြိုဆိုခဲ့ကြသည်။ သခင် ကျော်ထွန်းသည် လေယာဉ်ပေါ်သို့ တက်သွားကာ ဦးနုအား အရေးပေါ် ကိစ္စတခု ပေါ်ပေါက်နေသဖြင့် မည်သူနှင့်မျှ တွေ့ဆုံခြင်း မပြုမီ ဆေးရုံသို့ လာရောက်ကာ တွေ့ဆုံရန် သခင်တင်၏ မှာကြားချက်ကို သတင်းပို့ခဲ့သည်။

ဦးနု ဆေးရုံသို့ ရောက်ရှိလာသော အခါ သခင်တင်က ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့သည် ဦးနုအား ဝန်ကြီးချုပ် ရာထူးမှ အမြဲတမ်း ဖြုတ်ချရေး အတွက် စီစဉ် ဆောင်ရွက်နေကြောင်းဖြင့် ၎င်းနှင့် ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်ချုပ်ကြီး နေဝင်းနှင့် ဦးလှမောင်တို့ တွေ့ဆုံ ဆွေးနွေးပွဲကို သူ့နည်း သူ့ဟန်ဖြင့် တင်ပြခဲ့သည်။

ဦးနုသည် ဒေါသူပုန် ထသွားပြီး သခင်တင်နှင့် သခင်ကျော်ထွန်းတို့အား အချိန်မီ သတင်းပေးသည့် အတွက် ကျေးဇူး တင်ကြောင်း ပြောပြခဲ့သည်။ ယင်းအား ဖယ်ထုတ်ရေး အစီအစဉ်နှင့် ပတ်သက်၍ သခင်တင်၏ တဖက်သတ် ပြောကြားချက်ကို နားယောင်ကာ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့အား မုန်းတီးမှု အလွန်အကဲ ပြင်းထန်လာပြီး ဦးနုသည် ဝန်ကြီးချုပ်အဖြစ် တနှစ် ဆိုင်းငံ့ကာလ ထားရှိခဲ့ခြင်းကို မစောင့်ဆိုင်းတော့ဘဲ ရာထူးပြန်လည်ရယူရန် ဆုံးဖြတ်ခဲ့သည်။

ဦးနုအား နောက်ပိုင်းတွင် ဦးလှမောင်နှင့် ဗိုလ်ချုပ်ကြီး နေဝင်းတို့က ရှင်းလင်း တင်ပြခဲ့ကြသော်လည်း အကျိုးမထူးခဲ့။[၇] ဦးလှမောင်က ယင်းအကြံပြုချက်မှာ နိုင်ငံ၏ အကျိုးစီးပွားအတွက် ၎င်းက တင်ပြခဲ့ခြင်းသာ ဖြစ်ကြောင်း၊ ဦးနုအား ဝန်ကြီးချုပ် ရာထူးမှ ဖယ်ရှားရေး အစီအစဉ် လုံးဝ မဟုတ်ကြောင်း၊ ဦးနု ဝန်ကြီးချုပ် အဖြစ် ပြန်လည်ဆောင်ရွက်ရန် ၎င်းသဘောကျသည့် အချိန်၌ လက်ခံရန် မိမိတို့ အားလုံးက အဆင်သင့် ရှိကြောင်းဖြင့် ရှင်းလင်း တင်ပြခဲ့သည်။

မည်ကဲ့သို့ပင် ဖြစ်စေ ဦးနုသည် ရှင်းလင်း တင်ပြချက်များကို သဘောပေါက် လက်ခံခြင်း မရှိဘဲ ဤအစီအစဉ်သည် မိမိအား ဖြုတ်ချရန် ဦးကျော်ငြိမ်း၏ လက်ချက်ဖြစ်သည်ဟု ယူဆခဲ့သည်။

တဖက်တွင်လည်း သခင်တင်နှင့် သခင်ကျော်ထွန်းတို့က ဦးနု ဝန်ကြီးချုပ်ရာထူး ပြန်လည်ရယူရေးတွင် ဆွေ-ငြိမ်းအုပ်စု ဆန့်ကျင်ပါက မိမိတို့ အနေဖြင့် သစ္စာရှိစွာ ဦးနုဘက်က ရပ်တည်မည်ဖြစ်ကြောင်း ကတိပြုခဲ့ကြသည်။ ထို့အပြင် ဦးနု ရာထူးပြန်လည် ရယူရေး အတွက် ပါလီမန်တွင် အားပြိုင်မှု ရှိလာပါက ပါလီမန် အမတ်များအား စည်းရုံးမည့် အစီအစဉ်များကိုလည်း လက်တွေ့ လုပ်ဆောင်ခဲ့ကြသည်။

သို့ရာတွင် ဦးဗဆွေသည် ဒုတိယ ဝန်ကြီးချုပ် အဖြစ် တာဝန် ယူလိုက်ခြင်းဖြင့် ဦးနုသည် ဝန်ကြီးချုပ် တာဝန်ကို အေးဆေးစွာ ပြန်လည် ရရှိခဲ့သည်။ ပါလီမန်၌ အားပြိုင်မှု မပေါ်ပေါက်ဘဲ ၁၉၅၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဦးနု ဝန်ကြီးချုပ် ပြန်ဖြစ်လာပါသည်။

ဤဖြစ်ရပ်ကြောင့် လျှို့ဝှက် အကြံအစည်တွင် ဦးဗဆွေသည် ဦးကျော်ငြိမ်းနှင့် ပူးပေါင်းပါဝင်သည်ဟု ဦးနုက ယူဆခဲ့ကာ ဦးဗဆွေကိုလည်း ရန်ဘက်သဖွယ် သဘောထားခဲ့သည်။

ထိုအခါ ဦးဗဆွေသည် ထက်ကြွသော ပါတီ၏ ထောက်ခံမှု မရှိပါက ၎င်း၏ ရာထူး တည်မြဲရေးမှာ မရေရာကြောင်း သဘောပေါက် လာခဲ့သည်။

ထို့ကြောင့် သူသည် တနင်္သာရီ ဒေသမှ စတင်၍ ဆိုရှယ်လစ် ပါတီကို ပြန်လည်စည်းရုံးရန် ကြိုးပမ်းလာခဲ့ရာ ဦးနုက ဦးဗဆွေသည် ၎င်းအား ယှဉ်ပြိုင်ရန် အားစုနေသည်ဟု ပိုမို၍ မယုံသင်္ကာ ဖြစ်လာခဲ့သည်။

**တတိယအကြိမ်မြောက် ပြည်လုံးကျွတ် ဖဆပလ ညီလာခံ**

ပါတီ ခေါင်းဆောင်များအကြား မယုံကြည်မှု၊ မသင်္ကာမှုနှင့် ခြေထိုးလုပ်ကြံမှုများ ကြီးထွားနေချိန်တွင် ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလမှ ဖေဖော်ဝါရီလ အထိ ကမ္ဘာအေး ကုန်းမြေတွင် တတိယ အကြိမ်မြောက် ပြည်လုံးကျွတ် ဖဆပလ ညီလာခံကို ကျင်းပခဲ့သည်။ ဤညီလာခံသည် လွတ်လပ်ရေး ရပြီးနောက် ပထမဦးဆုံး အကြိမ် ကျင်းပသော ညီလာခံ ဖြစ်သည်။

ညီလာခံ၌ ဦးနုက ဖဆပလ အထွေထွေအတွင်းရေးမှူးအဖြစ် သခင်ကျော်ထွန်းကို ပြန်လည်ခန့်အပ်လိုပြီး ဦးကျော်ငြိမ်း ၏ အုပ်စုက ဦးဗဆွေကို သခင်ကျော်ထွန်း၏ နေရာ၌ အစားထိုးရန် ဆန္ဒရှိကြသည်။

---

[၇] ဒီကိစ္စနဲ့ ပတ်သက်ပြီး၊ ဦးနု ကိုယ်တိုင်ရေးတဲ့ အတ္ထုပ္ပတ္တိစာအုပ် "တာတေစနေသား"၊ ၁၉၉၉ ခုနှစ်၊ ဒုတိယအကြိမ် ရောဝတီ စာပေတိုက်၊ နယူးဒေလီမြို့၊ စာမျက်နှာ (၂၉၇)၊ အောက်ဆုံး အပိုဒ်မှာ "ဒီအချိန်ထိ ဦးနုဟာ ဒီပြဿနာကို အေးအေးဆေး ဖြေရှင်းရင် ရနိုင်ပါသေးတယ်။ စနေနေ့တိုင်း ကျင်းပတဲ့ အလုပ် အမှုဆောင် အစည်းအဝေးမှာ စိတ်မပူကြနဲ့ သူဟာ အစိုးရအဖွဲ့ထဲကို မဝင်ပါဘူး။ ၁၉၇၅ ခုနှစ်ထဲမှာ ဥက္ကဋ္ဌ ရာထူးကတောင် ထွက်မှာ၊ ထွက်တော့မယ်လို့ ခပ်အေးအေး ရှင်းပြလိုက်ရင် ပြီးနိုင်ပါတယ်။ x x x" လို့ ပြောလည်နိုင်မဲ့ နည်းလမ်းကို ပြောဆိုထားပြီးနောက်၊ (၂၉၈) ဒုတိယအပိုဒ်မှာတော့၊ "ဒါပေမဲ့ အဲဒီအချိန်က ဦးနုက ဒါတွေကို မလုပ်ချင်ဘူး။ စစ်ဗိုလ်ကိုင်ပြီး သူ့ကို ခြောက်တယ်လို့ အတွေးခေါင်နေတဲ့အတွက် ဦးနုဟာ အင်မတန် စိတ်ထိခိုက် နေတယ်" လို့ သူ အဲဒီအချိန်က ဖြစ်ပေါ်ခဲ့တဲ့ ခံစားချက်ကို ထုတ်ဖော်ရေးသားကာ၊ ဇွတ်တရွတ် စောက်ရမ်းလုပ်တဲ့ သူ့ဉာဉ်ကြောင့် သူ အစိုးရအဖွဲ့ထဲ ပြန်ဝင်မယ်လို့ ကြေညာ လုပ်ဆောင်ခဲ့တာဖြစ်ကြောင်း ဝန်ခံ ရေးသားခဲ့ပါတယ်။ *[မြန်မာ အိုင်အက်စ်ပီ ဖြည့်စွက်ချက်]*

ဦးနုက ၎င်းအား အဖွဲ့မှ ထုတ်ပယ်ရေး အစီအစဉ်ကို အချိန်မီ သတင်းပေးသည့်အတွက် သခင်ကျော်ထွန်း အပေါ် ကျေးဇူးဆပ်ရန် ရှိနေရာ သခင်ကျော်ထွန်းအား အထွေထွေ အတွင်းရေးမှူးအဖြစ် မလွဲမသွေ ခန့်ထားရန် ခေါင်းမာစွာ အတင်းအကျပ် တောင်းဆိုခဲ့သည်။

နောက်ပိုင်းတွင် ဤဖြစ်ရပ်ကို ဦးနုက ထုတ်ဖော်ကာ သခင်ကျော်ထွန်းနှင့် သခင်တင်တို့အပေါ် ကျေးဇူးတုံ့ပြန်ခဲ့ကြောင်း ဖြင့် ရည်ညွှန်း ပြောဆိုခဲ့သည်။

အထွေထွေ အတွင်းရေးမှူး ရွေးချယ်ရေး ကိစ္စကို စေ့စပ်မရသဖြင့် ညီလာခံ၌ အကွဲအပြဲများ ပေါ်ထွက်ခဲ့သည်။ ထိုအခါ ဦးဗဆွေက သခင်ကျော်ထွန်းသည် ပါတီ ညီလာခံ၌ အထွေထွေ အတွင်းရေးမှူး ဖြစ်လိုပါက ၄၅ ရက် ကြာမြင့်ပြီးသော အခါ ရာထူးမှ နုတ်ထွက်ပေးရမည်ဟု ကတိပြုရန် ကြားဝင် ဖြန်ဖြေခဲ့သည်။

သခင်ကျော်ထွန်းက ပါတီ၏ အကျိုးအတွက် ဆိုရှယ်လစ် ပါတီ၏ ဥက္ကဋ္ဌဖြစ်သူ ဦးဗဆွေ ဆုံးဖြတ်ချက်ကို လိုက်နာမည် ဟူသော ကြေညာချက်တစောင်ကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။

၎င်းကြေညာချက်၌ ဦးဗဆွေက တောင်းဆိုလာပါက သူသည် ၄၅ ရက် ကြာမြင့်ပြီးနောက် အထွေထွေ အတွင်းရေးမှူး ရာထူးမှ နုတ်ထွက်မည်ဟု ပါရှိခဲ့သည်။ ထို့ကြောင့် ယာယီ ပြေလည်မှု ရရှိကာ ညီလာခံမှာ ချောမောစွာ ပြီးဆုံးခဲ့သည်။ သခင်ကျော်ထွန်းကို အထွေထွေ အတွင်းရေးမှူး အဖြစ် ရွေးချယ်ခဲ့ခြင်းဖြင့် ဦးနုက ၎င်းကို ကျေးဇူး တုံ့ပြန်ခဲ့သည်။

**ဖွတ်မရ ဓားမ ဆုံး**

ဤအချိန်တွင် ရန်ကုန်နှင့် အင်းစိန် နယ်မြေများ၌ ရာဇဝတ်မှုများ အံ့မခန်း တိုးတက်ထူပြောလာခဲ့သည်။ ရန်ကုန်နှင့် အင်းစိန် နယ်မြေတို့၌ နေ့စဉ်နေ့တိုင်း လူသတ်မှုနှင့် ပြန်ပေးဆွဲမှုများ ဖြစ်ပွားနေခြင်းကြောင့် သတင်းစာများက ယင်းကဲ့သို့ ရာဇဝတ်မှုများ ထူပြောနေသည့်အတွက် အစိုးရအား ပြင်းထန်စွာ ပြစ်တင်ဝေဖန်ခဲ့ပါသည်။ ရန်ကုန်မြို့လယ်ကောင် ၌ပင် အသက်နှင့် ပစ္စည်း လုံခြုံမှု မရှိသည်အထိ တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေး ယိမ်းယိုင်လာခဲ့သည်။

ဦးနုသည် ၎င်းဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သော အမျိုးသား လုံခြုံရေးကောင်စီ အစည်းအဝေးတရပ် ခေါ်ယူကာ ရာဇဝတ်မှုနှင့် ပတ်သက်၍ သင်္ကာမကင်းဖြစ်သူများကို ယင်းတို့ မည်သည့်ပါတီဝင်များ ဖြစ်စေကာမူ ဖမ်းဆီးရန် အမိန့် ပေးခဲ့သည်။

ယင်းသို့ ဖမ်းဆီးရာ၌ နိုင်ငံရေးသြဇာကို အသုံးပြု၍ နှောင့်ယှက်မှုကို တားဆီးနိုင်ရန်အတွက် အမျိုးသား လုံခြုံရေး ကောင်စီ၌ ပါဝင်သော တပ်မတော်ကိုယ်စားလှယ်အား မသင်္ကာသူများကို ရဲတပ်ဖွဲ့၏ အကူအညီဖြင့် ဖမ်းဆီးရန် တာဝန်ပေးခဲ့သည်။

သခင်သာခင်၏ လက်အောက်ရှိ ပြည်ထဲရေး ဝန်ကြီးဌာနသည် မသင်္ကာသူများ၏ စာရင်းကိုပြုစုရန် တာဝန်ယူရသည်။ ဦးကျော်ငြိမ်း၏ လက်ထောက်တဦးဖြစ်သူ သခင်သာခင်မှာ ပြည်ထဲရေးဝန်ကြီး ဖြစ်နေခြင်းကြောင့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် တာဝန်ယူရသော လုံခြုံရေး ကော်မတီ၏ ဥက္ကဋ္ဌ ဖြစ်လာသည်။

မတ်လကုန်ခါနီးတွင် မသင်္ကာသူများကို အစုလိုက် အပြုံလိုက် ဖမ်းဆီးသောအခါ ထိန်းသိမ်းခံရသူများ အနက် ဦးကျော်ငြိမ်း၏ လူခြောက်ဦးသာ ပါဝင်ပြီး သခင်ကျော်ထွန်း၏ နောက်လိုက်များဖြစ်ကြသော ဗတလစ ခေါင်းဆောင် များနှင့် အမတ်များပင် ပါဝင်သည့် ပုဂ္ဂိုလ်ပေါင်း ၂၀၀ ကျော် အဖမ်းခံခဲ့ကြရသည်။ ယင်းကဲ့သို့သော ဖြစ်ရပ်များကို မကျေနပ်သော သခင်တင်နှင့် သခင်ကျော်ထွန်းတို့က ၎င်းကိစ္စသည် မတရားကြောင်း ဦးနုအား ကန့်ကွက် ပြောဆို ခဲ့ကြသည်။

ထို့ကြောင့် ဦးနုသည် အကျပ်အတည်းနှင့် ကြုံတွေ့ရတော့သည်။ သူသည် ဦးကျော်ငြိမ်းနှင့် ပြိုင်ဘက်ဖြစ်နေ၍ ၎င်း၏ ထောက်ခံမှုကို လုံးဝ မရရှိတော့ချေ။ ဦးဗဆွေကိုလည်း မိတ်ဆွေတဦးအဖြစ် အားကိုးအားထား ပြုရန်လည်း အခြေ အနေက မပေးတော့။ ၎င်းက ကယ်တင်ရှင်များအဖြစ် ယုံကြည် အားထားရသော သခင်တင်နှင့် သခင်ကျော်ထွန်း၏ အုပ်စုကလည်း ၎င်းအပေါ် မကျေမနပ် ဖြစ်လာပြန်သည်။

ဦးနုသည် သူ အားကိုးအားထား ပြုနေရသည့် တခုတည်းသော အင်အားစုကို အဆုံးအရှုံး ခံနိုင်ပါသလော။ ယင်းမေးခွန်းမှာ သူ့အတွက် သူကိုယ်တိုင် အဖြေရှာရမည့် အရေးကြီးသော မေးခွန်းပင် ဖြစ်နေသည်။

ဦးနုသည် ဘာပဲဖြစ်ဖြစ် သခင်တင်၊ သခင်ကျော်ထွန်းတို့ အုပ်စုတွင် ပါဝင်ရပ်တည်ရန် ဆုံးဖြတ်ခဲ့သည်။ သူသည် ၎င်း၏ ရိုးသားမှုကို အခိုင်အမာ ပြသရန်အတွက် အကွဲအပြဲ ပေါ်ထွက်လာပါက ယင်းတို့ဘက်မှ ရပ်တည်ရန် ကတိပြုခဲ့သည်။

ဦးနုက နောင်အခါ၌ ၎င်း၏ ဆုံးဖြတ်ချက် မှန်ကန်ကြောင်းကို သက်သေထူရန် **"ဖွတ်မရ ဓားမ ဆုံး"** အဖြစ်တော့ မခံနိုင်ဘူးဟု ရှင်းလင်းပြောဆိုခဲ့သည်။ သူသည် ဖွတ်ကို ဆုံးရှုံးပြီး ဖြစ်သဖြင့် ဓားမကို လက်လွှတ်ရမှာကို စိုးရိမ်ကြောက်လန့်လျက် ရှိနေခဲ့သည်။

**လမ်းခွဲခဲ့လေပြီ**

ဧပြီလ ၂၅ ရက်နေ့တွင် ဦးနုသည် သခင်တင်၊ သခင်ကျော်ထွန်းတို့အား တိုင်ပင်ခဲ့ဟန် ရှိပြီးနောက် နယူးဒေလီမြို့သို့ ကုန်သွယ်ရေး ကိစ္စအတွက် ခရီးထွက်ခွာသွားသော ပြည်ထဲရေး ဝန်ကြီး သခင်သာခင်အား လမ်းတဝက်မှ ပြန်လာရန် သံကြိုးရိုက်ခေါ်ယူခဲ့သည်။ နောက်တနေ့တွင် သခင်သာခင်ထံမှ ပြည်ထဲရေးဝန်ကြီးဌာနကို ဦးနုက လွှဲပြောင်းယူခဲ့သည်။

ဧပြီလ ၂၅ ရက်နေ့ မွန်းလွဲပိုင်းတွင် အမျိုးသား စီမံကိန်း ကော်မရှင် အစည်းအဝေး ကျင်းပပြီးနောက် ဦးနုသည် သခင်သာခင်အား ကာလကတ္တားမြို့မှ ပြန်လည် ခေါ်ယူမည့် ကိစ္စကို သခင်တင်နှင့် သခင်ကျော်ထွန်းတို့၏ ရှေ့မှောက်၌ ဦးဗဆွေနှင့် ဆွေးနွေးခဲ့သည်။

ယင်းသို့ ဆွေးနွေးခြင်းဖြင့် သုံးဦးစလုံး၏ သဘောတူညီချက်ကို ရယူသည့်သဘော သက်ရောက်ခဲ့သည်။ ထိုအချိန်၌ ဦးကျော်ငြိမ်းမှာ ရခိုင်တွင် ရောက်ရှိနေသည်။ နောက်ပိုင်းကျမှ ဦးဗဆွေသည် ၎င်းအား ဦးနုက ဖွင့်ဟ မတိုင်ပင်မီကပင် သခင်သာခင်အား ပြန်ခေါ်သည့် သံကြိုးကို ပို့ပြီးဖြစ်ကြောင်း သိရသဖြင့် စိတ်ဆိုးခဲ့သည်။

ဧပြီလ ၂၉ ရက်နေ့တွင် တိုင်းပြည်သို့ အသံလွှင့်သည့် မိန့်ခွန်း၌ ဦးနုက လက်ရှိ ဖြစ်ပွားနေသော အခြေအနေများကြောင့် သခင်သာခင်ထံမှ ပြည်ထဲရေး ဝန်ကြီးဌာနကို ၎င်းကိုယ်တိုင် တာဝန် ယူခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုခဲ့သည်။

ဧပြီလ ၂၇ ရက်နေ့တွင် ဦးကျော်ငြိမ်းသည် ရခိုင်မှ ကမန်းကတန်း ပြန်လာခဲ့ပြီး ၎င်းနေ့ ညဥ့်ပင် သခင်သာခင်၊ ဦးထွန်းဝင်းနှင့် သခင်ချစ်မောင် (မြန်အောင်) တို့ လိုက်ပါလျက် ဦးနုအား သွားရောက် တွေ့ဆုံ မေးမြန်းခဲ့သည်။

ထို့နောက် ဦးနုသည် ဦးကျော်ငြိမ်းနှင့် ခွဲထွက်ရန် အကြံကို တင်ပြခဲ့သည်။ ဦးနုသည် ဧပြီလ၂၃ ရက်နေ့ကပင် သခင်တင်နှင့် သခင်ကျော်ထွန်းတို့အား ဖဆပလအဖွဲ့ကို အေးချမ်းစွာ အုပ်စုနှစ်ခု ခွဲ၍ ၎င်းသည် ယင်းတို့နှင့် ပူးပေါင်းမည်ဟု ထုတ်ဖော် ပြောဆိုထားခဲ့သည်။

ဧပြီလ ၂၇ ရက်နေ့ ညတွင် ဦးနုသည် ဦးကျော်ငြိမ်းနှင့် ၎င်း၏ ရဲဘော်များအား တစိတ်တဝမ်းတည်း ဆောင်ရွက်ရန် မဖြစ်နိုင်တော့သဖြင့် ငြိမ်းချမ်းစွာ ခွဲထွက်ခြင်းသည် အကောင်းဆုံး ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ ထို့ပြင် ဦးနုက ၎င်းသည် သခင်တင်၊ သခင်ကျော်ထွန်းတို့ အုပ်စုနှင့် ပူးပေါင်းမည်ဟုလည်း ကြေညာခဲ့သည်။

ဦးနုက ငြိမ်းချမ်းစွာ ခွဲထွက်နိုင်ရေးအတွက် "စကားနည်း ရန်စဲ" ဟူသော မူအရ တဦးနှင့် တဦး အပြန်အလှန် စွပ်စွဲပုတ်ခတ်မှုများကို ထိန်းချုပ်ထားရန် အလေးအနက် ပြောကြားခဲ့သည်။ ထို့နောက် ဦးနုက ငြိမ်းချမ်းစွာ ခွဲထွက်နိုင်ရန်အတွက် အချက် ၇ ချက် ပါဝင်သော နည်းလမ်းကို တင်ပြခဲ့သည်။

*ဦးနု တင်ပြသော ခွဲထွက်ရေး အချက် ၇ ချက်မှာ -*

- အဖွဲ့မှ ခွဲထွက်ရခြင်းသည် အတူတူလုပ်ရန် မဖြစ်နိုင်ခြင်းကြောင့်ဖြစ်ပြီး အင်အားကြီးမားသော အုပ်စုတခုက အင်အားနည်းသော အခြားအုပ်စုတခုကို ထုတ်ပယ်ပစ်ခြင်းဟူသော အဓိပ္ပာယ် မကောက်ယူရေး၊
- ဖဆပလ အဖွဲ့ကြီး၏ ပိုင်ဆိုင်မှုများကို အုပ်စုနှစ်ခု အညီအမျှ ခွဲဝေယူကြရေး၊
- မေလ ၂၈ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ထားသော ဖဆပလ ဗဟိုဦးစီး အဖွဲ့က မည်သည့် အဖွဲ့သည် ဖဆပလဟူသော အမည်ကို ဆက်ခံခွင့် ရှိသည်ဟု အဆုံးအဖြတ် ပေးရေး၊
- သြဂုတ်လ လွှတ်တော် အစည်းအဝေး မကျင်းပသေးမီ ဝန်ကြီးချုပ်က ဆန့်ကျင်ဘက် အုပ်စုတွင် ပါဝင်သော ဝန်ကြီးများကို ရာထူးမှ ထုတ်ပယ်ခြင်း မပြုရေး၊
- အစိုးရ ဖြစ်လာသော အဖွဲ့က အခြားအဖွဲ့ကို အနိုင်အထက် မပြုရေး၊
- မည်သည့် အစိုးရ ဝန်ထမ်းကိုမှ နိုင်ငံရေးဖြင့် အရေးယူခြင်း မပြုရေး၊
- အဖွဲ့ နှစ်ဖွဲ့သည် နိုင်ငံရေး သဘောထား ကွဲလွဲကြသော်လည်း လူမှုရေးအရ ဆက်ဆံရေးကို ဆက်လက်ထား ရှိ သွားရေး၊

တို့ ဖြစ်ကြသည်။

အမှန်စင်စစ်အားဖြင့် ဦးနုသည် ဦးကျော်ငြိမ်း၏ အဖွဲ့နှင့် နယူးဒေလီသို့ ကုန်သွယ်ရေး မစ်ရှင်အဖွဲ့ကို ခေါင်းဆောင် သွားသော သခင်သာခင်ကို ပြန်ခေါ်ရေး ကိစ္စကို မဆွေးနွေးမီ နှစ်ရက်စော၍ ဦးဗဆွေအား မိမိတို့ ပါတီ လမ်းခွဲ၍ ထွက်မည့်အကြောင်း ပြောပြခဲ့သည်။

ဦးဗဆွေက ခွဲထွက်ရေး ကိစ္စကို ပြန်လည်စဉ်းစားရန်နှင့် ခွဲထွက်ရေးကို ၁၉၆၀ ပြည့်နှစ်၊ ရွေးကောက်ပွဲအထိ ဆိုင်းငံ့ ထားပါရန် မေတ္တာရပ်ခံခဲ့သည်။

ပါတီတွင်း အကွဲအပြဲများ စတင်ဖြစ်ပေါ်စက ဦးဗဆွေသည် မည်သည့် အုပ်စုဘက်ကိုမျှ ပါဝင်ခြင်း မပြုခဲ့ဘဲ ဖဆပလ အဖွဲ့ တည်မြဲရေးအတွက် ရပ်တည်ကာ အဖွဲ့ကြီးမှ ခွဲထွက်ရေးကို ဆန့်ကျင်ခဲ့သည်။

ဦးဗဆွေသည် ဖဆပလ အဖွဲ့ကြီးကို ဖြိုခွဲရန် လိုလားသူများအား ပြစ်တင် ရှုတ်ချကာ အဖွဲ့ကြီး တည်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်မည့် ပုဂ္ဂိုလ် မည်သူနှင့်မဆို ပူးပေါင်း ဆောင်ရွက်သွားမည်ဟု ထုတ်ဖော် ကြေညာခဲ့သည်။

နောက်ပိုင်းတွင် ဦးဗဆွေသည် ဦးကျော်ငြိမ်း၏ အုပ်စုနှင့် ပူးပေါင်းခဲ့သည်။ ဦးကျော်ငြိမ်းကမူ ၎င်းသည် ဦးဗဆွေနှင့် ပူးပေါင်းခဲ့ခြင်းသာဖြစ်ပြီး ဦးဗဆွေက ၎င်း၏ အုပ်စုနှင့် လာရောက်ပူးပေါင်းခြင်း မဟုတ်ဟု ပြောဆိုခဲ့သည်။ ယင်းကဲ့သို့ ပူးပေါင်းခဲ့ခြင်းမှာ ဦးဗဆွေ၏ ဖဆပလအဖွဲ့ကြီး တည်မြဲရေး ရပ်တည်ချက်ကို လက်ခံသဘောကျသဖြင့် ဦးဗဆွေနှင့် ပူးပေါင်းခဲ့ခြင်း ဖြစ်ကြောင်းဖြင့် ဦးကျော်ငြိမ်းက ပြောကြားခဲ့သည်။

ထို့နောက် ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့သည် တည်မြဲဖဆပလ အဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ သို့ရာတွင် ဖဆပလအဖွဲ့၏ ဌာနချုပ်မှာ ဥက္ကဋ္ဌ ဦးနု၊ အထွေထွေအတွင်းရေးမှူး သခင်ကျော်ထွန်းနှင့် ဘဏ္ဍာရေးမှူး ဦးတင်တို့ ပါဝင်သော နု-တင် အုပ်စု၏ လက်ထဲတွင် ရှိနေသည်။

နု-တင်အုပ်စုက သန့်ရှင်းဖဆပလ အဖွဲ့ကို တည်ထောင်ခဲ့သည်။ ၎င်းတို့က မိမိတို့၏အဖွဲ့အတွင်း လူညစ်များ ပါဝင်ခြင်း မရှိသည်ကို ရည်ညွှန်း၍ သန့်ရှင်းအဖွဲ့ဟု ခေါ်ဝေါ်ခဲ့ကြောင်း ရှင်းလင်းခဲ့သည်။

ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့က ၎င်းတို့၏ ဌာနချုပ်ကို ပထမပိုင်း၌ တီယူစီဘီ ဌာနချုပ်၌ ဖွင့်လှစ်ကာ နောက်ပိုင်းတွင် ဦးဗဆွေ၏ နေအိမ်သို့ ပြောင်းရွှေ့ခဲ့သည်။

မေလ ၃ ရက်နေ့တွင် မပြိုကွဲသေးသော ဖဆပလ အဖွဲ့ကြီး၏ အလုပ်အမှုဆောင် အစည်းအဝေးကို နောက်ဆုံး အကြိမ် ကျင်းပကာ ခွဲထွက်ရေး ကိစ္စများကို ဆုံးဖြတ်ခဲ့ကြသည်။

ဦးနု၊ သခင်တင်၊ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့ ပါဝင်သော ၄ ဦး ကော်မတီကို ဤအစည်းအဝေး၌ ဖွဲ့စည်းပြီး ငြိမ်းချမ်းစွာ ခွဲထွက်ရေးနှင့် ဖဆပလအဖွဲ့ပိုင် ပစ္စည်းများကို အညီအမျှ ခွဲဝေယူကြရန်အတွက် ဖွဲ့စည်းပေးခဲ့သည်။ ထို့ပြင် ဦးနု၏ အကြံပြု တင်ပြချက်အရ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ စာတမ်းကို ရေးဆွဲကြရန် ၄ ဦး ကော်မတီက တာဝန်ယူခဲ့သည်။

ထို့နောက် နှစ်ရက်အကြာ မေလ ၅ ရက်နေ့တွင် မကွဲမပြဲသေးသော ဖဆပလအစိုးရအဖွဲ့၏ ဝန်ကြီးအဖွဲ့၏ နောက်ဆုံး အစည်းအဝေးကို ကျင်းပကာ ဇွန်လ ၅ ရက်နေ့တွင် အထူးအရေးပေါ် ပြည်သူ့လွှတ်တော်ကို ခေါ်ယူကျင်းပရန် ဆုံး ဖြတ်ခဲ့သည်။ ယင်းလွှတ်တော် အရေးပေါ် အစည်းအဝေးသည် အုပ်စုနှစ်ခု၏ ပါလီမန်အတွင်း အားစမ်းပွဲဖြစ်ခဲ့သည်။

**အင်အား တန်းစီဇယား**

လမ်းခွဲကြရန် ဆုံးဖြတ်ပြီးသည့်အချိန်နှင့် ပါလီမန်တွင် အားစမ်းပွဲ မပြုလုပ်မီ အချိန်ကာလတို့ အတွင်းမှာပင် အုပ်စု နှစ်စုသည် တဖက်နှင့် တဖက် စွပ်စွဲပုတ်ခတ်မှုများ ပြုလုပ်ခဲ့ကြသည်။

တယောက်နှင့် တယောက် လာဘ်ပေးလာဘ်ယူမှု၊ ငါ့တူငါ့သား ငါ့မယား ကောင်းစားအောင် ဆောင်ရွက်မှု၊ မျက်နှာ လိုက်မှု၊ အာဏာမက်မှု၊ ကြာခိုမှု၊ ပြန်ပေးဆွဲမှုနှင့် လူသတ်မှု ကိစ္စများတွင် ပါဝင် ပတ်သက်ခဲ့ကြောင်း အပြန်အလှန် စွပ်စွဲမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် အုပ်စု နှစ်ခုလုံးရှိ ခေါင်းဆောင်များ၏ ဂုဏ်သိက္ခာ ထိပါးခဲ့ရသည်။
အချို့သော စွပ်စွဲ ပြောဆိုချက်များသည် အခြေအမြစ် မရှိသော်လည်း ဝါးလုံးရှည်နှင့် သိမ်းကျုံး၍ ရမ်းသော သဘောဖြင့် ဖဆပလအဖွဲ့ကြီးမှ ထိပ်ပိုင်းခေါင်းဆောင်များလည်း စွပ်စွဲခံရခြင်း ကင်းလွတ်သည်ဟူ၍ မရှိခဲ့ပါ။

အထူးအရေးပေါ် ပါလီမန် အစည်းအဝေး ကျင်းပရန် နီးကပ်လာသည်နှင့်အမျှ အုပ်စုနှစ်စုသည် ၎င်းတို့အား ထောက်ခံ မည့် အမတ်များကို စည်းရုံးခဲ့ကြသည်။ ဤသို့အားဖြင့် သာမန်လွှတ်တော် အမတ်တဦးသည် တန်ဖိုးရှိသူ တဦး ဖြစ်လာ သည်။

အဖွဲ့ဝင် ၃၀ ပါဝင်သော ဝန်ကြီးအဖွဲ့တွင် အုပ်စုနှစ်စုသည် တဖက်တွင် ၁၅ ဦးစီဖြင့် အားချင်းပြိုင်ညီမျှ၍ နေသည်။

***ဦးနုဘက်၌***

၁) သခင်တင် (ဒုတိယဝန်ကြီးချုပ်၊ လူမှုဖူလုံရေး)
၂) ဦးတင် (ကုန်သွယ်မှု တိုးတက်ဖွံ့ဖြိုးရေး)
၃) သခင်ကျော်ထွန်း (လယ်ယာနှင့် သစ်တော)
၄) ဗိုလ်မင်းခေါင် (သယ်ယူ ပို့ဆောင်ရေး)
၅) သခင်ပန်းမြိုင် (ဒီမိုကရေစီ အုပ်ချုပ်ရေး)
၆) သခင်တင်မောင် (အိုးအိမ်ဆောက်လုပ်ရေး)
၇) ဦးအောင်ပ (ရေကြောင်းသွားလာရေး)
၈) ဦးဘစော (သာသနာရေး)
၉) ဦးရာရှစ် (သတ္တုတွင်း)
၁၀) ဆမားဒူးဝါးဆင်ဝါးနောင် (အမျိုးသား စည်းလုံး ညီညွတ်ရေး)
၁၁) စောထွန်းအေး (လူဝင်မှု ကြီးကြပ်ရေး)
၁၂) စောခွန်ချို (ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် ရှမ်းပြည်နယ်)
၁၃) စပ်ဝဏ္ဏ (ကယားပြည်နယ်)
၁၄) ဦးဇာရဲလျံ (ချင်းပြည်နယ်)

တို့ ပါဝင်သည်။

***ဦးဗဆွေဘက်၌***

၁) ဦးကျော်ငြိမ်း (ဒုတိယဝန်ကြီးချုပ်၊ အမျိုးသားစီးပွားရေး)
၂) ဒေါက်တာစောလှထွန်း (ကရင်ပြည်နယ်)
၃) ဦးဖံထားဆင် (ကချင်ပြည်နယ်)

၄) ဗိုလ်ခင်မောင်ကလေး (ဘဏ္ဍာရေး)
၅) သခင်သာခင် (ပြည်ထဲရေး)
၆) ဦးခင်မောင်လတ် (တရားရေး)
၇) ဦးရှိန်ထန်း (ပြန်လည်ထူထောင်ရေး)
၈) ဦးထွန်းဝင်း (သမဝါယမ)
၉) ဦးတင်ညွန့် (အလုပ်သမား)
၁၀) သခင်ချစ်မောင်(မြန်အောင်) (ပြန်ကြားရေး)
၁၁) သခင်စံမြင့် (လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး)
၁၂) ဗိုလ်ခင်မောင် (စက်မှုလက်မှု)
၁၃) ဦးထွန်းတင် (ပညာရေး)
၁၄) ဒေါက်တာစိန်ဘန်း (ကျန်းမာရေး)
တို့ ပါဝင်ကြသည်။

ပါလီမန် အတွင်းဝန် ၃၂ ဦး ရှိသည့်အနက် ၂၂ ဦးသည် ဆွေ-ငြိမ်း အုပ်စုမှဖြစ်ကြပြီး ကျန် ၁၀ ဦးမှာ နု-တင် အုပ်စုမှ ဖြစ်ကြသည်။

အဖွဲ့ဝင် ၂၀ ဦး ပါဝင်သော ဖဆပလ အလုပ်အမှုဆောင် အဖွဲ့၌ အုပ်စုနှစ်စုသည် တဖက်တွင် ၁၀ ဦးစီဖြင့် အင်အား ညီမျှနေသည်။

၁။ ဦးနု
၂။ သခင်တင်
၃။ သခင်ကျော်ထွန်း
၄။ ဦးတင်
၅။ ဟသ်ာတဦးမြ
၆။ သခင်ပန်းမြိုင်
၇။ ဗိုလ်မင်းခေါင်
၈။ ဦးအောင်ပ
၉။ ဦးဘစော
၁၀။ သခင်တင်မောင် တို့သည် အုပ်စု တစု ဖြစ်နေပြီး၊

၁။ ဦးဗဆွေ
၂။ ဦးကျော်ငြိမ်း
၃။ သခင်သာခင်
၄။ ဦးခင်မောင်လတ်
၅။ ဗိုလ်ခင်မောင်ကလေး
၆။ ဦးတင်ညွန့်
၇။ ဒေါ်စိန်ပု
၈။ ဦးထွန်းဝင်း
၉။ သခင်ချစ်မောင်
၁၀။ သခင်စံမြင့် တို့သည် အခြားအုပ်စု၌ ပါဝင် နေကြသည်။

**အပြန်အလှန် အပုပ်ချကြခြင်း**

ဖဆပလအဖွဲ့ကြီးမှ ခွဲထွက်ကြရန် ဆုံးဖြတ်ပြီးနောက် ဇွန်လအတွင်း ပါလီမန်၌ အထူးအရေးပေါ် အစည်းအဝေးကို မကျင်းပမီ စပ်ကြားကာလကို ပြန်ပြောင်းတွေးကြည့်ပါက "စကားနည်းရန်စဲ" ဟု ပြောဆိုခဲ့ကြသော နိုင်ငံရေးသမား

များသည် ၎င်းတို့၏ လူကြီးလူကောင်းဆန်ဆန် ကတိကဝတ်များကို ချိုးဖောက်ပြီး လူတကာ အံ့ဩလောက်အောင် ပြုမူကျင့်ကြံခဲ့ကြကြောင်း တွေ့ရှိရပေသည်။

ဦးနုသည် ဖဆပလအဖွဲ့မှ ငြိမ်းချမ်းစွာ ခွဲထွက်သည့် ကိစ္စနှင့် ပတ်သက်၍ ၎င်း၏ ရိုးသားဖြူစင်မှုကို နိုင်ငံသားများက သိနားလည်စေချင်သည်။ ခွဲထွက်ရေးနှင့် ပတ်သက်သော အချက် ခုနစ်ချက်ပါသည့် အစီအစဉ်ကိုပင် တွေးတော ကြံဆခဲ့သည်။

သို့ရာတွင် ၎င်းအစီအစဉ်ကို မည့်သည့်အုပ်စုကမှ တိတိကျကျ လိုက်နာခြင်း မရှိခဲ့ပါ။ တယောက်၏ အတိတ်ကာလက ပြုလုပ်ခဲ့သော မကောင်းသည့်လုပ်ရပ်များကို ယခင်ကကဲ့သို့ ဆက်လက်၍ လျှို့ဝှက် ဖုံးကွယ်ထားခြင်း မပြုဘဲ ဖွင့်ထုတ်ပြောပြလာကြသည်။

တဦးနှင့် တဦး ကလဲ့စားချေသည့် သဘောဖြင့် အပြန်အလှန် ပုတ်ခတ်ပြောကြားရာ၌ လူအများစုက သန့်ရှင်းဖြူစင်သည်ဟု ထင်မှတ်ထားကြသော ပုဂ္ဂိုလ်များအား အလွန်ဆိုးသွမ်းသူများ အဖြစ်လည်းကောင်း။ မျိုးချစ် ပုဂ္ဂိုလ်များအား လူသတ်သမားများ၊ ပြန်ပေးဆွဲသူများ၊ မိန်းမပူ ပွေရှုပ်သူများ၊ လူဆိုးလူသွမ်းများ အဖြစ်လည်းကောင်း၊ ပြောဆိုခဲ့ကြခြင်းကြောင့် ပြည်သူလူထု အနေဖြင့် ခေါင်းဆောင်များအပေါ် ယုန်ထင်ကြောင်ထင် ဖြစ်လာခဲ့ကြသည်။

ဖဆပလ အစိုးရ အဖွဲ့၏ နောက်ဆုံး ဝန်ကြီးအဖွဲ့ အစည်းအဝေး ကျင်းပပြီး နှစ်ရက်အကြာ မေလ ၇ ရက်နေ့၌ မြို့တော်ခန်းမတွင် ကျင်းပသော တီယူစီဘီ အဖွဲ့ချုပ် အစည်းအဝေး မိန့်ခွန်းတွင် ဥက္ကဋ္ဌ ဦးဗဆွေက နောက်ဆုံးအချိန်အထိ ဦးနုအား သစ္စာစောင့်သိခဲ့ကြောင်း၊ ဆိုရှယ်လစ်များအကြား သဘောထားကွဲလွဲမှုနှင့် အထင်အမြင်လွဲမှုများ ပေါ်ပေါက်သည့်အခါတိုင်း ဦးနုကို ခေါင်းဆောင်အရာထား၍ အကြံဉာဏ်များ ရယူ တောင်းခံခဲ့ကြောင်း၊ ဤကဲ့သို့ တောင်းခံသည်ကို အကြောင်းပြု၍ မိမိတို့ တဦးနှင့် တဦး မသင့်မမြတ်ဖြစ်အောင် ဆောင်ရွက်ကာ ဦးနုက အမြတ်ထုတ်ခဲ့ကြောင်းဖြင့် စွပ်စွဲ ပြောဆိုခဲ့ပါသည်။ ဦးဗဆွေက ဦးနုအား ဘောလုံးပွဲတခု၌ ကြီးကြပ် ဒိုင်လူကြီး ဖြစ်သော်လည်း ဘက်လိုက်ပြီး ဂိုးသွင်းသော ဒိုင်လူကြီးဟု ဥပမာပေးခဲ့သည်။

ယင်းကဲ့သို့ ဦးဗဆွေက ဦးနု၏ ဉာဏ်နီ ဉာဏ်နက်များမှုကို ပြစ်တင်ရှုတ်ချခဲ့ပြီးနောက် နာရီပိုင်းအကြာ၌ ဦးနုသည် သတင်းစာရှင်းလင်းပွဲ တရပ် ပြုလုပ်ခဲ့သည်။

ဦးနုက ၎င်းအား အခြေအမြစ် မရှိသော စွဲချက်များဖြင့် ပုတ်ခတ် ပြောဆိုနေမည့်အစား သတ္တိ အမှန်တကယ် ရှိပါက ပြည်သူ့ စုံစမ်းစစ်ဆေးရေး ကော်မရှင်တရပ် ဖွဲ့စည်းကာ မိမိ၊ သခင်တင်နှင့် ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့၏ နိုင်ငံရေးအရ ရိုးသားမှုနှင့် အကျင့်စာရိတ္တ ကောင်းမွန်မှုတို့ကို အစစ်ဆေးခံရန် စိန်ခေါ်ခဲ့ပါသည်။

ထို့ပြင် ဦးနုက သခင်တင်နှင့် ဦးကျော်ငြိမ်းတို့ အကြီးအကျယ် စိတ်ဝမ်း ကွဲပြားနေခြင်းကို မိမိက ရင်ကြားစေ့ရန် ကြိုးပမ်းမှုများ မအောင်မြင်ရုံ မျှသာမက ၎င်းအား ဘက်လိုက်သည်ဟု သံသယဝင်ကာ အထင်လွဲခံခဲ့ရကြောင်းဖြင့် ဖွင့်ဟပြောဆိုခဲ့သည်။

ဖဆပလအဖွဲ့၏ အပြီးသတ် အကွဲအပြဲကိစ္စ၌ သခင်တင်နှင့် ပူးပေါင်းခဲ့သည့် အကြောင်းပြချက်ကို မေးမြန်းရာ၌ ဦးနုက ညီညွတ်ရေးအတွက် ပူးပေါင်းခဲ့ခြင်း ဖြစ်ကြောင်းဖြင့် ဖြေကြားခဲ့သည်။

ပါတီခေါင်းဆောင်များ တဦးနှင့်တဦး ပုတ်ခတ်နေခြင်းကြောင့် နောက်ပိုင်းတွင် ယင်းတို့၏ နောက်လိုက်များကပါ တဦးကို တဦး ပြစ်တင် ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်။

တရက်ပြီး တရက် အချိန်ကုန်ဆုံးလာသည်နှင့် အမှု အပုပ်ချ စွပ်စွဲပြောဆိုမှုများ ပိုမိုများပြား ပြင်းထန်လာကာ ယင်း စွပ်စွဲ ပြောဆိုမှုများ ရန်ကုန်မြို့တော်မှ တဆင့် မြို့များသို့ ပျံ့နှံ့ ရောက်ရှိသွားသောအခါ အချို့သော ကျေးလက်ဒေသများ၌ အကြမ်းဖက်မှုများ ဖြစ်ပွားလာသည် အထိ အခြေအနေ ဆိုးရွားခဲ့သည်။

ဦးနုက ၎င်း၏စိန်ခေါ်မှုကို အကြောင်းပြန်ကြားရန် သုံးရက်အချိန်ပေးခဲ့သော်လည်း ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့အုပ်စုက နောက်တနေ့တွင်ပင် ယင်းတို့ အုပ်စုမှ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့ နှစ်ဦးတည်း သာမက ၎င်းအုပ်စုမှ ခေါင်းဆောင်များ

အားလုံးပင် ပြည်သူ့ စုံစမ်းစစ်ဆေးရေး ကော်မရှင်၌ စစ်ဆေးခံရန် အသင့်ရှိကြောင်း၊ ဦးနု၏ အုပ်စုမှလည်း အလားတူ စစ်ဆေးခံရန် လိုလားကြောင်းဖြင့် တန်ပြန် စိန်ခေါ်ခဲ့သည်။ ယင်းအပြန်အလှန် စိန်ခေါ်ကြသော်လည်း လက်တွေ့တွင်ကား စစ်ဆေးခံမှု မပြုခဲ့ကြပေ။

တချိန်တည်းမှာပင် အားပြိုင်ရာ၌ တဖွဲ့အပေါ် တဖွဲ့ အသာစီးရစေရန် လှုပ်ရှားဆောင်ရွက်လျက် ရှိသည်။ ဆွေ-ငြိမ်း အုပ်စုက ဖဆပလ ဗဟိုဦးစီး အဖွဲ့၌ ဗတလစ အဖွဲ့တွင် အဖွဲ့ဝင် အများအပြား ပါဝင်နေသည့်အတွက် နိုင်ပေါက် မရှိသော်လည်း ပါလီမန်၌ နု-တင် အုပ်စုကို အနိုင်ရရှိရန် အခွင့်အလမ်း သာနေသည်ဟု တွက်ဆခဲ့ကြသည်။

ထို့ကြောင့် အားပြိုင်မှုကို ပါလီမန်၌ အားပြိုင်ကြရန် ကြံဆောင်ခဲ့ကြသည်။ ထို့ကြောင့် ဖဆပလအတွင်း အားပြိုင်မှု မလုပ်ဘဲ ပါလီမန်တွင်း၌သာ အားစမ်းပွဲ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဆွေ-ငြိမ်းအုပ်စုသည် ဖဆပလအဖွဲ့ဝင် အမတ်များအကြား မဲအများစုကို ရရှိရန် သေချာလျက်ရှိနေသော်လည်း အမတ်အင်အား ၄၅ ဦး ရှိသော (ပမညတ) အဖွဲ့က နု-တင် အုပ်စုကို ထောက်ခံကြောင်း ကြေညာခဲ့သဖြင့် စိတ်မသက်သာ ဖြစ်ခဲ့ကြသည်။

ထို့အပြင် အာဏာလက်ရှိ အုပ်စုသည် အာဏာမဲ့နေသော အုပ်စုထက် အခွင့်အလမ်း ပိုမိုသာလျက် ရှိနေသည်ကိုလည်း သဘောပေါက် သိနားလည်ခဲ့ကြသည်။ ထို့ကြောင့် ဆွေ-ငြိမ်း အုပ်စုသည် အခြားခြေလှမ်းတခုကို စဉ်းစားကြံဆခဲ့ပြန်သည်။

မေလ ၁၄ ရက်နေ့တွင် ဆွေ-ငြိမ်းအုပ်စုက ဦးနုထံ စာတစောင် ရေးသားရာ၌ ဦးနုသည် ရာထူးမှ နုတ်ထွက်ပြီး ဇွန်လ ၅ ရက်နေ့တွင် ကျင်းပရန် ခေါ်ယူထားသော အထူးအရေးပေါ် ပါလီမန် အစည်းအဝေး၌ ဝန်ကြီးချုပ်အဖြစ် ပြန်လည် အရွေးခံမှသာ တရားမျှတမှု ရှိမည်ဟု ဖော်ပြခဲ့သည်။

သို့မှသာ အုပ်စုနှစ်စုသည် တန်းတူညီမျှနေပြီး မည်သည့်အုပ်စုကမျှ ၎င်း၏ အကျိုးစီးပွားအတွက် ရာထူးဌာနန္တရကို အသုံးပြုသည်ဟု စွပ်စွဲရန် အကြောင်းမရှိနိုင်ဟုလည်း ဖော်ပြခဲ့ကြသည်။ ထိုနည်းလမ်းအရ ဆောင်ရွက်မှသာ ဒီမိုကရေစီ ကျမည်ဟုလည်း ရေးသားခဲ့သည်။

အဆိုပါ အကြံပြုချက်ကို ဦးနုက လက်ခံခြင်း မပြုသကဲ့သို့ ပယ်ချခြင်းလည်း မပြုဘဲ တိတိကျကျအဖြေမပေးခဲ့ပါ။ ဦးနုက အတိုက်အခံ ပါတီ အဖွဲ့ဝင်များအား ဝန်ကြီးအဖွဲ့၌ ဆက်လက်ထားရှိခြင်းဖြင့် ၎င်း၏ သဘောထားကြီးမှုနှင့် ဒီမိုကရေစီကျမှုကို ထောက်ပြကာ ယင်းဝန်ကြီးများသည် အထူးအရေးပေါ် ပါလီမန် ကျင်းပရန် တရက်အလို၌သာ ရာထူးမှ နုတ်ထွက်ရမည့် အကြောင်းကို ရှင်းလင်းပြန်ကြားခဲ့သည်။

ဦးနုအား အခွင့်အလမ်းသာစေသည့် ဝန်ကြီးချုပ် ရာထူးမှ ဖယ်ရှားရန် မအောင်မြင်နိုင်သောအခါ ဆွေ-ငြိမ်းအုပ်စုက အခြားအဆိုပြုချက်တရပ်ကို တင်ပြခဲ့ပြန်သည်။ ဝန်ကြီးချုပ် ဖြစ်ရေး၊ မဖြစ်ရေး ကိစ္စမှာ ဖဆပလ အဖွဲ့ဝင် အမတ်များ၏ အဆုံးအဖြတ်ပေါ်၌သာ တည်မှီနေသဖြင့် ယင်းတို့၏ ဆန္ဒ သဘောထားကို ထပ်မံတောင်းခံရန် အကြံပြုခဲ့ရာ ဦးနုက လက်ခံခြင်း မပြုခဲ့ပါ။

ဤကဲ့သို့ တအုပ်စုနှင့် တအုပ်စု အခြေအနေအရ အပေါ်စီးရစေရန် လှုပ်ရှား ဆောင်ရွက်နေချိန်တွင် အပြန်အလှန် စွဲချက်တင် ဝေဖန်မှုများသည်လည်း တစထက်တစ ပိုမို ပြင်းထန်လာလျက် ရှိသည်။

နိုင်ငံတဝှန်းတွင် အကြမ်းဖက်မှုများ ဖြစ်ပွား ပေါ်ပေါက်လာမည့် အရေးကို ပြည်သူများက စိုးရိမ်တကြီးဖြင့် စောင့်ကြည့်ရသော အခြေအနေသို့ ရောက်ရှိခဲ့သည်။ ပြည်သူများ၏ စိုးရိမ်ပူပန်မှုသည် ရန်ကုန်မြို့ရှိ ကျောင်းထိုင် ဆရာတော်များ အထိ ပျံ့နှံ့လာခဲ့သည်။

ထို့ကြောင့် မေလ ၂၀ ရက်နေ့တွင် ဆရာတော်ကြီးများက ပဋိပက္ခ ဖြစ်ပွားနေသော နိုင်ငံရေး အုပ်စုနှစ်စုမှ ကိုယ်စားလှယ်များကို ခေါ်ယူကာ အကြမ်းမဖက်ရေးနှင့် တဖက်နှင့်တဖက် မဟုတ်မမှန် လုပ်ကြံ စွပ်စွဲမှုများကို ရပ်ဆိုင်းကြရေး တို့ကို မေတ္တာရပ်ခံခဲ့သည်။

ထို့ပြင် နှစ်ဖက် အုပ်စုတို့ကလည်း တရားနည်းလမ်း ကျနစွာ ဒီမိုကရေစီကျကျ ယှဉ်ပြိုင်ကြရန်နှင့် နိုင်သူက ရှုံးသူကို နှိပ်စက်ညှဉ်းပန်းခြင်း မပြုရန်လည်း ဝန်ခံခဲ့ကြသည်။

**ဖဆပလ အမွေခွဲခြင်း**

ဖဆပလ အဖွဲ့ကြီး နှစ်ခြမ်းကွဲမှုကြောင့် ပြဿနာကြီး နှစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ပထမ ပြဿနာမှာ ဖဆပလ အဖွဲ့ပိုင် ငွေကြေးနှင့် ပစ္စည်းများကိုလည်းကောင်း၊ ဖဆပလ အမည်ကိုလည်းကောင်း အမွေဆက်ခံရေးဖြစ်ပြီး ဒုတိယပြဿနာမှာ အုပ်စုနှစ်ခု အားစမ်းသည့်နေရာ ရွေးချယ်ရေးပင် ဖြစ်သည်။

အဖွဲ့ကြီးမှ ငြိမ်းချမ်းစွာ ခွဲထွက်ရေးအတွက် ဦးနု တင်ပြသော အချက် ၇ ချက်၌ အဖွဲ့ကြီး၏ ပိုင်ဆိုင်မှု ပစ္စည်းများကို အညီအမျှ ခွဲဝေယူကြရန် အမည်ဟောင်းကို ဆက်လက် အသုံးပြုရေးနှင့် ပတ်သက်၍ မေလ ၂၈ ရက်နေ့တွင် ကျင်းပ ရန်ရှိသည့် ဖဆပလ ဗဟိုဦးစီး အဖွဲ့ အစည်းအဝေးက ဆုံးဖြတ်ရန် ပါရှိခဲ့သည်။ ဖဆပလအဖွဲ့ နှစ်ခြမ်းကွဲသည့် အချိန်၌ အဖွဲ့ရန်ပုံငွေမှာ ကျပ် ငါးသိန်းခန့် ရှိသည်။

ဖဆပလ ဟူသော အမည်ကို ဆက်လက် အသုံးပြုရေးနှင့် ပတ်သက်၍ ဦးနုသည် လုံးဝ စိတ်ဝင်စားမှု မရှိပါ။ အဖွဲ့ကြီး အတွင်းမှ မလိုလားအပ်သော ပုဂ္ဂိုလ်များအား ဖယ်ရှားရေးကို ဦးနု ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပါ။

ယင်းကိစ္စကို တိတိကျကျ ဆောင်ရွက်မည် ဆိုပါကလည်း လက်တွေ့အားဖြင့် အဖွဲ့ကြီး ပြိုကွဲသွားမည်သာ ဖြစ်သည်။ ထိုအချိန်မှ စ၍ ဖဆပလအဖွဲ့ ဌာနချုပ်၌လည်းကောင်း၊ နယ်များ၌လည်းကောင်း အဖွဲ့များ ဖွဲ့စည်းထားမှုကို များစွာ မကျေမနပ် ဖြစ်နေသည့် ဦးနုသည် ဖဆပလ အဖွဲ့ကို ခွေးသေကောင်ပုပ်နှင့် နှိုင်းကာ မိမိလည်ပင်း၌ ဆွဲမထားလိုတော့ ကြောင်းဖြင့် မကြာခဏ ထုတ်ဖော် ပြောကြားခဲ့သည်။

အဖွဲ့ကြီး အမှန်တကယ် ကွဲသွားသောအခါ အဖွဲ့ကြီးကို ဆွေ-ငြိမ်း အုပ်စု၏ လက်ထဲ၌ ချန်ထားလိုသော ဆန္ဒရှိခဲ့သည်။ သို့ရာတွင် ၎င်း၏ ရဲဘော်များ ဖြစ်ကြသော သခင်တင်နှင့် သခင်ကျော်ထွန်းတို့က အဖွဲ့ကြီးသည် ယခုထက်တိုင် ဩဇာ ရှိသော မဲရရှိနိုင်သည့် အင်အားစုကြီး တခုဖြစ်နေကြောင်း ထောက်ပြကာ ဖဆပလအဖွဲ့ကို စွန့်ခွာရေးကို ဆန့်ကျင် ခဲ့ကြသည်။

အတိုက်အခံများ၏ လက်တွင်း၌ ထိုကဲ့သို့ အားကောင်းသော အဖွဲ့ကြီးကို ဝကွက် မအပ်ရန် အပြင်းအထန် ကန့်ကွက် ခဲ့ကြသည်။ ဦးနုက ၎င်းတင်ပြချက်ကို လက်ခံကာ အဖွဲ့ကြီးမှ စွန့်ခွာသွားရေး စိတ်ကူးကို စွန့်လွှတ်ခဲ့သည်။

နု-တင် အုပ်စုသည် အပေါ်စီးရသော အနေအထားတွင် ရှိနေသည်။ အရေးပါသော ရာထူးများ ဖြစ်ကြသော ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် ဘဏ္ဍာရေး ရာထူးများကို ဦးနု၊ သခင်ကျော်ထွန်းနှင့် ဦးတင် (မြန်မာ့အလင်း) တို့က အသီးသီး ရယူထားကြသည်။

အဖွဲ့နှစ်ဖွဲ့ ခွဲထွက်ပြီးနောက် ယင်းပုဂ္ဂိုလ် သုံးဦးသည် ရုံးသို့ နေ့စဉ်မှန်မှန် တက်ရောက်ခြင်းအားဖြင့် ဆွေ-ငြိမ်း အုပ်စုမှ အလုပ်အမှုဆောင် အဖွဲ့ဝင်များကို အလိုအလျောက် ဖယ်ရှားပြီး ဖြစ်သွားသည်။

ထို့ကြောင့် နု-တင် အုပ်စုသည် အဖွဲ့ကြီးကို လက်တွေ့ ပိုင်ဆိုင်လျက်ရှိသည့်အတွက် ဆွေ-ငြိမ်း အုပ်စုသည် ၎င်းတို့၏ ဌာနချုပ်ကို ပထမတွင် တီယူစီဘီ ဌာနချုပ်၌လည်းကောင်း၊ နောက်ပိုင်းတွင် ဦးဗဆွေ၏ နေအိမ်၌လည်းကောင်း ဖွင့်လှစ်ခဲ့ရသည်။

အစိုးရ ဖွဲ့စည်းရေးနှင့် ပတ်သက်၍ မေလ ၅ ရက်နေ့တွင် ကျင်းပသော ဝန်ကြီးအဖွဲ့ အစည်းအဝေးက ဇွန်လ ၅ ရက်နေ့တွင် အရေးပေါ် လွှတ်တော် အစည်းအဝေး ခေါ်ယူ၍ အားစမ်းရန် ဆုံးဖြတ်ခဲ့သည်။ ဤသို့ဖြင့် ဆွေ-ငြိမ်း အုပ်စု၏ အဆိုပြုချက်အရ ပါလီမန်တွင်း အားစမ်းပွဲ ပြုလုပ်ရန် နည်းလမ်းကို ရွေးချယ်ခဲ့ကြသည်။

ဇွန်လ၌ ကျင်းပမည့် ပါလီမန် အစည်းအဝေး နီးကပ်လာသည်နှင့်အမျှ ပါလီမန် ခေါ်ယူရန် အကြံပြုခဲ့သော ဆွေ-ငြိမ်း အုပ်စုသည် အနိုင်ရရှိရန် အသေချာ ဖြစ်လာခဲ့သည်။ အထူးသဖြင့် အမတ် ၄၅ ဦး ပါဝင်သော ပမညတအဖွဲ့က နု-တင်

အုပ်စုကို ထောက်ခံရန် ဆုံးဖြတ်ခဲ့သည့်အပြင် လူမျိုးစု အမတ်အုပ်စုကလေးများကလည်း ဆွေ-ငြိမ်းအုပ်စုအား ထောက်ခံရန် မသေချာဘဲ ရှိလာကြသည်။

ပါလီမန် ကျင်းပမည့်ရက် နီးကပ်လာသည်နှင့်အမျှ အုပ်စု နှစ်ခု၏ စည်းရုံးမှု ပိုမို သွက်လက်လာခဲ့သည်။ ဖဆပလ အဖွဲ့များ အတွင်း၌ ဆွေ-ငြိမ်းအုပ်စုက အသာစီးရနေသည်။ ဖဆပလ အမတ်အများစု ၎င်းတို့ကို ထောက်ခံကြသည်။ မေလလယ်ခန့်တွင် ဖဆပလ ဗဟိုဦးစီး အဖွဲ့၌လည်း ဆွေ-ငြိမ်းအုပ်စုက အများစုရရှိရန် သေချာလျက် ရှိနေပေသည်။

ထို့ကြောင့် ၎င်းတို့သည် ဖဆပလ ဗဟိုဦးစီး အဖွဲ့နှင့် ဖဆပလ အမတ်များ၏ အစည်းအဝေး ကျင်းပပေးရန် ဦးနုအား တောင်းဆိုခဲ့ကြသည်။ ဆွေ-ငြိမ်းအုပ်စုသည် ဖဆပလအဖွဲ့အတွင်း၌ အင်အားပိုမို တောင့်တင်းလျက်ရှိသဖြင့် ပြဿနာများအား အဖွဲ့အတွင်း၌ ဖြေရှင်းရေးကိုသာ လိုလားကြသည်။

ဦးနုက ဖဆပလ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ပါလီမန် အစည်းအဝေး ကျင်းပပြီးသည့်နောက်မှ ကျင်းပပေးမည်ဟု အကြောင်းပြန်ကြားခဲ့သည်။ ဇွန်လ ၉ ရက်နေ့တွင် ပါလီမန်၌ ဆွေ-ငြိမ်းအုပ်စုက အစိုးရအပေါ် အယုံအကြည် မရှိ အဆိုတင်သွင်းခဲ့၍ မဲခွဲသောအခါ ထောက်ခံမဲ ၁၁၉ မဲ၊ ကန့်ကွက်မဲ ၁၂၇မဲ ရရှိကာ ၈ မဲအသာဖြင့် ဦးနု-သခင်တင် အုပ်စုက အနိုင်ရရှိသွားခဲ့သည်။ သို့ဖြစ်၍ ပြဿနာတရပ်ဖြစ်သော အားပြိုင်မှုမှာ ဇွန်လ ၉ ရက်နေ့တွင် ပြီးဆုံးသွားခဲ့သည်။ သို့ရာတွင် ဖဆပလ အမွေခွဲရေး ပြဿနာမှာ မပြေလည်ဘဲ ကျန်ရှိနေသည်။

ဦးနုသည် ပါလီမန် အစည်းအဝေး ကျင်းပပြီးနောက် ဖဆပလ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ခေါ်ယူရန် ကနဦးက ကတိပြုခဲ့သော်လည်း ၎င်းကတိအတိုင်း ဆောင်ရွက်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ဆွေ-ငြိမ်း အုပ်စုဝင် ဖဆပလ ဗဟိုဦးစီး အဖွဲ့ဝင်များက ဦးနုအား အစည်းအဝေး ခေါ်ယူပေးရန် နှိုးဆော်စာကို ဇွန်လ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုး ပေးပို့ခဲ့ရသည်။ ဦးနုက အကြောင်းပြန်ကြားခြင်း မပြုသည့်အတွက် ဇွန်လ ၁၅ ရက်နေ့တွင် ဆွေ-ငြိမ်းအုပ်စုက ဗဟိုဦးစီး အစည်းအဝေး ကို အဖွဲ့ဝင် ၂၆၀ ရှိသည့်အနက် ၁၄၀ ဦးဖြင့် ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးက မူလက ဖွဲ့စည်းထားသော အလုပ်အမှုဆောင် အဖွဲ့ကို ဖျက်သိမ်းကာ ဥက္ကဋ္ဌ ဦးနု၏ နေရာ၌ မန်းမြစိန်ကို ရွေးချယ်ကာ ကြားဖြတ် အလုပ်အမှုဆောင် အဖွဲ့ကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ အစည်းအဝေးက မြန်မာနိုင်ငံလုံးဆိုင်ရာ ဖဆပလ ညီလာခံ အစည်းအဝေးကို ဇွန်လ ၂၂ ရက်နေ့၌ ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ပြီး ဖိတ်ကြားစာများကို ဦးနု-ဦးတင်အုပ်စု အပါအဝင် အဖွဲ့ဝင် ၂၆၀ ဦးတို့ထံ ပေးပို့ခဲ့သည်။

ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးသို့ ဆွေ-ငြိမ်းအုပ်စုဝင် ကောင်စီ အဖွဲ့ဝင် ၁၄၀ ဦး တက်ရောက်ခဲ့သော်လည်း နု-တင်အုပ်စု မတက်ရောက်ဘဲ သပိတ်မှောက်ခဲ့သည်။ ယင်းအစည်းအဝေးက ဦးနုနှင့် အပေါင်းအပါများကို စွဲဆိုချက် ၁၃ ချက်ဖြင့် စွဲဆိုကာ အဖွဲ့မှ ထုတ်ပယ်ခဲ့သည်။ ယင်းစွဲဆိုချက်များအနက် ဦးနုနှင့် အပေါင်းအပါများက ဖဆပလအဖွဲ့ကြီး အကွဲအပြဲ ပေါ်ပေါက်ရန် ကြံစည်ခဲ့ကြပြီး အဖွဲ့ကြီးအား ခွေးသေကောင်ပုပ်နှင့် ခိုင်းနှိုင်းခေါ်ဆိုကာ ဂုဏ်သိက္ခာကို မေးမှိန်စေခဲ့သည်ဟူသော အချက်များ ပါရှိ သည်။

ဗဟိုဦးစီး အဖွဲ့က ဦးဗဆွေအား ဥက္ကဋ္ဌ၊ သခင်သာခင်အား အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်ကာ အလုပ်အမှုဆောင် အဖွဲ့သစ်ကို ရွေးချယ် တင်မြှောက်ခဲ့သည်။

ဇူလိုင်လ ၁ ရက်နေ့တွင် သခင်သာခင်သည် ဖဆပလ အထွေထွေအတွင်းရေးမှူး အနေဖြင့် နု-တင်အုပ်စုအား အသင်း၏ အဆောက်အဦများ၊ ရန်ပုံငွေများ၊ တံဆိပ်တုံးများနှင့် အဖွဲ့၏ အထိမ်းအမှတ် တံဆိပ်များကို စစ်မှန်သော ပိုင်ရှင်များလက်သို့ လွှဲပြောင်းပေးရန် တောင်းဆိုခဲ့သည်။

နောက်တနေ့တွင် ဆိုရှယ်လစ်ပါတီ ဥက္ကဋ္ဌ ဦးဗဆွေက သခင်တင်နှင့် သခင်ပန်းမြိုင်တို့ကို ဆိုရှယ်လစ်ပါတီမှ ထုတ်ပယ်ခဲ့ပြီး ၎င်းတို့ တာဝန်ယူနေကြသော ဗတလစနှင့် စပကသ အဖွဲ့ ခေါင်းဆောင်များ အဖြစ်မှ ဖယ်ရှားခဲ့သည်။

ဤတောင်းဆိုချက်များ၊ မေတ္တာရပ်ခံချက်များနှင့် ထုတ်ပယ်မှုများမှာ စိတ်ဓာတ်ရေးရာ အရသာ အကျိုးသက်ရောက်မှု ရှိခဲ့သည်။ ဖဆပလအဖွဲ့ ဌာနချုပ်မှာ နု-တင်အုပ်စုက လက်တွေ့အားဖြင့် ဆက်လက်ပိုင်ဆိုင်ထားကာ ဗတလစနှင့် စပကသ အဖွဲ့များမှာလည်း သခင်ကျော်ထွန်းနှင့် သခင်ပန်းမြိုင်တို့၏ ခေါင်းဆောင်မှုအောက်၌ပင် ရှိနေခဲ့သည်။

ဆွေ-ငြိမ်းအဖွဲ့၏ တောင်းဆိုချက်များကို နု-တင်အုပ်စုက လျစ်လျူ ရှုခဲ့ရုံမျှသာမက ဦးဗဆွေနှင့် အပေါင်းအပါများအား ဖဆပလ အဖွဲ့၏ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းများကို ချိုးဖောက်ခဲ့သည်ဟူသော အကြောင်းပြချက်ဖြင့် အဖွဲ့မှ ထုတ်ပယ်ခဲ့သည်။

ဆွေ-ငြိမ်း အဖွဲ့က ကြီးမှူးကျင်းပခဲ့သော ဗဟိုဦးစီး အဖွဲ့မှာ တရားမဝင်ကြောင်း၊ ၎င်း၏ ဆုံးဖြတ်ချက်များမှာ အဓိပ္ပာယ်မရှိကြောင်းဖြင့် ရှင်းလင်းခဲ့သည်။

မည်သို့ပင်ဆိုစေ မိမိကိုယ်ကိုယ် မိမိ ဖဆပလ အဖွဲ့ကြီးအား တရားဝင် အမွေဆက်ခံသူများဟု အုပ်စု နှစ်ခုစလုံးက ကြွေးကြော် နေကြသော်လည်း မိမိ၏ အခြေအနေ မရေရာမှုကြောင့် အုပ်စုတခုက ၎င်းတို့ အဖွဲ့ကို တည်မြဲဖဆပလ အဖွဲ့ဟု ခေါ်ဝေါ်ကာ ကျန်တဖွဲ့ သန့်ရှင်းဖဆပလ အဖွဲ့ဟု အမည်ပေးခဲ့ကြသည်။

ထို့ကြောင့် ဖဆပလ အမည်ကို လက်ခံသုံးစွဲရေးနှင့် အဖွဲ့ပိုင် ငွေကြေး ပစ္စည်းဥစ္စာများအား ခွဲဝေယူရေး ကိစ္စများနှင့် ပတ်သက်၍ ယခုအခါတွင် အုပ်စုနှစ်ခုစလုံး မဖြေရှင်းနိုင်ဘဲ ရှိနေကြသည်။

### ပါလီမန် နောက်လိုက်အင်အား စုစည်းခြင်း

မေလ ၅ ရက်နေ့တွင် ကျင်းပခဲ့သော ဝန်ကြီးအဖွဲ့ နောက်ဆုံး အစည်းအဝေးက အုပ်စုနှစ်ခုအကြား အားပြိုင်မှုကို စမ်းသပ်ရာ နယ်မြေအဖြစ် အရေးပေါ် လွှတ်တော် အစည်းအဝေး ကျင်းပမည်ဟု ဆုံးဖြတ်လိုက်သောအခါ အုပ်စုနှစ်ခုမှ ခေါင်းဆောင်များသည် ပါလီမန် နောက်လိုက် အဖွဲ့ဝင်များ စုစည်းရေးကို အကြိတ်အနယ် ကြိုးပမ်းခဲ့ကြသည်။

ဆွေ-ငြိမ်းအုပ်စုသည် ဖဆပလ အမတ်အများစုကို စည်းရုံးနိုင်ခဲ့ပြီး၊ နု-တင် အုပ်စုသည် အတိုက်အခံဖြစ်သော ပမညတ အဖွဲ့ဝင် ၄၅ ဦးစလုံး၏ ထောက်ခံမှုကို ရရှိခဲ့သည်။ ထို့ကြောင့် အမတ်ဦးရေ နည်းသော အဖွဲ့များ၏ ထောက်ခံမဲ ရရှိမှုသည် အနိုင်အရှုံးကို အဆုံးအဖြတ်ပြုမည့် အခြေအနေကို ရောက်ရှိသွားခဲ့သည်။

အုပ်စုနှစ်ခုက အမတ်ဦးရေ နည်းသော အဖွဲ့များ၏ ထောက်ခံမှု ရရှိရန် ကြိုးပမ်းရာတွင် ယင်းအဖွဲ့များ၏ ညီညွတ်ရေးကိုလည်း ပြိုကွဲစေခဲ့သည်။ ပြည်နယ် အမတ်များလည်း ကွဲပြားခဲ့သည်။

တစိတ်တည်း တဝမ်းတည်း ပေါင်းစည် ညီညွတ်မှုအရာ၌ စံတင်ထားခဲ့သော ချင်းအဖွဲ့သည်ပင် အင်အား အညီအမျှဖြင့် နှစ်ခြမ်းကွဲခဲ့သည်။

ရှမ်းပြည်နယ်မှ အမတ် ၂၅ ဦး အနက် နု-တင်အုပ်စုကို ၁၆ ဦးက ထောက်ခံပြီး ကျန် ၉ ဦးက ဆွေ-ငြိမ်းအုပ်စုကို ထောက်ခံခဲ့သည်။ ကချင်ပြည်နယ်အမတ် ခုနစ်ဦး ရှိသည့်အနက် ဆွေ-ငြိမ်းအုပ်စုကို ထောက်ခံခဲ့သူ ၄ ဦးနှင့် ကျန် ၃ ဦးက နု-တင်အုပ်စုကို အားပေးခဲ့သည်။

ချင်းပြည်နယ်အမတ် ၆ဦးက အုပ်စုတခုကို ၃ဦးစီ ထောက်ခံခဲ့ကြသည်။ ကရင်ပြည်နယ်အမတ် ၇ဦးရှိသည့်အနက် ၅ဦးက ဆွေ-ငြိမ်းအုပ်စုကို ထောက်ခံခဲ့ပြီး ၂ဦးက နု-တင်ကို ထောက်ခံသည်။

ကယားပြည်နယ် တခုတည်း၌သာ အမတ်နှစ်ဦးသည် ဆွေမျိုး အရင်းချင်း ဖြစ်နေသဖြင့် သဘောထားကွဲလွဲခြင်း မရှိဘဲ နု-တင်အုပ်စုကို ထောက်ခံခဲ့သည်။

တိုင်းရင်းသား လူမျိုးစု အမတ်များအကြား သဘောထား ကွဲလွဲကြခြင်းသည် ဖဆပလအမတ်များ အကြား အကွဲအပြဲများ ပေါ်ပေါက်ခဲ့စဉ်က ကဲ့သို့ပင် ဂယက်ရိုက်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ ကွဲနေသော လူမျိုးစု အုပ်စုများအကြား အပုပ်ချ ဝေဖန်ပြောဆိုမှုများသည် နောင်တော် ဖဆပလအမတ်များအကြား ပြစ်တင်ပုတ်ခတ် ပြောဆိုမှုများထက် အရှိန်အဟုန် မလျော့နည်းခဲ့ပါ။

တိုင်းရင်းသား လူမျိုးစု အမတ်များအချင်းချင်း အချို့ကို ဘိန်းကုန်ကူးသူများ၊ အချို့ကို ရွှေမှောင်ခို ရောင်းချသူများအဖြစ် ဖော်ထုတ် စွပ်စွဲခဲ့ကြသည်။ ယင်းကဲ့သို့ တဦးနှင့်တဦး အပြစ်တင် ဝေဖန်ခဲ့ကြပြီးနောက် အမတ်တယောက်မှ ခြောက်ပစ်ကင်း သဲလဲစင် ဘဝ၌ မရှိကြတော့ပေ။

မည်သည့်အုပ်စုကိုမှ ထောက်ခံမှု မပေးသေးဘဲ ကျန်ရှိနေသော အတိုက်အခံအဖွဲ့မှာ ရခိုင်ပြည်နယ်အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေးကို တောင်းဆိုနေကြသော အမတ် ၆ ဦး ပါဝင်သည့် ရတညအဖွဲ့ ဖြစ်သည်။
အုပ်စု နှစ်ခုစလုံးက ရတညအဖွဲ့၏ ထောက်ခံမှုရရှိရန် စည်းရုံးခဲ့ကြသည်။ ရတညအဖွဲ့က ၎င်းတို့၏ ထောက်ခံမှုရလိုပါက ရခိုင်ပြည်နယ်အား ကိုယ်ပိုင် အုပ်ချုပ်ခွင့် ပေးရမည်ဟု တောင်းဆိုခဲ့သည်။

ဆွေ-ငြိမ်းအုပ်စုက ၎င်းတို့ တောင်းဆိုချက်ကို အပြည့်အဝ မလိုက်လျောဘဲ ချင်းရေးရာ ကောင်စီကဲ့သို့သော ပုံစံဖြင့် ခွင့်ပြုမည်ဟု ကတိပြုခဲ့သည်။

နု-တင်အဖွဲ့ကမူ ရခိုင်ပြည်နယ်တွင် နေထိုင်သော ပြည်သူများက ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရှိသော ရခိုင်ပြည်နယ် ဖွဲ့စည်းရေးကို အမှန်တကယ် လိုလားမည်ဆိုပါက ရတည အဖွဲ့၏ တောင်းဆိုချက်ကို လိုက်လျောမည်ဟု ကတိပေးခဲ့သည်။ နု-တင် အဖွဲ့၏ ကတိမှာ ပိုမို၍ လိုက်လျောသောကြောင့် ရတည အဖွဲ့သည် နု-တင်အုပ်စုကို ထောက်ခံမည်ဟု ကတိပြုခဲ့သည်။

နု-တင် အုပ်စုက ရတညအဖွဲ့အား ၎င်းကတိကို မပေးမီ ရက်သတ္တပတ် အနည်းငယ်မတိုင်မီက မော်လမြိုင်မြို့၌ ကျင်းပခဲ့သော မွန်ကွန်ဖရင့်၌ ဦးနုက ၎င်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းဆိုသည့် ကိစ္စမှန်သမျှကို ထည့်သွင်း စဉ်းစားခြင်းပြုမည်မဟုတ်ကြောင်းဖြင့် လူသိရှင်ကြား ကြေညာထားခဲ့သည်။

ပါလီမန် အမတ်များ၏ ထောက်ခံမှု ရရှိရန် နည်းလမ်းမျိုးစုံကို အသုံးပြုခဲ့ကြသည်။ ဝန်ကြီးရာထူး ပေးမည်ဟူ၍လည်းကောင်း၊ ငွေကြေး အမြောက်အများ ပေးမည်ဟူ၍လည်းကောင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရှိသော ပြည်နယ်များ ကိစ္စကို စျေးဆစ်၍လည်းကောင်း၊ တပ်မတော်၌ တိုင်းရင်းသား လူမျိုးအလိုက် သီးခြားတပ်ရင်းများ ဖွဲ့စည်းရေးကို အထူးလျော့ပေါ့ ပေးမည်ဟူ၍လည်းကောင်း၊ မှောင်ခိုလုပ်ငန်း ကြီးထွားသော နယ်မြေများ၌ လူဝင်မှု ကြီးကြပ်ရေးနှင့် အကောက်ခွန်စစ်ဆေးမှုများကို ဖယ်ရှားပေးမည်ဟူ၍ လည်းကောင်း ကတိပြုကာ မဲရရှိရေးကို ဆောင်ရွက်ခဲ့ကြသည်။

အကျဉ်းချုံး၍ ပြောရလျှင် အုပ်စုကြီးနှစ်ခုသည် ၎င်းတို့၏ ရည်မှန်းချက် အောင်မြင်စေရန်အတွက် နိုင်ငံကိုလည်း ရောင်းစားရန် ကြိုးစားခဲ့ကြသည်။ နှစ်ဖွဲ့အတွင်း ရောင်းစားသော စျေးနှုန်း ကွာခြားမှုသာ ရှိခဲ့သည်။

ခြိစည်းရိုး ခွထိုင်သော လှေနံနှစ်ဖက်ကို နင်းထားသည့် အမတ်များသည် အထူးအခွင့်အရေး ရရှိသော ပုဂ္ဂိုလ်များဖြစ်နေကာ သစ္စာခံမည့် ကိစ္စကို အင်တင်တင် လုပ်နေခြင်းဖြင့် ၎င်းအမတ်များ ရရှိမည့် ငွေကြေးပမာဏမှာ ပိုမိုတိုးတက်လာခဲ့သည်။ သို့ဖြစ်ရာ ခံယူချက် ကင်းမဲ့မှုနှင့် သစ္စာမဲ့မှုတို့သည် ရာထူးနှင့် ငွေကြေး ရရှိရေးအတွက် အမတ်များ၏ အဓိက အရည်အချင်း ဖြစ်လာသည်။

နယ်များရှိ လွှတ်တော် အမတ်များကို ရန်ကုန်သို့ အဆောတလျင် ခေါ်ယူခဲ့ကြသည်။ ပါလီမန် အမတ်တိုင်းသည် အုပ်စုနှစ်ခု ကြေးနန်းနှစ်စောင်စလုံးကို ရရှိကြသည်။ တချိန်က အမတ်ဟူ၍ အလေးဂရုပြု မခံခဲ့ရသော အမတ်များအား အုပ်စုခေါင်းဆောင်များက သဘော်ဆိပ်များ၊ မီးရထား ဘူတာရုံများနှင့် လေဆိပ်များတွင် မျက်နှာချိုသွေးကာ ကြိုဆိုခဲ့ကြသည်။

နယ်များမှရောက်ရှိလာသော အမတ်များအား ယင်းသို့ကြိုဆိုရာ၌ ယင်းအမတ်များအား ပိုင်ဆိုင်ရေးအတွက် ပြိုင်ဘက်အုပ်စုနှစ်စုမှ ရွှေကြိုခေါ် ကြိုဆိုသူများ အကြားရန်ပွဲများ မကြာခဏ ဖြစ်ပွားခဲ့သည်။ ထိုအချိန်က အမတ်များသည် ရန်ကုန်မြို့တော်တွင် အခွင့်အရေးအရဆုံးနှင့် စရိတ်စက ကျခံမှု အများဆုံး ရရှိသူများ ဖြစ်ခဲ့ကြသည်။

မိမိတို့ အုပ်စုအား ထောက်ခံပါမည်ဟု အတိအလင်း ကြေညာထားသည့် အမတ်များ၏ ထောက်ခံမှုကို သေချာပေါက်ရရှိရန်အတွက် နယ်မှ အမတ်များနှင့် လူမျိုးစု အမတ်များကို လုံခြုံ စိတ်ချရသည့် နေရာများ၌ ထားရှိခဲ့ကြသည်။

ယင်းတို့အား ပြင်ပနှင့် လုံးဝ အဆက်အသွယ် ဖြတ်တောက်ထားခဲ့သည်။ အမတ်များ နေထိုင်ရာ အိမ်များ၌ ၎င်းတို့ အလိုရှိသမျှ အရာအားလုံး ရရှိအောင် စီစဉ်ပေးထားသော်လည်း လက်တွေ့အားဖြင့် အမတ်များမှာ နိုင်ငံရေး အကျဉ်းသားများ ဖြစ်နေခဲ့ကြပေသည်။ အမတ်တဦးအား ပြန်ပေးဆွဲရန်ပင် ကြံစည်ခဲ့ကြသည်။

ပါလီမန်၌ အုပ်စု အားပြိုင်ပွဲကြောင့် အမတ်များ၏ အခွင့်အရေး ခံစားပိုင်ခွင့်နှင့် ပတ်သက်၍လည်း အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်။ ပြီးခဲ့သော ပါလီမန် အစည်းအဝေး ကျင်းပစဉ်က အမတ်သုံးဦး အကျဉ်းချထားခြင်း ခံနေရသည့်အနက် ပမညတ အမတ်နှစ်ဦးအား ပါလီမန်သို့ တက်ရောက်ခွင့် ရရှိရန် လျှောက်ထားသော်လည်း အစိုးရက လက်မခံခဲ့ပါ။

သို့ရာတွင် ပါလီမန်၌ အစိုးရအား အယုံအကြည်မရှိ အဆိုတင်သွင်းခံရမည့် သမိုင်းတွင်စေမည့် ပါလီမန် အစည်းအဝေး ကျင်းပရန် ရှိသောအခါ အစိုးရက ဖမ်းဆီးခြင်း ခံနေရသော အမတ် သုံးဦးစလုံးကို လွှတ်ပေးခဲ့ကာ ၎င်းတို့၏ အခွင့်အရေးများကို ရရှိအောင် ခွင့်ပြုခဲ့သည်။ အဆိုပါ အမတ်သုံးဦးစလုံးက မဲခွဲရာ၌ အစိုးရအား ထောက်ခံမဲ ပေးခဲ့သည်။

အကွဲအပြဲ ဖြစ်ပွားသည့် အချိန်တွင် အမတ် ခြောက်ဦးခန့် နိုင်ငံခြား တိုင်းပြည်များသို့ ရောက်ရှိနေကြရာ ပါလီမန် အားပြိုင်ပွဲ၌ ပါဝင်နိုင်ရန် ကြေးနန်းရိုက်ကာ ပြန်ခေါ်ခဲ့သည်။ ထိုစဉ်က လွှတ်တော် ဥက္ကဋ္ဌ ဖြစ်သူ ဗိုလ်မှူးအောင်နှင့် အမတ် မဟာဒေဝီ (ညောင်ရွှေ) တို့သည် ဆိုဗီယက်နှင့် တရုတ်ပြည်သို့ ပါလီမန်ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့နှင့် လိုက်ပါသွားပြီး ဆိုဗီယက်ပြည်ထောင်စုသို့ ရောက်ရှိနေခဲ့ကြသည်။

ဗိုလ်မှူးအောင်နှင့် မဟာဒေဝီတို့အား အကွဲအပြဲ ကိစ္စကို မော်စကိုမြို့၌ ရှိနေစဉ် အကြောင်းကြားခဲ့ပြီး ရန်ကုန်သို့ ပြန်လည်ခေါ်ယူခဲ့သည်။ ဗိုလ်မှူးအောင်သည် ပီကင်းမြို့ရှိ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမောင်ထံ စကားပြော ကြေးနန်းဖြင့် ဆက်သွယ်ကာ သတင်း မှန် မမှန် စုံစမ်းခဲ့သည်။

ဗိုလ်မှူးအောင်သည် လွှတ်တော်ဥက္ကဋ္ဌ အနေဖြင့်လည်းကောင်း၊ အစိုးရ အဖွဲ့အတွင်း၌ အသက်အရွယ် ကြီးရင့်သူအနေဖြင့်လည်းကောင်း အများစု၏ လေးစားခြင်းကို ခံရသူဖြစ်သည်။ ပုဂ္ဂိုလ်ရေးအရ သြဇာညောင်းသော အမတ် အများအပြား ရှိနေသဖြင့် ဗိုလ်မှူးအောင်၏ ထောက်ခံမှု ရရှိမည်ဆိုပါက အမတ်အများစု၏ ထောက်ခံမှုကိုပါ ရရှိမည်ဖြစ်သည်။

ဗိုလ်မှူးအောင်သည် တရုတ်ပြည် ခရီးစဉ်ကို ရက်လျှော့ချကာ မြန်မာနိုင်ငံသို့ ပြန်လာသည်။ ဆွေ-ငြိမ်းအုပ်စု၌ ပါဝင်သော ဗိုလ်လှကြိုင်သည် ၎င်းကို စည်းရုံးရန် ဟောင်ကောင်မြို့သို့ အရေးတကြီး ထွက်ခွာသွားခဲ့သည်။ သို့ရာတွင် နု-တင်အုပ်စုက ဗိုလ်မှူးအောင် တရုတ်ပြည်၌ ရှိနေစဉ်မှာပင် ၎င်းတို့အား ထောက်ခံရန် ကြေးနန်းတစောင်ကို ပေးပို့ခဲ့ပြီး ဖြစ်သည်။

ဗိုလ်မှူးအောင် ရန်ကုန်သို့ ပြန်ရောက်လာသောအခါ အုပ်စုနှစ်စုမှ ဒုတိယဝန်ကြီးချုပ်များ ဖြစ်ကြသော သခင်တင်နှင့် ဦးဗဆွေတို့က သွားရောက် တွေ့ဆုံခဲ့ကြသည်။ အုပ်စု နှစ်ခုစလုံးက ၎င်းခရီးထွက်နေစဉ် အတွင်း ဖြစ်ပွား ပေါ်ပေါက်ခဲ့သည့် ကိစ္စများကို မိမိတို့ အုပ်စု၏ ရှုထောင့်မှ တင်ပြခဲ့ကြသည်။ ဗိုလ်မှူးအောင်သည် မည်သည့်အုပ်စုက တင်ပြ ရှင်းလင်းချက်ကိုမျှ လက်မခံဘဲ ကွဲပြဲမှု ပေါ်ပေါက်လာသည်အတွက် နှစ်ဖက်စလုံးကို အပြစ်တင်ခဲ့သည်။

## ရင်ကြားစေ့ရန် ကြိုးပမ်းမှု

ဖဆပလအဖွဲ့ကြီး  ကွဲပြဲခြင်းကို မည်သူကမှ မလိုလားပါ။ ယင်းသို့ မလိုလားခြင်းမှာ အာဏာရလာသောအချိန် ကြာမြင့်လာသည့်နှင့်အမျှ မောက်မာ ထောင်လွှားလာကြသော ခေါင်းဆောင်များနှင့် အဖွဲ့ကြီးကို ချစ်မြတ်နိုး၍ မဟုတ်ဘဲ အကွဲအပြဲကြောင့် နိုင်ငံတော်အား အန္တရာယ်ပြု ထိပါးစေမည့် အကျိုးဆက်များ ပေါ်ပေါက်လာမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် ပဋိပက္ခ ဖြစ်နေသော အုပ်စုနှစ်ခု ပြန်လည် သင့်မြတ်ရင်ကြားစေ့ရန်အတွက် အုပ်စုနှစ်ခုမှ မလိုလားအပ်သော အင်အားစုများကို ထုတ်ပယ်ရမည် ဆိုပါက ထုတ်ပယ်ပစ်ရန် လူအများက ဆန္ဒ ရှိလာကြသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမောင်နှင့် ထိုစဉ်က ရွှေ့နေချုပ်ဖြစ်သူ ဒေါက်တာဘဟန် တို့သည် အကွဲအပြဲကို ရင်ကြားစေ့ရန် တသီးတခြားစီ ကြိုးပမ်းခဲ့ကြသည်။ အကွဲအပြဲဖြစ်ပေါ်သည့် အချိန်က ၎င်းတို့ နှစ်ဦးစလုံး ပြည်ပသို့ ရောက်ရှိနေကြသည်။

ဦးလှမောင်မှာ ပီကင်းမြို့တော်၌လည်းကောင်း၊ ဒေါက်တာ ဘဟန်မှာ နိုင်ငံတကာ ကွန်ဖရင့်တရပ် တက်ရောက်ရန် ဂျီနီဗာမြို့၌လည်းကောင်း ရောက်ရှိနေသည်။ မေလနောက်ပိုင်း ဒေါက်တာ ဘဟန် ဂျီနီဗာမှ ပြန်လာသော အချိန်နှင့် သံအမတ်ကြီး ဦးလှမောင်အား တရုတ်-မြန်မာ နယ်စပ်ကိစ္စ[၈]နှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးရန် ရန်ကုန်သို့ ပြန်ခေါ်ထားသော ကာလတွင် အုပ်စုနှစ်ခုတို့ အပြန်အလှန် ဝေဖန်ပုတ်ခတ်မှုများကြောင့် ပြန်လည်သင့်မြတ်ရန် အခြေအနေ မပေးသလောက် တင်းမာနေသော အချိန်ဖြစ်သည်။ အုပ်စုတခုနှင့် တခု အပြစ်ပုံချခြင်းများ လွန်စွာ ကြီးမားနေမှုကြောင့် ပြန်လည်သင့်မြတ်ရန် လုံးဝ မစဉ်းစားတော့ချေ။

ဦးလှမောင်သည် အုပ်စုနှစ်ခုစလုံးမှ ခေါင်းဆောင်များနှင့် လုပ်ဖော်ကိုင်ဖက် ဖြစ်နေသဖြင့် ဖဆပလ အဖွဲ့ကြီး၌ အကျပ်အတည်းများ ကြုံတွေ့ရသည့်အခါ ယခင်က ၎င်းအား ပြန်လည်ခေါ်ယူ၍ တိုင်ပင် ဆွေးနွေးလေ့ရှိသည်။

ဖဆပလ အဖွဲ့တွင် ကွဲပြဲကြပြီးနောက် ဦးလှမောင်အား ဦးဗဆွေက ပြန်လည် ခေါ်ခဲ့သော်လည်း ကောင်းစွာ မကျန်းမာ ဟု အကြောင်းပြကာ ပြန်မလာခဲ့ပါ။

ထို့နောက် များမကြာမီ ဦးနုက တရုတ်-မြန်မာ ပြဿနာနှင့် ပတ်သက်၍ တိုင်ပင်ညှိနှိုင်းရန်အတွက် ကြေးနန်းရိုက်ခဲ့ရာ ဦးလှမောင်သည် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။

ဦးလှမောင်သည် ရန်ကုန်သို့ ပြန်ရောက်ပြီးနောက် ဦးနုနှင့် ချက်ချင်း သွားတွေ့ခဲ့သည်။ ဦးလှမောင်က အကွဲအပြဲ ပေါ်ပေါက်ရပုံကို မေးမြန်းကာ အကွဲအပြဲကို အနည်းဆုံး ၁၉၆၀ ပြည့်နှစ်၊ ရွေးကောက်ပွဲအထိ ယာယီ မေ့ပျောက်ကာ ရင်ကြားစေ့နိုင်ရေးကို တီးခေါက်ခဲ့သည်။

ဦးလှမောင်က သူပုန်များသည် အလုံးအရင်းနှင့် အလင်းဝင်လာနေခြင်းကြောင့် ကာလကြာမြင့်ခဲ့သော သူပုန်ပြဿနာ ဆုံးခန်းတိုင်ရန် အလားအလာ ရှိလာခြင်း[၉]၊ တရုတ်-မြန်မာ နယ်စပ်ပြဿနာ ပြေလည်မှုနီးပါး ဖြစ်နေခြင်းတို့ကြောင့်

---

[၈] မြန်မာနိုင်ငံကို ဗြိတိသျှများ အုပ်ချုပ်စဉ်ကတည်းက တရုတ်-မြန်မာ နယ်နိမိတ်ပြဿနာမှာ မပြတ်မသားဖြစ်ခဲ့သည်။ လွတ်လပ်ရေး ရရှိသောအခါ နယ်နိမိတ်ပြဿနာကို နှစ်နိုင်ငံ ဖြေရှင်းခဲ့ကြရသည်။ ၂၈၊ ၁၊ ၆၀ ရက်နေ့တွင် မြန်မာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းနှင့် တရုတ် ဝန်ကြီးချုပ် ချူအင်လိုင်းတို့ နယ်နိမိတ် သတ်မှတ်မှု သဘောတူ စာချုပ်များ ကို လက်မှတ် ရေးထိုးနိုင်ခဲ့သည်။ ၁၊ ၁၀၊ ၆၀ ရက်နေ့တွင် ဦးနုနှင့် ချူအင်လိုင်းတို့ မြန်မာ-တရုတ် နယ်နိမိတ်စာချုပ်ကို ပီကင်းတွင် လက်မှတ်ရေးထိုးကြသည်။ စာချုပ် အရ မြန်မာနိုင်ငံက ဖိမော်၊ ဂေါ်လန်၊ ကန်ဖန်ဒေသများ (၁၅၃ စတုရန်းကီလိုမီတာ) ကို တရုတ်ပြည်သို့ ပေးအပ်ခဲ့ရသည်။ တရုတ်ပြည်က ပိုင်ဆိုင်ပြီး မြန်မာပြည်သို့ အငှားချထားသော မိုင်းမောတြိဂံဒေသ (၂၂၀ စတုရန်းကီလိုမီတာ) ကို မြန်မာပြည်အား လွှဲပြောင်းပေးအပ်သည်။ မိုင်းမောဒေသ (ဝနယ်) နှင့် လဲလှယ်သောအားဖြင့် မြန်မာနိုင်ငံက တရုတ်နိုင်ငံသို့ ပန်းဟုန်းနှင့် ပန်လောင်း လူမျိုးများ အုပ်ချုပ်သည့်ဒေသ (၁၈၉ စတုနရန်းကီလိုမီတာ) ကို တရုတ်ပြည်သို့ ပေးရသည်။ ၁၈၊ ၆၊ ၄၁ ရက်နေ့တွင် ဗြိတိသျှတို့နှင့် သဘောတူညီချက်အရ လူဖန်ဒေသတွင် သတ္တုတူး ဖော်ထုတ်ယူခွင့် ရရှိထားခြင်းအား တရုတ်နိုင်ငံက စွန့်လွှတ် လိုက်သည်။
*[ထုတ်ဝေသူ]*

[၉] ၁၉၅၈ ခုနှစ်၊ နိုင်ငံရေး ပဋိပက္ခတွင် အချို့က လက်နက်ကိုင် သူပုန်အဖွဲ့အစည်းများကိုပါ မက်လုံးအမျိုးမျိုးပေး၍ မဲဆွယ် ခဲ့ကြသည်။ ဦးနုက အာဃာတ မထားရေး၊ သင်ပုန်းချေရေး အလုပ်အတူ ပူးပေါင်း ဆောင်ရွက်ရေးကို အကောင်အထည်ဖော်မည်ဟု မေလ ၇ ရက်နေ့တွင် ကြေညာသဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီက ဗိုလ်ရဲထွဋ် (ရဲဘော် သုံးကျိပ်) ကို စေလွှတ်၍ စေ့စပ် ဆွေးနွေးလာသည်။ ပြည်သူ့ရဲဘော် အားလုံး လက်နက်ချပြီး ဩဂုတ်လ ၁၅ ရက်တွင် တရားဝင် နိုင်ငံရေး အဖွဲ့အစည်းအဖြစ် ဖွင့်လှစ်ခဲ့ကြသည်။ ဇူလိုင်လ ၂၄ ရက်နေ့တွင် မွန်သူပုန် အယောက် ၁,၁၁၁ ယောက် လက်နက်ချခဲ့သည်။ မေလ ၅ ရက်နေ့တွင် ပအိုဝ်သူပုန် ၁,၂၀၀ ကျော် လက်နက်ချသည်။ ဗမာပြည် ကွန်မြူနစ်ပါတီမှ ဗိုလ်ညွန့်မောင် ခေါင်းဆောင်သော အောက်ဗမာပြည် တိုင်းမှ အုပ်စုတခုလုံး လက်နက်ချသည့်အပြင် ကေအဲန်ယူ ပါတီဗဟိုမှ စောမောင်တိုး ခေါင်းဆောင်သည့် သူပုန်များလည်း လက်နက်ချခဲ့သည်။ ဦးစိန္တာ ခေါင်းဆောင် သော ပီအယ်လ်ပီ (ခေါ်) ရခိုင်သူပုန်များလည်း အစုလိုက် အပြုံလိုက် အလင်းဝင်လာ ကြသည်။ ၁၉၄၉-၅၀ ခုနှစ်တွင် တနိုင်ငံလုံး၌ ရောင်စုံသူပုန်အင်အား ၄၅,၅၀၀ ကျော် ရှိခဲ့ရာမှ ၁၉၅၈ ခုနှစ်တွင် အင်အား ၇,၅၀၀ ခန့်သာ ရှိတော့သည်။
*[ထုတ်ဝေသူ]*

ဖဆပလ အဖွဲ့ကြီး ပြိုကွဲပါက သူပုန်များ အလင်းဝင်မှုနှင့် နယ်စပ်ကိစ္စ နှစ်ခုစလုံးကို ထိပါးနိုင်ကြောင်း၊ ထို့ကြောင့် ဤအမျိုးသားရေး ပြဿနာနှစ်ရပ် ပြေလည်ရေးအတွက် မည်သည့်အတွက် အချိန်အနည်းငယ် ပို၍ မစောင့်ဆိုင်းနိုင်ရသနည်း။

နိုင်ငံ၏ အကျိုးစီးပွားအတွက် ပုဂ္ဂိုလ်ရေးရာ သဘောထား ကွဲလွဲမှုများကို ခေါင်းဆောင်များက မြှုသိပ်နိုင်စွမ်း မရှိတော့ပြီလော၊ အုပ်စု နှစ်ခုအကြား သဘောတရားရေးရာအရ ကွဲပြားခြားနားမှု မရှိပါဘဲလျက် ခွဲထွက်ကြတော့မည်လော။ ဦးလှမောင်က ဦးနုအား ပြန်လည် သင့်မြတ်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားရန် မေတ္တာရပ်ခံခဲ့သည်။ ဦးနုက "အခြေအနေမှာ လုံးဝ ဆိုးရွားနေကြောင်း၊ ခင်ဗျား ပြန်လာတာ တလလောက် နောက်ကျနေကြောင်း" ဖြင့် ဖြေကြားခဲ့သည်။

ဆွေ-ငြိမ်းအုပ်စု ခေါင်းဆောင်များကလည်း ဦးလှမောင်၏ အကြံပြုချက်ကို လက်ခံချင်ပုံမရပါ။ သူတို့သည် ဦးလှမောင်၏ တင်ပြချက်ကို စိတ်မပါ့တပါဖြင့် နားထောင်ခဲ့ကြသည်။ ထိုအချိန်က ခံစားချက်များ ပြင်းထန်နေကြပြီး တဦးနှင့် တဦး "စကားနည်းရန်စဲ" ဟူသော ကတိကို ချိုးဖောက်၍ မဟုတ်မမှန် စွပ်စွဲချက်များဖြင့် အပုပ်ချနေခြင်းကြောင့် မီးလောင်ရာလေပင့် သကဲ့သို့ ဖြစ်နေသည်။

ဦးကျော်ငြိမ်းက အကျိုးရှိမည့် ဖျန်ဖြေမှုကိစ္စ ဆောင်ရွက်ရန် အခြေအနေ မရှိတော့ကြောင်းဖြင့် ဖြေကြားခဲ့သည်။ ထို့ပြင် ဦးကျော်ငြိမ်းက ယခုကဲ့သို့ လမ်းဆုံလမ်းခွ ရောက်နေသည့် အချိန်တွင် ပြန်လည်သင့်မြတ်ရေး အတွက် အလျှော့ပေးမှု မှန်သမျှသည် အညံ့ခံခြင်း၊ အရှုံးပေးခြင်းပင် ဖြစ်သည်ဟု ထင်မြင် ယူဆခဲ့သည်။

သံအမတ်ကြီး ဦးလှမောင်မှာ အမှန်စင်စစ်အားဖြင့် နှစ်ဖက်သောအုပ်စု သင့်မြတ်ရေးအတွက် ဆောင်ရွက်နေခြင်း ဖြစ်သော်လည်း ၎င်းသည် အောင်မြင်မှုရရှိရန် အသေချာသော အုပ်စု၏ မေတ္တာရပ်ခံချက်ကြောင့် အောင်သွယ်တော် အဖြစ် ဆောင်ရွက်နေခြင်းသာ ဖြစ်သည်ဟု အုပ်စုနှစ်ခုစလုံးက သင်္ကာမကင်း ဖြစ်လျက်ရှိကြသည်။

ပြိုင်ဘက်အုပ်စု နှစ်ခုသည် ၎င်းတို့၏ တိုက်ပွဲကို ဆုံးခန်းတိုင်ရောက်အောင် ဆင်နွှဲသွားရန် သန္နိဋ္ဌာန် ချထားပြီးဖြစ်၍ ဆန့်ကျင်ဘက်အုပ်စုကို ဂုဏ်သိက္ခာကျအောင် စုပုံ အပြစ်ဖို့လျက် ရှိနေကြသည်။

ဒေါက်တာ ဘဟန်သည် ဂျီနီဗာမြို့၌ ပင်လယ်ပြင် ဥပဒေဆိုင်ရာ နိုင်ငံတကာ ကွန်ဖရင့်တရပ်သို့ မြန်မာကိုယ်စားလှယ် အဖွဲ့ကို ဦးဆောင်ပြီး တက်ရောက်နေသည်။ သူပြန်ရောက်ရှိသောအခါ ဦးနုထံ သွားရောက်ကာ ဦးလှမောင်က ဦးနုအား မေတ္တာရပ်ခံခဲ့သကဲ့သို့ ပြန်လည် သင့်မြတ်ရေးအတွက် ဆောင်ရွက်ရန် ပန်ကြားခဲ့သည်။

ဦးလှမောင်နှင့် ဒေါက်တာဘဟန်တို့သည် ၎င်းတို့၏ ယုံကြည်ချက်ဖြင့် တသီးတခြားစီ လှုပ်ရှားခဲ့ကြခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ ဦးလှမောင်နှင့် ဒေါက်တာဘဟန်တို့က အကွဲအပြဲအား ရင်ကြားစေ့စေလိုသော အကြောင်းပြချက်များမှာ တူညီလုနီးပါး ဖြစ်နေသဖြင့် ဦးနုက ဦးလှမောင်သည် ဒေါက်တာဘဟန်အား တဖက်လှည့်ဖြင့် မိမိထံသို့ စေလွှတ်ခဲ့ခြင်း ဖြစ်သည်ဟု သင်္ကာမကင်း ဖြစ်ခဲ့သည်။

အုပ်စုနှစ်ခုသည် ခံစားချက်နှင့် အမျက်ဒေါသများ ပြင်းပြနေမှုတို့ကြောင့် ကျိုးကြောင်းဆီလျော်မှု ရှိ မရှိ စဉ်းစားတွေးတောရန် စိတ်ကူး မရှိခဲ့ကြပါ။

သူတို့၏ အမျက်ထွက် ရန်ငြိုး ကြီးမားနေမှုကြောင့် ကြားဝင် ဖျန်ဖြေသူများ၏ ရည်ရွယ်ချက်ကို တလွဲထင်မြင် ယူဆခဲ့ကြသည်။ မည်သည့်အုပ်စုကမှ ပြန်လည် သင့်မြတ်မှုကို မလိုလားကြ။ အခြား အုပ်စုတခုအား အမြစ်ပါမကျန် သုတ်သင် ရှင်းလင်းရေး အတွက်သာ အားသွန်ခွန်စိုက် လုံးပန်းနေကြသည်။ နိုင်ငံအတွက် ဖြစ်ပွား ပေါ်ပေါက်လာမည့် အကျိုးဆက်များကိုလည်း လျစ်လျူရှုခဲ့ကြသည်။

ဗိုလ်မှူးအောင် နိုင်ငံခြားမှ ပြန်လာသောအခါ ပြန်လည် သင့်မြတ်ရေးအတွက် မျှော်လင့်ချက် ထွက်ပေါ်လာပြန်သည်။ ဗိုလ်မှူးအောင်သည် တရုတ်ပြည် ခရီးစဉ်ကို ရက်လျှော့ချကာ မေလ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်ရောက်ရှိလာသည်။

ဦးနု၏ အိမ်၌ မေလ ၃၁ ရက်နေ့က ကျင်းပသည့် ဖဆပလအဖွဲ့ အမွေခွဲဝေရေး ဆိုင်ရာ ကြီးလေးကြီး (ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းနှင့် သခင်တင်) အစည်းအဝေး၌ ဦးလှမောင်နှင့် ဗိုလ်မှူးအောင်တို့ပါ တက်ရောက်ခဲ့ကြသည်။

ဗိုလ်မှူးအောင်က နှစ်ဖက်အုပ်စုမှ ခေါင်းဆောင်များအား နိုင်ငံ၏ အကျိုးစီးပွားအတွက် သည်းခံတရား ထားရှိကြရန် တိုက်တွန်းခဲ့ကာ ဗြိတိန်နိုင်ငံ လေဘာပါတီ အတွင်း ဘီဗင် (Bevan) နှင့် အက်တလီ (Attlee) တို့ ကဲ့သို့ ဖဆပလ အဖွဲ့ကြီး၌ ယှဉ်တွဲနေထိုင်သွားကြရန် တိုက်တွန်းခဲ့ပါသည်။ ဆိုးရွားသော အကျိုးဆက်များ ဖြစ်ပေါ်ကာ နိုင်ငံကို ထိပါး လာမည့်အရေးမှ ကယ်တင်နိုင်ရန်မှာ ယှဉ်တွဲ နေထိုင်ခြင်းသည်သာလျှင် တခုတည်းသော နည်းလမ်းဖြစ်ကြောင်း ထောက်ပြခဲ့သည်။

သူ၏ ပြောစကားကို နှစ်ဖက်စလုံးက နားစိုက်ထောင်ခဲ့ကြသော်လည်း မည်သူတဦး တယောက်ကမှ ပြန်လည် ဖြေကြား တုံ့ပြန်မှု မပြုခဲ့ပါ။ အုပ်စု နှစ်ခုစလုံးသည် ခေါင်းမာနေကြပြီး မိမိတို့၏ မာန်မာနများကို လျှော့ချပြီး အပေးအယူလုပ်ကာ ညှိနှိုင်းရမည်ကို မလိုလားကြပါ။

တနည်းဆိုသော် သူတို့ အတွက်သော်လည်းကောင်း၊ နိုင်ငံ အတွက်သော်လည်းကောင်း၊ မည်ကဲ့သို့သော အကျိုးဆက် များ ဖြစ်ပွားလာလိမ့်မည်ကို စောကြောခြင်း မရှိဘဲ ရေဆုံးရေဖျား တိုက်ပွဲဝင်ရန် သန္နိဋ္ဌာန် ချထားခဲ့ကြသည်။

မြန်မာနိုင်ငံသည် ဘန်ဒေါင်း ကွန်ဖရင့်၌ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး အခြေခံမူကြီး ငါးချက်ကို ရေးဆွဲရာတွင် ကမကထပြု ဆောင်ရွက်သော နိုင်ငံများထဲ၌ ပါဝင်ပါသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ နိုင်ငံရေး၌လည်း ဝါရှင်တန်ရှိ အမေရိကန်တို့အား တရုတ်၏ ကောင်းသတင်းကို ချီးကျူးထောပနာ၍ ပီကင်းရှိ တရုတ်တို့အားလည်း အမေရိကန် တို့၏ ကောင်းမြတ်မှုများကို ချီးကျူးကာ တရုတ်-အမေရိကန် ဆက်ဆံရေး ကောင်းမွန်အောင် ရဲတင်းစွာ ဆောင်ရွက် ခဲ့သည့် နိုင်ငံဖြစ်သည်။

သို့ရာတွင် ပြည်ပနိုင်ငံများ၌ ငြိမ်းချမ်းစွာ ယှဉ်တွဲ နေထိုင်ရေးကို ဝါဒဖြန့်နေသည့် မြန်မာနိုင်ငံသည် မိမိပြည်တွင်း၌ ၎င်းဝါဒကို လက်တွေ့ မကျင့်သုံးနိုင်ခြင်းသည် ထူးခြားချက်တရပ် ဖြစ်နေပါသည်။

နု-တင်နှင့် ဆွေ-ငြိမ်း အုပ်စု နှစ်ခုအကြား ကွာခြားချက်များသည် အမေရိကန် သမ္မတ အိုင်ဆင်ဟောင်ဝါနှင့် တရုတ် ဝန်ကြီးချုပ် ချူအင်လိုင်းတို့ထက် ပိုမို နက်ရှိုင်း ကျယ်ဝန်းနေသလား မသိပါ။

အထက်ပါ အကြောင်းအရာများသည် အကွဲအပြဲကို ပြန်လည် သင့်မြတ်စေရန် မည်ကဲ့သို့ ဆောင်ရွက်ခဲ့ကြသည်ကို ဖော်ပြထားခြင်း ဖြစ်သည်။ နောက်ဆုံး ဖျန်ဖြေသူဖြစ်သော ဗိုလ်မှူးအောင်သည် ဦးလှမောင်နှင့် ဒေါက်တာ ဘဟန်တို့ မအောင်မြင်သော စေ့စပ်ရေးကို ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် နု-တင် အုပ်စု၌ ပါဝင်သွားကာ ၎င်း၏ အစိုးရအဖွဲ့၌ ဒုတိယဝန်ကြီးချုပ် ဖြစ်လာရန် ပါဝင်ခဲ့သည်။

**အခြေအနေ တင်းမာနေခြင်း**

ပါလီမန်၌ အားပြိုင်မည့်နေ့ရက် နီးကပ်လာသည်နှင့်အမျှ အုပ်စုနှစ်ခုမှ ခေါင်းဆောင်များသည် မိမိတို့အား ထောက်ခံသူ ဦးရေကို ရေတွက်နေရခြင်းဖြင့် အလုပ်ရှုပ်နေကြသည်။ သို့ရာတွင် သာမန် အရပ်သားများအတွက် စိုးရိမ်ထိတ်လန့်မှု တစထက် တစ ကြီးထွားလာခဲ့သည်။

ဆွေ-ငြိမ်း အုပ်စုသည် ရှုံးနိမ့်သွားပါက တောခိုလိမ့်မည်ဟူ၍ လည်းကောင်း၊ နု-တင်အုပ်စုသည် အာဏာ လက်လွှတ်ရ ပါက လက်နက်ကိုင်၍ ပုန်ကန်လိမ့်မည် ဟူ၍လည်းကောင်း ကောလာဟလ သတင်းများ ပေါ်ထွက်လာကာ တယောက်နားမှ တယောက်နားသို့ တီးတိုးတီးတိုး ပြောမှုများ ပိုမိုများလာသောအခါ ကြောက်လန့်ဖွယ်ရာ သတင်း အသေးစိတ်များအထိ ချဲ့ကား ပြောဆိုလာကြသည်။ အချို့သော ကောလာဟလ သတင်းများမှာ အုပ်စုတခုက အခြား အုပ်စုသိက္ခာချရန် တမင်ကြံစည် လွှင့်ထုတ်လိုက်သော သတင်းများ ဖြစ်ကြသည်။

အုပ်စုနှစ်ခု၏ ခေါင်းဆောင်များက အာဏာရယူနိုင်ရေးအတွက် ၎င်းတို့သည် အင်အားအသုံးပြုမှုကို မည့်သည့်အခါ တွင်မှ ဆောင်ရွက်မည် မဟုတ်ကြောင်း၊ တရားဝင် ထုတ်ဖော် ကြေညာလျက် ရှိကြသော်လည်း ကောလာဟလ

သတင်းများကြောင့် ပြည်သူလူထု၏ ရင်တွင်း၌ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် အုပ်စုနှစ်ခု အားပြိုင်မည့် ဇွန်လ ၅ ရက်နေ့ နီးကပ်လာသည်နှင့်အမျှ ပြည်သူများ တထိတ်ထိတ် တလန့်လန့် ဖြစ်လာကြသည်။

အချို့သော နိုင်ငံရေးသမားများသည် ပါလီမန်၌ ရှုံးနိမ့်ပါက လက်နက်ကိုင် ပုန်ကန်ရန် စီစဉ်ခဲ့ကြသည်။ ၎င်းနိုင်ငံရေးသမားများသည် အာဏာ ရရှိနေစေကာမူ ကာလကြာမြင့်နေခြင်းကြောင့် ၎င်းတို့၏ ဘဝ မည်ကဲ့သို့ စတင်ခဲ့ကြောင်း မေ့နေကြပြီဖြစ်သည်။

၎င်းတို့ လက်ရှိ ရရှိနေသော အာဏာနှင့် အဆောင်အယောင်များကို မွေးရာပါ အခွင့်အရေးများသဖွယ် မှတ်ယူကာ အာဏာတည်မြဲရေးအတွက် မည်သည့်နည်းနှင့်မဆို ဆောင်ရွက်ရန် ရှိနေသည်။

ပြည်နယ် ဝန်ကြီး တဦးဆိုလျှင် ၎င်း၏ ဇာတိမြို့ရှိ ခါးပိုက်ဆောင်တပ်ကို လိုအပ်လျှင် အသင့်ဖြစ်စေရန် ပြင်ဆင်ထားသည်။

တပ်မတော်သည် ၎င်းကိစ္စကို သိသော်လည်း အဆိုပါတပ်ဖွဲ့သည် လက်နက်ကိုင် သူပုန်မထသေးသဖြင့် လက်နက်များ သိမ်းယူရန် ကြိုတင်ကာကွယ်မှုကို လုပ်ကိုင်နိုင်ခြင်း မရှိခဲ့။ ထို့ပြင် ယင်းတပ်ဖွဲ့ကို အသင့်ပြင်ဆင်ထားရန် ကိစ္စမှာ ဝန်ကြီး၏ အမိန့်အရ ဆောင်ရွက်ရခြင်း ဖြစ်သည်။

သို့ရာတွင် ၎င်းတပ် တော်လှန်ပါက ချက်ချင်း နှိမ်နင်းရန် တပ်မတော်က အသင့်ပြင်ဆင်ထားသည်။ ကံအားလျော်စွာ အဆိုပါကိစ္စ မပေါ်ပေါက်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော အဆိုပါ ဝန်ကြီးပါဝင်သော အုပ်စုသည် ပါလီမန်၌ အနိုင်ရရှိသွားသောကြောင့် ဖြစ်ပါသည်။

ပါလီမန် အစည်းအဝေး စတင်သည့် ဇွန်လ ၅ ရက်နေ့ ရောက်သောအခါ ဆိုင်အများစုနှင့် ပုဂ္ဂလိက ကျောင်း အများအပြား ပိတ်ထားကြသည်။ ဇွန်လ ၉ ရက်နေ့တွင် ပါလီမန်၌ အစိုးရအား အယုံအကြည်မရှိ အဆိုတင်သွင်းရန် အစည်းအဝေး ခေါ်ယူကျင်းပသောအခါ မြို့တော်တဝန်းလုံး အခြေအနေ ပိုမို တင်းမာနေခဲ့သည်။

အစိုးရကျောင်းအချို့ အပါအဝင် ကျောင်းများ ပိတ်ထားကြပြီး ဖွင့်ထားသော ကျောင်းများ၌လည်း ကျောင်းတက်သူ မရှိသလောက်ပင် ဖြစ်သည်။ အကြမ်းဖက်မှုများ ဖြစ်ပွားမည်ကို စိုးရိမ်သောကြောင့် လူအများအပြားမှာ မိမိတို့ နေအိမ်မှာပင် အချိန်ကုန်ခဲ့ကြသည်။

ပါလီမန် အဆောက်အဦတည်ရှိရာ အတွင်းဝန်များရုံး တဝိုက်မှလွဲ၍ မြို့တော်တခုလုံး၌ လူမရှိသလောက်ပင် ဖြစ်ခဲ့သည်။ အတွင်းဝင်ရုံးအား ကြည်းတပ်၊ ရေတပ်၊ လေတပ်နှင့် ရဲအဖွဲ့များက ဝိုင်းရံ စောင့်ကြပ်နေကြသည်။ အဓိကရုဏ်းများ ဖြစ်ပွားပါက အမိန့်ပေးနိုင်ရန်အတွက် တရားသူကြီးများ အဆင်သင့်ရှိနေကြသည်။ ထို့ပြင် မီးသတ်ကား၊ ကြက်ခြေနီ၏ကား၊ သံချပ်ကာကားများနှင့် ဝိုင်ယာလက်စက် ပါရှိသော ရဲကားများသည်လည်း အသင့် ရှိနေကြသည်။

ဝန်ကြီး အဖွဲ့ဝင် ၃၀ ဦးအနက် ဆွေ-ငြိမ်းအုပ်စု၌ ပါဝင်သော ၁၅ ဦးမှာ အချက် ခုနစ်ချက် ပါဝင်သော ငြိမ်းချမ်းစွာ ခွဲထွက်ရေး အကြံပြုချက်နှင့် အညီ ပါလီမန်၌ အရှုံးအနိုင် ခွဲမည့်ရက် မတိုင်မီ တရက် အလိုအထိ ဦးနု၏ ဝန်ကြီးအဖွဲ့၌ ဆက်လက် ပါဝင်ခဲ့ကြသည်။

အရေးပါသော ဝန်ကြီးဌာနများ ဖြစ်ကြသည့် ပြည်ထဲရေးနှင့် တရားစီရင်ရေး ကဲ့သို့သော ဝန်ကြီးဌာနများရှိ ဆွေ-ငြိမ်းအုပ်စုဝင် ဝန်ကြီးများကိုမူ အစောပိုင်းကပင် ရာထူးမှ ဖယ်ရှားခဲ့သည်။

အယုံအကြည် မရှိအဆို တင်သွင်းမည့် ဇွန်လ ၅ ရက်နေ့ မတိုင်မီ တရက်အထိ ဇွန်လ ၄ ရက်နေ့တွင် ဆွေ-ငြိမ်းအုပ်စုဝင် ဝန်ကြီး ၁၅ ဦးစလုံး ရာထူးမှ နုတ်ထွက်ခဲ့ကြသည်။

ပါလီမန် အစည်းအဝေး ကျင်းပသည့် ပထမနေ့ဖြစ်သော ဇွန်လ ၅ ရက်နေ့တွင် ပြိုင်ဘက်အုပ်စုနှစ်စုမှ အမတ်များ ပါလီမန်သို့ လာကြပြီး တဦးနှင့်တဦး ရယ်ရယ်မောမော ရွှင်ရွှင်ပြုံးပြုံးဖြင့် တယောက်ကို ပြက်လုံးများ ထုတ်၍ နေကြသည်မှာ ရယ်ချင်ဖွယ် ကောင်းလှသည်။

အမတ်များအား ထိုကဲ့သို့သော အခြေအနေ၌ တွေ့မြင်ရသည့်သူများက ယင်းပုဂ္ဂိုလ်များသည် လွန်ခဲ့သော နာရီပိုင်းက တဦးနှင့် တဦး အပုပ်ချ ဝေဖန်သော လက်ကမ်းကြော်ငြာစာများ၊ ပိုစတာများနှင့် ရေဒီယိုမှ အမနာပ ပြစ်တင်မှုများကို ဆောင်ရွက်ခဲ့ကြသူများ ဖြစ်သည်ဟု ပြောပြလျှင် ယုံနိုင်ဖွယ်ရာ ရှိမည်မဟုတ်ပါ။

ပါလီမန် အစည်းအဝေးကို နံနက် ၁၁ နာရီ၌ ကျင်းပရန် ခေါ်ယူထားခဲ့ရာ ဦးဗဆွေ (အတိုက်အခံအုပ်စု၏ခေါင်းဆောင်) က နေရာမှထကာ နု-တင် အစိုးရအပေါ် အယုံအကြည်မရှိ အဆို တင်သွင်းခွင့်ပြုရန် ဥက္ကဋ္ဌထံ ခွင့်ပြုချက် တောင်းခံခဲ့သည်။

ပါလီမန် ဥက္ကဋ္ဌက အဆိုကို ခွင့်ပြုပြီး မဲခွဲ အဆုံးအဖြတ်ရယူရန် ဇွန်လ ၉ ရက်နေ့ကို သတ်မှတ်ပေးခဲ့သည်။ ဤသို့ဖြင့် ဇွန်လ ၅ ရက်နေ့သည် အေးချမ်းစွာ ကုန်ဆုံးသွားခဲ့သဖြင့် ပြည်သူများက ထိုနေ့အတွက် သက်ပြင်း ချနိုင်ခဲ့ကြသည်။

**မဲခွဲခြင်း**

ဇွန်လဆန်းမှ စ၍ အုပ်စု နှစ်ခုသည် ၎င်းတို့၏ အမတ် အင်အားများကို ထုတ်ပြန် ကြေညာခဲ့ကြသည်။ လွှတ်တော် အမတ် ၂၄၈ ဦးရှိသည့်အနက် နု-တင်အုပ်စုကို ၁၂၇ ဦးကလည်းကောင်း၊ ဆွေ-ငြိမ်းအုပ်စုကို ၁၁၉ ဦးကလည်းကောင်း ထောက်ခံကြကြောင်းဖြင့် ကြေညာခဲ့ကြသည်။

သို့ရာတွင် ဆွေ-ငြိမ်း အုပ်စုက နု-တင်အုပ်စု၌ ပါဝင်နေသော ရှမ်းပြည်နယ် အမတ် အနည်းဆုံး ခြောက်ဦးခန့် ၎င်းတို့ ဘက်သို့ ကူးပြောင်းလာလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ အခြားတဖက်၌လည်း နု-တင်အုပ်စုသည် ဆွေ-ငြိမ်းအုပ်စုမှ အမတ်အချို့ ခွဲထွက်လာဖွယ်ရာ ရှိသည်ဟု တွက်ဆထားသည်။

အစိုးရအား အယုံအကြည်မရှိ အဆို တင်သွင်းခြင်းနှင့် မဲခွဲ ဆုံးဖြတ်ရေးတို့အတွက် မူလက ရက်သတ်မှတ်ထားသည်နှင့် အညီ အဆုံးအဖြတ်ပြုမည့် ပါလီမန် လွှတ်တော် အစည်းအဝေးကို ဇွန်လ ၉ ရက်နေ့တွင် ကျင်းပခဲ့သည်။

ပါလီမန် လွှတ်တော်သို့ အချိန်စော၍ ရောက်ရှိလာသူများ အနက် ဦးနုလည်း ပါဝင်ပါသည်။ ဦးနုသည် အဝါရောင် ခေါင်းပေါင်းကို ပေါင်းကာ မိမိကိုယ်ကိုယ် မိမိ ယုံကြည်သော အပြုံးနှင့် ရောက်ရှိလာခဲ့သည်။

ဦးနု၏ ရဲဘော်များသည်လည်း အဝါရောင် ခေါင်းပေါင်းများ ပေါင်းထားကြသည်။ ပမညတ အဖွဲ့ဝင် ၄၅ ဦးတို့သည် ငြိမ်းချမ်းရေးအရောင်ဖြစ်သော မိုးပြာရောင် ခေါင်းပေါင်းများ ပေါင်းထားကာ ဆွေ-ငြိမ်းအုပ်စုကမူ ပန်းရောင် ခေါင်းပေါင်းများ ပေါင်းထားကြသည်။

ဦးဗဆွေသည် ပါလီမန် အစည်းအဝေး စခါနီး၌ ရောက်ရှိလာရာ ၎င်း၏ ရောင်းရင်းများက လက်ခုပ်တီး၍ ကြိုဆိုခဲ့ကြသည်။ ဒေါက်တာဇမောင် ရောက်ရှိလာသော အခါ ပမညတ အမတ်များက သြဘာ ပေးခဲ့ကြသည်။ အဆုံးအဖြတ်ရယူမည့် နေ့သည် ဤသို့ဖြင့် အပြုံးများ လက်ခုပ်တီးသံများဖြင့် စတင်ခဲ့သည်။

ထို့နောက် လွှတ်တော် ဥက္ကဋ္ဌ ဗိုလ်မှူးအောင် ရောက်ရှိလာရာ တနေ့တာ လုပ်ငန်းများကို စတင်ခဲ့ပါသည်။ ဦးဗဆွေက အယုံအကြည်မရှိ အဆိုကို တင်သွင်းရာ ဗိုလ်ခင်မောင်ကလေးက ထောက်ခံခဲ့ပါသည်။ ထောက်ခံကြသူများမှာ ဆွေ-ငြိမ်းအုပ်စု၏ အထင်ကရ ပုဂ္ဂိုလ်များဖြစ်ကြသော ဦးကျော်ငြိမ်း၊ ဦးဇံထားဆင်၊ သခင်စံမြင့်နှင့် ဦးခင်မောင်လတ်တို့ ဖြစ်ကြသည်။

အယုံအကြည်မရှိ အဆိုကို ကန့်ကွက်ကြသူများမှာ ဦးဘိုးမှူ (ရှမ်း)၊ ဦးဘညိန်း (ပမညတ)၊ ဒူးဝါးဇော်ရစ် (ကချင်)၊ သခင်တင်နှင့် ဦးနုတို့ ဖြစ်ကြပြီး၊ ဦးဗဆွေက ပြန်လှန် ဖြေကြားခဲ့သည်။

ထို့နောက် ဥက္ကဋ္ဌက မဲပေးရမည့် လုပ်ထုံးလုပ်နည်းကို ကြေညာခဲ့ပါသည်။ အဆိုကို ထောက်ခံသူများသည် ထောက်ခံသူများအတွက် သတ်မှတ်ထားသော အခန်းသို့ သွားကာ မဲပေးရမည်ဖြစ်ပါသည်။

ထောက်ခံသည့် အမတ်များ၏ အခန်းတံခါး ပိတ်ပြီးနောက်မှ အဆိုကို ကန့်ကွက်သူများသည် ကန့်ကွက်သောသူများ အတွက် သတ်မှတ်ထားသော အခန်းသို့ သွားရမည်ဖြစ်သည်။

ဤအချိန်သည် စိတ်လှုပ်ရှား ပူပင်ရသည့်ကာလ ဖြစ်ပါသည်။ အဆိုကို ထောက်ခံသူများအတွက် သတ်မှတ်ထားသော အခန်းသို့ သွားကြရန် လွှတ်တော် ဥက္ကဋ္ဌက မေတ္တာရပ်ခံသောအခါ မျက်လုံးများ အားလုံးသည် ရှမ်းပြည်နယ် အမတ် အုပ်စုကိုသာ ကြည့်နေကြပါသည်။ အဘယ်ကြောင့်ဆိုသော် ယခင်က နု-တင် အုပ်စုကို ထောက်ခံမည်ဟု ကြေညာ ထားကြသော အမတ်များအနက် အချို့သည် ဆွေ-ငြိမ်းအုပ်စုကို ထောက်ခံသော ညောင်ရွှေ မဟာဒေဝီ၏ ဘက်သို့ ကူးပြောင်းသွားကြမည်ဟု မျှော်လင့်ထားကြသောကြောင့် ဖြစ်သည်။

သို့ရာတွင် မူလက ကြေညာထားသည့်အတိုင်း မဟာဒေဝီ အပါအဝင် အမတ် ၉ ဦးသာလျှင် ထောက်ခံသူများအတွက် သတ်မှတ်ထားသော အခန်းသို့ ဝင်သွားကြသည်။ သစ္စာဖောက်ခြင်း မရှိခဲ့ပါ။

ဥက္ကဋ္ဌက အဆိုကို ကန့်ကွက်ကြသူများ ၎င်းတို့အတွက် သတ်မှတ်ထားသော အခန်းသို့ သွားရောက်ကြရန် ပြောကြား သောအခါ ဦးနုက နု-တင်အုပ်စု ထောက်ခံသူများကို ဦးဆောင်၍ ထွက်ခွာသွားသည်။

နောက်ဆုံး၌ မဲရရှိမှု အခြေအနေကို ကြေညာရာတွင် အစိုးရအား အယုံအကြည် မရှိ အဆိုကို ထောက်ခံမဲ ၁၁၉ မဲ၊ ကန့်ကွက်မဲ ၁၂၇ မဲဖြင့် နု-တင်အုပ်စုက ရှစ်မဲအသာဖြင့် နှာတဖျား ကပ်၍ အနိုင်ရရှိသွားသည်။

ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့သည် ဦးနု၊ သခင်တင်တို့အား သွားရောက် နှုတ်ဆက်ကြသည်။ အုပ်စုနှစ်ခုသည် ကိုယ့် လမ်းကိုယ် လျှောက်ကြရန် ငြိမ်းချမ်းစွာ ခွဲထွက်သွားကြသည်။ ပါလီမန် အတွင်း၌လည်းကောင်း၊ ပြင်ပ၌လည်းကောင်း မဖွယ်မရာဖြစ်ရပ် တစုံတခုမျှ ဖြစ်ပွားခြင်း မရှိခဲ့ပါ။

အောက်ပါ ဇယားသည် အယုံအကြည် မရှိ အဆိုနှင့် ပတ်သက်၍ အဖွဲ့ အသီးသီး၏ ဆန္ဒမဲပေးမှုကို ဖော်ပြထားသည်။ လွှတ်တော် အမတ် ၂၄၈ ဦး ရှိသည့် အနက် ၂၄၆ ဦး မဲပေးခဲ့သည်။ လွှတ်တော် ဥက္ကဋ္ဌသည် မဲမပေးဘဲ ကြားနေခဲ့ပြီး မအူပင်မှ ဦးဘဦးသည် နုတ်ထွက်လွှာကို တင်သွင်းခဲ့သည်။

| | နု-တင် | ဆွေ-ငြိမ်း |
|---|---|---|
| ဖဆပလအဖွဲ့ | ၅၁ | ၉၇ |
| ပမညတ | ၄၄ | ၁ |
| ရတည | ၆ | ၀ |
| ရှမ်း | ၁၆ | ၉ |
| ကချင် | ၃ | ၄ |
| ချင်း | ၃ | ၃ |
| ကယား | ၂ | ၀ |
| ကရင် | ၂ | ၅ |
| | ၁၂၇ | ၁၁၉ |

**နု-တင်အစိုးရ**

ဦးနု-သခင်တင် အစိုးရ မြန်မာနိုင်ငံအား အုပ်စိုးခဲ့သည့် ဇွန်လ ၉ ရက်နေ့မှ အောက်တိုဘာလ ၂၈ ရက်နေ့အထိ ငါးလ တာကာလအတွင်း မည်သည့်နိုင်ငံတွင်မျှ မကြုံဖူးခဲ့သော သူပုန်များအား အလျှော့ပေးမှုများကို ဆောင်ရွက်ခဲ့သည်။

ဖဆပလ အဖွဲ့ကြီးအတွင်း အုပ်စုနှစ်ခု အကွဲအပြဲ မပေါ်ထွက်မီက ချုပ်ငြိမ်းခါနီး ဖြစ်နေသည့် ရောင်စုံ သူပုန်များသည် အစိုးရအား ငြိမ်းချမ်းရေးနှင့် သက်ညှာစွာ စဉ်းစားရေးတို့အတွက် အသနားခံ တင်ပြခဲ့ကြသော်လည်း နောက်ပိုင်းတွင် ၎င်းတို့၏ သဘောထားများ ပြောင်းလဲလာကာ အသနားခံနေခြင်းမှ တောင်းဆိုခြင်းများ ပြောင်းလဲ ပြုလုပ်လာခဲ့သည်။

ယင်းကဲ့သို့ သူပုန်များ၏ ရပ်တည်ချက် ပြောင်းလဲလာရခြင်းမှာ နု-တင် အုပ်စုကို ထောက်ခံသော မြေပေါ် ကွန်မြူနစ် မဟာမိတ်များက အကြံပေးခဲ့ခြင်းကြောင့် ဖြစ်သည်။[၁၀]

အခြားတဖက်တွင်လည်း ဦးနုသည် ၁၀ နှစ်ခန့် ကြာမြင့်နေခဲ့ပြီဖြစ်သော ပြည်တွင်း သူပုန်ထမှုကို အဆုံးသတ်စေရန် ရိုးသားစွာ ဆန္ဒရှိပြီး မြန်မာနိုင်ငံ၏ သမိုင်းတွင် ငြိမ်းချမ်းရေး ဗိသုကာအဖြစ် ကမ္ပည်းတင် ခံလိုသော ရည်မှန်းချက် ကြောင့်လည်း ဖြစ်နိုင်သည်။

ထို့ကြောင့် သူ၏ရည်မှန်းချက် အောင်မြင်စေရန်အတွက် ဦးနုသည် တိုင်းပြည်အား မည်ကဲ့သို့ထိခိုက်နိုင်မည်ကို စဉ်းစား တွေးတောခြင်းမရှိဘဲ အလျှော့ပေး ဆောင်ရွက်ရန် ပြင်ဆင် ဆောင်ရွက်ခဲ့သည်။ ပြည်တွင်း ငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်နိုင်ပါက သူ၏ ပုဂ္ဂိုလ်ရေးရာ အတ္ထုပ္ပတ္တိ၌ ထင်ရှားသော မှတ်တိုင်သဖွယ် ဆောင်ရွက်ချက် ဖြစ်ပါလိမ့်မည်။ နိုင်ငံရေးအရလည်း ဆွေ-ငြိမ်း အုပ်စုက မစွမ်းဆောင်နိုင်သော လူထုထောက်ခံမှု ရရှိနိုင်စေမည့် လှုပ်ရှားမှုကြီး ဖြစ်လိမ့် မည်။

မည်ကဲ့သို့ပင် ဖြစ်စေကာမူ ဦးနု၏ မျှော်မှန်းချက်များသည် အောင်မြင်လုနီးပါးဖြစ်ခါမှ ပျက်ပြယ်သွားခဲ့ရသည်။ အစိုးရ၏ အားနည်းချက်ကို မြင်တွေ့နေရသော ကွန်မြူနစ်သူပုန်များသည် ဝန်ကြီးချုပ်ဦးနု၏ အလျှော့ပေးထားသော ငြိမ်းချမ်းရေး ကမ်းလှမ်းချက်များအပေါ် ရုတ်တရက် ပြောင်းခဲ့ကာ အစိုးရနှင့် ၎င်းတို့ တွေ့ဆုံဆွေးနွေးရေးနှင့် သူပုန်တပ်များအား တရားဝင် လက်ခံ ဖွဲ့စည်းရေး စသော မောက်မာသည့် တောင်းဆိုချက်များကို တင်ပြလာခဲ့ကြသည်။
သူပုန်များက ပြည်သူများ၏ လွတ်မြောက်ရေးအတွက် လွန်ခဲ့သော ၁၀ နှစ် ကတည်းက အတွေ့အကြုံ ရင့်ကျက်နေ သော ယင်းတို့၏ တပ်ဖွဲ့များကို နိုင်ငံ၏ လက်နက်ကိုင် တပ်ဖွဲ့များအတွင်း၌ ထည့်သွင်း ဖွဲ့စည်းပေးရမည်ဟု တောင်းဆို ခဲ့ကြသည်။

သန့်ရှင်း ဖဆပလ အစိုးရ၏လက်ထက် အခြားမှတ်သားဖွယ်ရာ အချက်တရပ် ရှိသေးသည်။ ၎င်းမှာ နိုင်ငံရေးသမား များသည် မိမိတို့အာဏာ ဆက်လက်ရရှိရေးအတွက် ဒီမိုကရေစီ အခွင့်အရေးများကို ကြွေးကြော်နေသော်လည်း လက်တွေ့တွင် ဒီမိုကရေစီနှင့် ဆန့်ကျင်သော လုပ်ရပ်များကို ဆောင်ရွက်တတ်သည်ဟူသော သင်ခန်းစာ ဖြစ်ပါသည်။

နု-တင် အစိုးရ အာဏာရှိစဉ်အတွင်း အာဏာ အလွဲသုံးစားပြုခြင်း၊ အတိုက်အခံများကိုသာမက ကြားနေ နိုင်ငံရေး သမားများကိုပါ ညှဉ်းပန်းနှိပ်စက်မှု၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျူးလွန် ဖောက်ဖျက်မှုများ အပါ အဝင် မသမာမှုများကို ဆောင်ရွက်ခဲ့ကြသည်ဟု အတိုက်အခံများက စွပ်စွဲခဲ့ကြသည်။

နု-တင် အစိုးရ အာဏာရရှိသည့်နေ့ကို ဇွန်လ ၉ ရက်နေ့မှ အောက်တိုဘာ ၂၈ ရက်နေ့အထိ ရေတွက် သတ်မှတ် ခဲ့ကြသော်လည်း အမှန်စင်စစ်အားဖြင့် ၎င်း၏ အစိုးရသည် မေလ အစောပိုင်း ဖဆပလ အကွဲအပြဲ ပေါ်ပေါက်သည်မှ စတင် တည်ရှိလာခြင်း ဖြစ်သည်။ အစိုးရ အဖွဲ့အတွင်း၌ ဆွေ-ငြိမ်း အုပ်စုဝင်များကို ဝန်ကြီးများအဖြစ် လက်ခံထားရှိ ခဲ့သော်လည်း အတိုက်အခံများသို့ တာဝန်ပေးထားသော အရေးပါသည့် ဝန်ကြီးဌာနများအား နု-တင် အဖွဲ့က ရယူခဲ့ သည်။

ထို့ပြင် ကျန်သော အတိုက်အခံ ဝန်ကြီးများနှင့် ပတ်သက်၍လည်း ဝန်ကြီးချုပ်က ၎င်း၏ ကြိုတင် ခွင့်ပြုချက် မရဘဲ အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်ခြင်း မပြုလုပ်နိုင်ရန် အတွင်းဝန်များအား ညွှန်ကြားချက်တရပ် ထုတ်ပြန် ခြင်းဖြင့် ယင်းဝန်ကြီးများ၏ လုပ်ပိုင်ခွင့်ကို ပျက်ပြယ်စေခဲ့သည်။ အတိုက်အခံ ဝန်ကြီးများအား နု-တင် အစိုးရအဖွဲ့၌ သဘောထားကြီးစွာဖြင့် ဆက်လက်ထားရှိခဲ့ခြင်းသည် ရုပ်ပြမျှသာ ဖြစ်ခဲ့သည်။

---

[၁၀] ဦးနုက ၁၉၅၈ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် တိုင်းပြည်သို့ အသံလွှင့်မိန့်ခွန်း ပြောကြားခဲ့ရာ အမျိုးသား ညီလာခံတရပ် ခေါ်ယူရန်၊ အမျိုးသား ညီလာခံ မကျင်းပမီ တောခိုရဲဘော်များ အလင်းဝင်ရန် တိုက်တွန်းခဲ့ပြီး ကျူးလွန်ခဲ့သမျှ သင်ပုန်းချေပေးမည့် လွတ်ငြိမ်း ချမ်းသာခွင့် ဥပဒေ ပြဋ္ဌာန်းပေးရန်နှင့် လက်နက်ချ အဖွဲ့အစည်းများအား တရားဝင် ထူထောင်ခွင့်ပေးရန် ကတိပေးခဲ့သည်။ အတိုက် အခံ ပမညတများကလည်း အစိုးရပေးသည့် အခွင့်အရေးကို လက်မလွှတ်ဘဲ လက်နက်ကိုင် တိုက်ပွဲမှ လူထုတိုက်ပွဲသို့ ပြောင်းလဲပါ ဟူ၍ ဇွန်လ ၂၈ ရက်တွင် ကြေညာခဲ့သည်။ အင်အား ၂,၀၀၀ ခန့်သာ ကျန်ရှိသော ဗမာပြည် ကွန်မြူနစ် ပါတီသည် ထိုအချိန်မှစ၍ မူလ တောင်းဆိုချက်များထက် ပိုမိုတောင်းဆိုကာ လေသံမာလာခဲ့သည်။

## ဝှက်ဖဲ

မေလလယ်ခန့်တွင် ဦးနု အစိုးရ အရာရှိကြီးတဦးသည် ၎င်း၏ တာဝန်အရ ဦးနုနှင့် သွားရောက် တွေ့ဆုံခဲ့သည်။ ဦးနုက ၎င်းအား ဖဆပလ အကွဲအပြဲ ပေါ်ပေါက်ပြီးနောက် ဝန်ထမ်း အသိုက်အဝန်း၌ အခြေအနေကို စုံစမ်း မေးမြန်းခဲ့သည်။

အစိုးရ အရာရှိကြီးက အပြောင်းအလဲများ မည်သည့်အခါနှင့် မည်ကဲ့သို့ ဖြစ်ပွားမည်ကို အသေအချာ ပြောနိုင်ရန် မသေချာသည့် အခြေအနေကြောင့် ဆုံးဖြတ်ချက်များ ချမှတ်ရသည့် အစိုးရအရာရှိကြီးများ မပြတ်မသား ဖြစ်နေသဖြင့် လုပ်ငန်းများ ထိခိုက်ကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ဦးနုက အချိန်အတော်ကြာသည့်တိုင်အောင် အပြောင်းအလဲများ ဖြစ်ပွားမည် မဟုတ်ကြောင်း၊ ဆောင်ရွက်ဆဲ စီမံချက်များ စီမံကိန်းများကို ဆက်လက် အကောင်ထည်ဖော်သွားရန် တိုက်တွန်းကာ ၎င်း၏ အုပ်စုသည် အချိန်အတော် ကြာမြင့်သည်အထိ အာဏာ ရရှိနေလိမ့်မည်ဟု အခိုင်အမာ ပြောကြားခဲ့သည်။

၎င်း အဖြစ်အပျက်သည် အုပ်စုနှစ်ခု၏ ကံကြမ္မာကို ပါလီမန်၌ အဆုံးအဖြတ် မရယူမီ ရက်သတ္တ နှစ်ပတ်အလိုတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဦးနုသည် ၎င်းဆက်လက် အာဏာရရှိမည်ကို သေချာလျက် ရှိနေသည်။ မည်သည့် အကြောင်းအရာက သူ့အား ယင်းကဲ့သို့ ယုံကြည်မှုရှိအောင် အထောက်အကူ ပြုခဲ့ပါသနည်း။

ပါလီမန်က မည်ကဲ့သို့ပင် အဆုံးအဖြတ် ပေးစေကာမူ ဦးနုသည် အာဏာဆက်လက် ရယူထားနိုင်ရန် ယုံကြည်မှု ခိုင်မာနေခြင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အားကိုးအားထား ပြုနိုင်ခြင်းကြောင့် ဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် (၅၇) တွင် "သမ္မတသည် ဝန်ကြီးချုပ်၏ အကြံပေးချက်အရ ပါလီမန်လွှတ်တော်ကို ဖျက်သိမ်းရမည်" ဟု ဖော်ပြထားသည်။ ပါလီမန်၌ ရှုံးနိမ့်သွားပါက ဦးနုက သမ္မတအား ပါလီမန် ဖျက်သိမ်းရန် အကြံပြုတင်ပြခြင်းဖြင့် အိမ်စောင့် အစိုးရ၏ အကြီးအကဲအဖြစ် ဆက်လက် တာဝန်ယူနိုင်ခွင့် ရရှိမည်ဖြစ်သည်။ ၎င်းအချက်က ဦးနုအတွက် လက်ထဲရောက်နေသော ဝှက်ဖဲချပ်ပင် ဖြစ်ပေသည်။

၎င်းအချိန်တွင် ဦးနုသည် ပါလီမန်၌ ရှုံးနိမ့်သွားပါက အထက်တွင် ဖော်ပြသည့်နည်းအတိုင်း ဆောင်ရွက်လာနိုင်သည်ကို ဆွေ-ငြိမ်း အုပ်စုက ရိပ်စားမိလာကြသည်။ ထို့ကြောင့် ဦးနုအား ၎င်းအရေးနိမ့်ပါက ပါလီမန်ကို ဖျက်သိမ်းခြင်းမပြုဟူသော ကတိရရှိစေရေး အတွက် ကြိုးစားခဲ့ကြသည်။

လိမ္မာပါးနပ်သော နိုင်ငံရေးသမားဖြစ်သည်နှင့် အညီ ဦးနုသည် ကတိမပေးဘဲ သူသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဟုသာ ထုတ်ဖော် ပြောဆိုခဲ့သည်။ သူသည် ၎င်းထက်ပို၍ ပြောကြားခြင်း မပြုခဲ့။ သတင်းစာရှင်းလင်းပွဲ၌ သတင်းစာဆရာများက ဝန်ကြီးချုပ်အား ပါလီမန်က အယုံအကြည် မရှိသောအခါ ပါလီမန်ကို ဖျက်သိမ်းရန် ၎င်းစိတ်၌ အကြံအစည် ရှိ မရှိ တီးခေါက်ကြည့်ရန် ကြိုးစားကြသော အခါတွင်လည်း ဦးနုသည် ဆွေ-ငြိမ်း အုပ်စုအား ပြောကြားခဲ့သည့် အတိုင်းပင် ဖြေကြားခဲ့သည်။

ထို့ကြောင့် ဦးနုသည် ပါလီမန်၌ ရှုံးနိမ့်သွားပါက ဘာလုပ်မည်နည်း။ ပါလီမန်ကို ဖျက်သိမ်းမည်လော၊ သို့တည်းမဟုတ် အတိုက်အခံများ အစိုးရ ဖွဲ့စည်းနိုင်ရန် သိက္ခာရှိရှိ ထွက်ပေးမည်လော ဟူသော မေးခွန်းများသည် ပြည်သူအများစု၏ စိတ်ထဲ၌ သိလိုသည့် ဆန္ဒအပြင်းပြဆုံးသော တွေးတောစရာများ ဖြစ်လာခဲ့သည်။

ထို့ကြောင့် ယင်းမေးခွန်းနှင့် ပတ်သက်၍ ဂါးဒီးယန်း အင်္ဂလိပ်သတင်းစာက လူထု၏ သဘောထားကို စုံစမ်းမေးမြန်းခဲ့သည်။ နာမည်ကြီး ဥပဒေပညာရှင် အများအပြားက ပါလီမန်၌ အမတ် အများစု၏ ထောက်ခံမှု မရရှိခြင်းကြောင့် ဝန်ကြီးချုပ်က ပါလီမန်ကို ဖျက်သိမ်းမည်ဆိုပါက ဒီမိုကရေစီမကျသော နည်းလမ်းဖြစ်ပြီး အလွန်အန္တရာယ်ကြီးမားသော အစဉ်အလာတရပ်ကို ချမှတ်ကျင့်သုံးရာ ရောက်လိမ့်မည်ဟု ပြောကြား ရေးသားခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ ဇွန်လ ၉ ရက်နေ့တွင် ကျင်းပခဲ့သော ပါလီမန်၌ အစိုးရအား အယုံအကြည်မရှိ အဆို ရှုံးနိမ့်သွားခြင်းကြောင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ (၅၇) ကို လက်တွေ့ကျင့်သုံးရန် မလိုအပ်ခဲ့ပါ။

ထို့ကြောင့် ပါလီမန်၌ ရှုံးနိမ့်ခဲ့ပါက ဦးနု ဘာလုပ်မည်နည်းဟူသော အဖြေမှာ ခန့်မှန်း ပြောဆိုချက်မျှသာ ဖြစ်ခဲ့ပါသည်။ သို့ရာတွင် ဦးနုသည် ပါလီမန်၌ ရှုံးနိမ့်မည်ဆိုပါက ပါလီမန် လွှတ်တော်ကို ဖျက်သိမ်းရေးအတွက် သမ္မတ၏ အမိန့်စာ ရရှိပြီးဖြစ်သည် ဟူသော စွပ်စွဲချက် အများစု ပေါ်ပေါက်လာသည်။

ယင်းအမိန့်စာကို ပါလီမန် အစည်းအဝေး အပြီး၌ သန့်ရှင်း အစိုးရအား ခန့်အပ်ပြီးနောက် လွှတ်တော် ရွှေ့ဆိုင်းသည့် အမိန့်စာနှင့် ပါလီမန် ဖျက်သိမ်းရေး သမ္မတ၏ အမိန့်စာ မှားယွင်း၍ ၎င်း၏ အိတ်ကပ်ထဲမှ ဦးနုက ထုတ်ယူမိခဲ့သည်ဟု ဆိုကြသည်။

## ပြည်နယ် ဝန်ကြီးများ ခန့်အပ်ခြင်း

ဇွန်လ ၄ ရက်နေ့တွင် ဆွေ-ငြိမ်းအုပ်စုဝင် ဝန်ကြီး ၁၅ ဦး ရာထူးမှ နုတ်ထွက်ကြရာ၌ ကရင်ပြည်နယ်ဝန်ကြီး ဒေါက်တာ စောလှထွန်း၊ ကချင်ပြည်နယ် ဝန်ကြီး ဦးဇံထားဆင်တို့ ပါဝင်ခဲ့သည်။

ဝန်ကြီးချုပ် ဦးနုသည် ကရင်ပြည်နယ် ဝန်ကြီးအဖြစ် စောလှလှကို လည်းကောင်း၊ ကချင်ပြည်နယ် ဝန်ကြီးအဖြစ် ဒူးဝါး ဇော်ရစ်ကို လည်းကောင်း ခန့်အပ်ခဲ့သည်။ ယင်းသို့ ခန့်အပ်ရာ၌ ဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသော သက်ဆိုင်ရာ ပြည်နယ်ကောင်စီနှင့် ညှိနှိုင်း တိုင်ပင်ရန် ဆိုသော အချက်ကို မဆောင်ရွက်ခဲ့ပါ။

ဆွေ-ငြိမ်း အုပ်စုက ဤကိစ္စကို အကြောင်းပြုကာ ဦးနုသည် ဖွဲ့စည်းပုံ အခြေခံဥပဒေကို စက္ကူစုတ်သဖွယ် သဘောထားကာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ချိုးဖောက်သူဟု ကင်ပွန်းတပ်ခဲ့သည်။

ဦးနုက ဒေါက်တာ စောလှထွန်းနှင့် ဦးဇံထားဆင်တို့ နှစ်ဦး ပြည်နယ် ဝန်ကြီးများ ရာထူးမှ နုတ်ထွက် သွားပြီးနောက် စီမံခန့်ခွဲရေးဆိုင်ရာ အလျင်အမြန် လိုအပ်နေမှုကြောင့် ပြည်နယ်ကောင်စီများနှင့် ညှိနှိုင်းခြင်း မရှိဘဲ ခန့်အပ်ခဲ့ရခြင်းသာ ဖြစ်ကြောင်း၊ ယင်းသို့ ခန့်အပ်မှုမှာ ယာယီမျှသာဖြစ်ပြီး ပြည်နယ်ကောင်စီ အစည်းအဝေး ကျင်းပသောအခါ ဝန်ကြီးများ ရာထူးမှ နုတ်ထွက်ကြမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းခဲ့သည်။

ထို့ပြင် ပြည်နယ် ဝန်ကြီးများ ခန့်ထားရာ၌ ပြည်နယ် ကောင်စီများနှင့် ညှိနှိုင်းရန် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ လိုအပ်သော်လည်း ကောင်စီ၏ ရွေးချယ်သူကို ဝန်ကြီးချုပ်က လက်ခံရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိ၍ လက်ခံခြင်းနှင့် ငြင်းပယ်ခြင်းမှာ ဝန်ကြီးချုပ်၏ ဆုံးဖြတ်ချက် အရသာ ဖြစ်ကြောင်းဖြင့် ချေပခဲ့သည်။

မည်ကဲ့သို့ပင်ဖြစ်စေ ၎င်း၏ ဆောင်ရွက်ချက်နှင့် ပတ်သက်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိ မရှိကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများကို ပြည်နယ်ကောင်စီအား တိုင်ပင်ခြင်းမရှိဘဲ ခန့်အပ်ခြင်းမှာ ဥပဒေနှင့် ညီ မညီကို တရားလွှတ်တော်ချုပ်၏ ထင်မြင်ချက်ကို တောင်းခံသွားမည်ဟု ကတိပြုခဲ့ပါသည်။ တရားလွှတ်တော်ချုပ်သို့ ၎င်းကိစ္စနှင့် ပါလီမန်အမတ် ဦးဘဦး (မအူပင်) နုတ်ထွက်သွားမှု အငြင်းပွားနေခြင်းကိုပါ တင်ပြခဲ့သည်။

ဦးဘဦးသည် ဖဆပလ အကွဲအပြဲကြောင့် စိတ်ထိခိုက်ကာ ၎င်း၏ အမတ်အဖြစ်မှ နုတ်ထွက်လွှာကို မေလ ၁၉ ရက်နေ့က စာတိုက်မှတဆင့် ပေးပို့ခဲ့သည်။ မေလ ၂၁ ရက်နေ့တွင် ၎င်းသည် ဆွေ-ငြိမ်း အုပ်စုကို ထောက်ခံမည်ဟု ကြေညာခဲ့ပြီး ယခင် နုတ်ထွက်လွှာကို ပြန်လည် ရုပ်သိမ်းကြောင်းကို လူကြုံဖြင့် ပေးပို့ခဲ့သည်။

နုတ်ထွက်စာကို ရုပ်သိမ်းသည့်စာသည် စာတိုက်မှ ပို့လိုက်သော နုတ်ထွက်စာထက် နှစ်နာရီစော၍ ပါလီမန်သို့ ရောက်ရှိခဲ့သည်။ စာနှစ်စောင်စလုံးကို ပါလီမန် ဥက္ကဋ္ဌထံ တင်ပြခဲ့ရာ ဥက္ကဋ္ဌက ဦးဘဦး၏ မဲဆန္ဒနယ်မြေ လစ်လပ်ကြောင်း ကြေညာခဲ့သည်။

ဦးဘဦးသည် ဆွေ-ငြိမ်းအုပ်စုကို ထောက်ခံကြောင်း ကြေညာခဲ့ခြင်းကြောင့် အမတ်ရာထူးမှ နုတ်ထွက်လွှာကို လက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ ရာထူးမှ နုတ်ထွက်မှုကို ပြန်လည်ရုပ်သိမ်းသည့် စာသည်  နုတ်ထွက်ရန် တင်ပြသည့် စာထက် အချိန်စော၍ ရောက်ခဲ့သော်လည်း နုတ်ထွက်စာကို လက်ခံခဲ့ခြင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်နေကြောင်းဖြင့် စွပ်စွဲပြောဆိုမှုများ ပေါ်ထွက်ခဲ့သည်။

ဤကိစ္စများကို တရားလွှတ်တော်ချုပ်သို့ တင်ပြထားစဉ်အတွင်း ကရင်နှင့် ကချင်ပြည်နယ် ဝန်ကြီးများသည် ပြည်နယ်ကောင်စီ အစည်းအဝေးများကို ခေါ်ယူကာ အစည်းအဝေး မကျင်းပမီ တရက်အလို ဇူလိုင်လ ၃ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်ခဲ့ကြသည်။ တရားလွှတ်တော်ချုပ်က ၎င်းကိစ္စများကို ကြားနာရန် ဇူလိုင်လ ၇ ရက်နေ့ကို သတ်မှတ်ခဲ့သည်။

ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ် ကောင်စီ နှစ်ခုစလုံးတွင် ဆွေ-ငြိမ်း အုပ်စုက အများစု ရရှိထားသည်။

ကချင်ပြည်နယ် ကောင်စီဝင် ၁၉ ဦး ရှိသည့်အနက် ၁၀ ဦးမှာ ဆွေ-ငြိမ်း အဖွဲ့မှ ဖြစ်သည်။

ကရင်ပြည်နယ် ကောင်စီဝင် ၂၂ ဦး အနက် ၁၂ ဦးမှာ ဆွေ-ငြိမ်း အုပ်စုမှ ဖြစ်သည်။

အကယ်၍ ဦးနုသည် ပြည်နယ် ကောင်စီဝင် အများစု၏ ဆုံးဖြတ်ချက်ကို လက်ခံမည်ဆိုပါက ၎င်း၏ ဝန်ကြီးအဖွဲ့၌ ဆွေ-ငြိမ်း အုပ်စုမှ ပြည်နယ် ဝန်ကြီးများကို ထည့်သွင်းရမည့်သဘော ဖြစ်သည်။

ဇူလိုင်လ ၄ ရက်နေ့တွင် ကရင်ပြည်နယ် ကောင်စီ အစည်းအဝေးကို ဦးနု၏ နေအိမ်၌ ကျင်းပသောအခါ ဦးနုက ကောင်စီ အဖွဲ့ဝင်များအား ၎င်း၏ ဝန်ကြီးအဖွဲ့၌ ရဲဘော်ရဲဘက်အဖြစ် လက်ခံနိုင်မည့် ပုဂ္ဂိုလ်ကိုသာ ရွေးချယ်တင်မြှောက်ကြရန် သတိပေးခဲ့သည်။

ပြည်နယ်ကောင်စီ အစည်းအဝေးသို့ ပထမဦးဆုံး အကြိမ်အဖြစ် ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း အတိုက်အခံများက ကောင်စီဝင်များကို ဖိအားပေးရန် ကြိုးစားချက်တရပ် အနေဖြင့် စွဲချက်တင်ခဲ့သည်။

ဇူလိုင်လ ၄ ရက်နေ့ ပြည်နယ်ကောင်စီ အစည်းအဝေး အစီအစဉ်၌ ဝန်ကြီးချုပ်ထံ တင်ပြရမည့် ပြည်နယ်ကောင်စီ ခေါင်းဆောင်များ လျာထားမှု အစီအစဉ် ပါဝင်ခဲ့သည်။ ကရင်နှင့် ကချင်ပြည်နယ် ကောင်စီဝင် အများစုမှာ ဆွေ-ငြိမ်း အုပ်စုဝင်များက လွှမ်းမိုးထားသော်လည်း ကောင်စီ ဥက္ကဋ္ဌ နှစ်ဦးစလုံးမှာ နု-တင် အုပ်စုမှ ဖြစ်နေသည်။

ပြည်နယ်ကောင်စီရှိ ဆွေ-ငြိမ်း အုပ်စုဝင်များက ပြည်နယ် ခေါင်းဆောင်အဖြစ် ပုဂ္ဂိုလ်တဦးတည်းကို မတင်ပြဘဲ ပုဂ္ဂိုလ်နှစ်ဦးကို ဝန်ကြီးချုပ်အား တင်ပြ၍ ဝန်ကြီးချုပ်က နှစ်သက်ရာ ပုဂ္ဂိုလ်ကို ရွေးချယ်နေခြင်းမှာ ဒီမိုကရေစီ မကျကြောင်းဖြင့် ထောက်ပြခဲ့သည်။

ကချင်ပြည်နယ် ဝန်ကြီးအဖြစ် ဒူးဝါးဇော်ရစ်နှင့် ဦးဒိန်ရတန်တို့ နှစ်ဦးကို အမည်စာရင်း တင်သွင်းခဲ့ပြီး ကရင်ပြည်နယ် ခေါင်းဆောင်အဖြစ် စောလုလု (နု-တင်) နှင့် ဦးအေးစိုးမြင့် (ဆွေ-ငြိမ်း) တို့ကို တင်ပြခဲ့သည်။ နောက်ပိုင်း၌ ဦးနုက စောလုလုနှင့် ဒူးဝါးဇော်ရစ်တို့ကို ဝန်ကြီးများ အဖြစ် ရွေးချယ် ခန့်ထားခဲ့သည်။

ဇူလိုင်လ ၄ ရက်နေ့ အစည်းအဝေးတွင် အတိုက်အခံအုပ်စုမှ ဗိုလ်လုကြိုင်က ကချင်ပြည်နယ် ကောင်စီဥက္ကဋ္ဌ (နု-တင်) အား အယုံအကြည်မရှိအဆို တင်သွင်းခဲ့ရာ ဇူလိုင်လ ၁၀ ရက်နေ့ကို ဆွေးနွေးရန်ရက်အဖြစ် သတ်မှတ်ခဲ့သည်။

ဇူလိုင်လ ၉ ရက်နေ့တွင် ကချင်ပြည်နယ် ကောင်စီ အစည်းအဝေး ကျင်းပသောအခါ ရုန်းရင်းဆန်ခတ် ဖြစ်လုနီးပါး ငြင်းခုံခြင်းဖြင့် အဆုံးသတ်ခဲ့ရပါသည်။ ထို့ကြောင့် ဥက္ကဋ္ဌက မူလ စီစဉ်ထားသော နောက်တနေ့တွင် အယုံအကြည်မရှိ အဆိုကို ကျင်းပရန် မဖြစ်နိုင်ဘဲ အစည်းအဝေးကို ရွှေ့ဆိုင်းခဲ့ရသည်။ မဲခွဲ၍ အဆုံးအဖြတ်ရယူပါက နု-တင် အုပ်စုက ရှုံးနိမ့်မည် ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ပြည်နယ် ဝန်ကြီးများကို ပြည်နယ် ကောင်စီဝင် အများစု၏ ဆန္ဒနှင့် ဆန့်ကျင်ကာ ရွေးချယ်ခဲ့ပြီး ဝန်ကြီးချုပ်က ဗဟို အစိုးရ ဝန်ကြီး အဖွဲ့ဝင်များ အဖြစ် ခန့်အပ်လိုက်သည်။

ဇူလိုင်လ ၂၈ ရက်နေ့တွင် တရားသူကြီးချုပ် ဦးမြင့်သိန်း၊ တရားသူကြီး ဦးချန်ထွန်းအောင်နှင့် ဦးဘိုကြီးတို့ ပါဝင်သော ခုံအဖွဲ့က မအူပင်မှ ပါလီမန်အမတ် ဦးဘဦး၏ နုတ်ထွက်ခြင်း ကိစ္စနှင့် ပြည်နယ် ဝန်ကြီး နှစ်ဦး ခန့်ထားခြင်းနှင့် စပ်ဆိုင်သည့် သဘောထားကို တင်ပြခဲ့သည်။

"ပြည်နယ်ဝန်ကြီးများ ခန့်ထားရာ၌ ပြည်နယ်ကောင်စီနှင့် ညှိနှိုင်း တိုင်ပင်ရမည်" ဟု ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ပြဌာန်းထားခြင်းမှာ မလွဲမသွေ လုပ်ရမည့်သဘော မပါဝင်ဘဲ လမ်းညွှန်မှု သဘောသာ ရှိနေခြင်းကြောင့် ပြည်နယ်ဝန်ကြီးများအား ပြည်နယ်ကောင်စီကို မတိုင်ပင်ဘဲ ခန့်အပ်ခဲ့ခြင်းမှာ အခြေခံဥပဒေကို ချိုးဖောက်ရာမကျဟု သဘောထားပေးခဲ့သည်။

ပါလီမန်အမတ် ဦးဘဦး၏ နုတ်ထွက်လွှာနှင့် ပတ်သက်၍ ခုံအဖွဲ့က ရာထူးမှ နုတ်ထွက်ခြင်းသည် ယင်းနုတ်ထွက်သောစာကို ပို့လိုက်သည့် အချိန်မှ စတင်၍ အကျိုးသက်ရောက်သည်ဟု သဘောရကြောင်း၊ ယင်းစာလိပ်မူသူထံ ရောက်ရှိသည့် အချိန်နှင့် မသက်ဆိုင်ကြောင်းဖြင့် သဘောထားပေးခဲ့သည်။ ထို့ကြောင့် တရားလွှတ်တော်ချုပ် ခုံအဖွဲ့သည် ဤကိစ္စတွင်လည်း အစိုးရ၏ ဆောင်ရွက်ချက် မှန်ကန်ကြောင်း အတည်ပြုခဲ့ရာ ရောက်ခဲ့သည်။

**မကျင်းပဖြစ်သော ဘတ်ဂျက် အစည်းအဝေး**

ဇွန်လ ၉ ရက်နေ့တွင် ပါလီမန်၌ အုပ်စုနှစ်ခု အားပြိုင်သောအခါ န-တင် အုပ်စုက မဲ ရှစ်မဲ အသာဖြင့် ကပ်၍ အနိုင်ရရှိခဲ့သည်။ ပထမအောင်ပွဲ ဆွတ်ခူးပြီးနောက် သြဂုတ်လလယ်ခန့်တွင် ကျင်းပလေ့ရှိသော ဘတ်ဂျက် အစည်းအဝေး အောင်မြင်စွာ ပြီးစီးနိုင်မှုက န-တင် အုပ်စုအား စိန်ခေါ်လျက်ရှိသည်။

မဲအနည်းငယ်ဖြင့်သာ အနိုင်ရရှိခဲ့ပြီး မသေချာသော သစ္စာခံမှုတို့ကြောင့် ဦးနုသည် ၎င်း၏ အတိမ်းအစောင်းမခံသော အနေအထားကို ကောင်းစွာသိရှိသည်။ ဦးနု ဖြေရှင်းရမည့် ကိစ္စမှာ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုဆိုင်ရာ ဘတ်ဂျက် အစည်းအဝေးကို ကျင်းပမည်လော၊ သို့တည်းမဟုတ် ပါလီမန်ကို ဖျက်သိမ်းကာ ဘတ်ဂျက်ကို သမ္မတ၏ အမိန့်ဖြင့် အတည်ပြုမည်လော ဆိုသော ပြဿနာပင် ဖြစ်သည်။

ပါလီမန် ဖျက်သိမ်းရေးကို အစိုးရအဖွဲ့ အနိုင်ရရှိရေးအတွက် အားကိုးခဲ့ရသော ပမညတ အဖွဲ့က ဆန့်ကျင်သည်။ ပါလီမန်အတွင်း အုပ်စုတိုက်ပွဲများ ရှိနေမှသာလျှင် ယင်းတို့အတွက် အစိုးရအဖွဲ့ကို ကြိုးကိုင်နိုင်မည်ဖြစ်သည်။

အစိုးရအား ဤကဲ့သို့ နိုင်ကွက်ရရှိထားခြင်းကြောင့် သူပုန်များနှင့် ပတ်သက်သည့် အလျှော့ပေးမှုများ ရရှိအောင် ဆောင်ရွက်နိုင်မည်။ ထို့ပြင် ဖဆပလ အဖွဲ့အတွင်း အကွဲအပြဲကြောင့် ပမညတ၏ အနေအထား ပြောင်းလဲလာခဲ့သည်။ အစိုးရက ၎င်းအပေါ် မှီခိုနေရခြင်းကြောင့် နိုင်ငံရေးအရ လူရာမဝင်သည့် ဘဝမှ လေးစားဂရုစိုက် ခံလာခဲ့ရခြင်းနှင့် ပါလီမန်၌ သာမည ပါတီဘဝမှ သော့ချက်ကျသော အင်အားစု ဖြစ်လာခဲ့သည်။

ပါလီမန်၌ ဘတ်ဂျက် အစည်းအဝေး ကျင်းပပါက ရှုံးနိမ့်ရန် သေချာသလောက်ရှိနေသော အခြေအနေနှင့် ကြုံတွေ့နေရပြီး တဖက်တွင် ပမညတအဖွဲ့က ကြိုးကိုင်လာသဖြင့် ဦးနုသည် နိုင်ငံရေး လှည့်ကွက်တခု ထွင်ပြန်သည်။ ဦးနုသည် အစိုးရအဖွဲ့မှာ မဲအနည်းငယ် အသာဖြင့်သာ ရှိနေမှုကြောင့် စိတ်မချရကြောင်း၊ ပါလီမန် ဖျက်သိမ်းရန် လိုအပ်သည်ကို ရည်ညွှန်း၍ မကြာခဏ ထုတ်ဖော်ပြောဆိုခြင်းဖြင့် ပမညတ အဖွဲ့ကို စိတ်သောက ရောက်စေခဲ့သည်။

ပါလီမန်ကို ဖျက်သိမ်းမည်ဆိုပါက ပမညတ အဖွဲ့သည် လက်ရှိအခြေအနေ၌ အရေးပါနေမှုကို ဆုံးရှုံးမည်သာမက ရရှိထားသော ဝန်ကြီးရာထူးကိုလည်း လက်လွှတ်ရမည် ဖြစ်သည်။ ပမညတ ပါတီ ခေါင်းဆောင်ဖြစ်သော ဒေါက်တာ ဧမောင်မှာ တရားရေးဝန်ကြီး ဖြစ်နေသည်။

ဦးနုသည် သတင်းစာ ရှင်းလင်းပွဲ၌ ဖြစ်စေ၊ အခြားနေရာများ၌ ဖြစ်စေ ပါလီမန်ကို ဖျက်သိမ်းမည်ဟု တိတိကျကျ ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိဘဲ အစိုးရအဖွဲ့သည် မဲအနည်းငယ် အသာဖြင့်သာ အနိုင်ရရှိထားခြင်း ဖြစ်သဖြင့် တစုံတရာကိုမျှ ထိရောက်စွာ ဆောင်ရွက်ရန် အလွန်ခဲယဉ်းနေကြောင်းဖြင့်သာ မကြာခဏ ထုတ်ဖော် ပြောဆိုလျှက်ရှိသည်။

အခြား တဖက်တွင်လည်း ဦးနုသည် သိသိသာသာ အင်အားနည်းပါးနေသော်လည်း ပမညတ အဖွဲ့၏ လောင်းရိပ်မှ ကင်းလွတ်စေရန် သက်သက်ကြောင့် ပါလီမန်ကို ဖျက်သိမ်းခြင်း မပြုခဲ့။ သူသည် ပါလီမန်နှင့် ဝန်ကြီးနေရာ အချို့ကို ပြိုင်ဘက်အုပ်စုမှ အရေးပါသော ပုဂ္ဂိုလ်များကို ဆွဲဆောင်သည့် မက်လုံးများအဖြစ် လမ်းဖွင့်ပေးထားခဲ့သည်။

ဆွေ-ငြိမ်းအုပ်စုမှ အဖွဲ့ဝင်အချို့ မိမိဘက်သို့ သစ္စာခံလာကြလိမ့်မည်ဟု ဦးနုက မျှော်လင့်ခဲ့သည်။ ယင်းတို့အနက် အချို့သော ပုဂ္ဂိုလ်များမှာ သဘောထား ပျော့ပျောင်းသည့်အတွက် သူနှင့် လက်တွဲဆောင်ရွက်နိုင်မည့် အခြေအနေတွင် ရှိနေသည်။ ဆွေ-ငြိမ်းအုပ်စုဝင်များ ဘက်ပြောင်းလာခြင်း မရှိပါ။

သို့ရာတွင် လွှတ်တော် ဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးအောင်သည် ၎င်း၏ ကြားနေရပ်တည်ချက်ကို စွန့်လွှတ်ကာ ဦးနုနှင့် ပူးပေါင်းပြီး ကာကွယ်ရေး ဝန်ကြီးဌာနကို တာဝန်ယူသော ဒုတိယဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ တိုင်းပြည်၏ အတိတ်ကာလ နိုင်ငံရေး သမိုင်းကြောင်းအရ ဆန့်ကျင်ဘက် အုပ်စုမှ မိမိဘက်သို့ သစ္စာခံလာမည့်သူများကို ဦးနုက မျှော်လင့်နေခြင်းမှာ သဘာဝကျပါသည်။

ဘတ်ဂျက် အစည်းအဝေးသည် အယုံအကြည် မရှိ အဆိုတင်သွင်းသကဲ့သို့ တကြိမ်တည်း ပြီးပြတ်ခြင်း မရှိဘဲ အဆင့်ဆင့် ခုခံချေပရမည့် လုပ်ငန်းဖြစ်သည်။ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှု မှန်သမျှကို အတည်ပြုနိုင်ရန် အကြိတ်အနယ် ဆောင်ရွက်ရမည့်အပြင် နိဂုံးချုပ်အားဖြင့် ဘတ်ဂျက် ဥပဒေကြမ်းကို အတည်ပြုရေးလည်း ရှိသည်။ သုံးစွဲခြင်းဆိုင်ရာ ကဏ္ဍတခု၌ ရှုံးနိမ့်ခြင်းသည် အစိုးရအဖွဲ့ ပြုတ်ကျခြင်းပင်ဖြစ်သည်။ ထိုအဖြစ်မျိုးကို ပမညတ အဖွဲ့ကလည်း မလိုလားပါ။ နု-တင် အုပ်စု ကျဆုံးပါက ပမညတ အဖွဲ့သည် ယခင်ကကဲ့သို့ နိုင်ငံရေးအရ အရေးမပါသော အနေအထားသို့ ပြန်လည်ရောက်ရှိသွားမည်မှာ ဧကန်မုချပင် ဖြစ်သည်။

လွှတ်တော်အတွင်း မဲခွဲ အနိုင်ရရှိမှုကို အခြေခံလျက် ရာထူး ခွဲဝေးရေးဆိုင်ရာ ပြဿနာများလည်း ရှိလေပေသေးသည်။ မည်သူသည် မည်သည့်ရာထူးကို ရသင့်သည်။ အခြားမည်သူတွေ ရသင့်သည်ဟု အငြင်းပွားမှုကြောင့် ပမညတ အတွင်း ညီညွတ်ရေးကို ထိပါးစ ပြုလာသည်။

ထိုအချိန်၌ ပါလီမန်ကို ဖျက်သိမ်းကာ ဘတ်ဂျက်ကို သမ္မတ၏ အမိန့်ဖြင့် အတည်ပြုလိမ့်မည်ဟူသော သတင်းများ ပျံ့နှံ့နေသည်။ ထိုအခါ ပမညတက ဦးနု၏ ပါလီမန် ဖျက်သိမ်းရေး အစီအစဉ် မဖြစ်မြောက်စေရန် အတွက် ဘတ်ဂျက်အစည်းအဝေး၌ အစိုးရအား အန္တရာယ် မဖြစ်စေနိုင်သော စေ့စပ်ဖျန်ဖြေရေး ဘတ်ဂျက်တရပ်ကို တင်ပြခဲ့သည်။

ဤဘတ်ဂျက်ကို ပါလီမန်၌ အဆုံးအဖြတ် မရယူမီ နု-တင်၊ ပမညတနှင့် ဆွေ-ငြိမ်း အုပ်စု သုံးခုက ပထမဦးစွာ ပြင်ပ၌ ညှိနှိုင်း အတည်ပြုကြရန် ဖြစ်သည်။ ဆွေ-ငြိမ်း အုပ်စုကို ၎င်းကိစ္စနှင့် ပတ်သက်၍ တီးခေါက်ကြည့်ခဲ့သည်။

ဆွေ-ငြိမ်း အုပ်စုသည် ယင်းအကြံပြုချက်ကို ပယ်ချကာ အခါအခွင့်ပေါ်တိုင်း နု-တင် အုပ်စုကို ဒီမိုကရေစီ နည်းလမ်းများဖြင့် ယှဉ်ပြိုင်သွားမည်ဟူသော ၎င်းတို့၏ မူဝါဒကို အခိုင်အမာ ပြောကြားခဲ့သည်။

ထို့နောက် ဘတ်ဂျက် အစည်းအဝေးနှင့် ပတ်သက်၍ ဦးနုက မည်ကဲ့သို့ ဆောင်ရွက်သွားမည်ဟု ကောလာဟလနှင့် ထင်ကြေးပေး ပြောဆိုချက်များ နိုင်ငံအနှံ့ ပေါ်ထွက်လာခဲ့သည်။ ဤသို့သော အချိန်တွင် ဦးနုက ဘတ်ဂျက် အစည်းအဝေးကို ဇူလိုင်လ ၂၈ ရက်နေ့၌ လည်းကောင်း၊ လူမျိုးစု လွှတ်တော်ကို စက်တင်ဘာလ ၁၅ ရက်နေ့၌ လည်းကောင်း ခေါ်ယူမည် ဖြစ်ကြောင်းဖြင့် ရုတ်တရက် ကြေညာပြန်သည်။

၎င်းကြေညာချက်ကြောင့် နိုင်ငံရေး အကဲခတ်သမားများ အံ့အားသင့်သွားကြသည်။ အချို့က ၎င်းကြေညာချက်သည် ဦးနုက ယင်း၏ နောက်လိုက်များ စိတ်ဓာတ်တက်ကြွလာစေရန် စိတ်ဓာတ်ရေးရာ တိုက်ပွဲတရပ်သာ ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ အချို့ကလည်း ဦးနုသည် မဟာဗျူဟာကျသည့် ဆောင်ရွက်ချက်ဖြင့် ၎င်း၏ ပြိုင်ဘက်များအား ပရိယာယ်ဆင်ခြင်း ဖြစ်သည်ဟု တွက်ဆခဲ့ကြသည်။ အချို့ကလည်း ဦးနုသည် အတိုက်အခံဘက်မှ ထောက်ခံမှု လျှို့ဝှက် ကတိ ရထားသဖြင့် ဘတ်ဂျက် အစည်းအဝေး ခေါ်ခြင်းဖြစ်သည်ဟု ယူဆကြသည်။

ပါလီမန် အစည်းအဝေး ခေါ်ယူလိုက်ခြင်းကြောင့် ဘတ်ဂျက် ကိစ္စအပြင် လွှတ်တော် ဥက္ကဋ္ဌ ရွေးချယ်ရေး ကိစ္စပါ ပေါ်ထွက်လာခဲ့သည်။ ယခင် လွှတ်တော် ဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးအောင်သည် နု-တင် အစိုးရ အဖွဲ့၌ ဒုတိယဝန်ကြီးချုပ် ရာထူးကို လက်ခံဆောင်ရွက်သဖြင့် ဥက္ကဋ္ဌ နေရာ လစ်လပ်ခဲ့ခြင်း ဖြစ်သည်။ ဤရာထူးအတွက် ရွေးချယ်တင်မြောက်ခြင်းသည် အုပ်စုနှစ်ခု အကြား အားပြိုင်မှု ဖြစ်လာဦးမည်။

ဦးနုက ၎င်းသည် ဘတ်ဂျက် အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်နေခြင်းလည်း ဖြစ်နိုင်သည်။ ယင်းခြေလှမ်းကြောင့် ဆွေ-ငြိမ်း အုပ်စုဝင် အချို့ မိမိဘက်ပါလာခြင်းဖြင့် ဦးနုက မိမိ၏ အုပ်စုမှ ပိုမို အင်အား တောင့်တင်းလာနိုင်သည်ဟု ထင်မြင်၍လည်း ဖြစ်နိုင်သည်။ ပမညတ ပါတီတွင်း၌ အကွဲအပြဲ အရိပ်လက္ခဏာများ ပေါ်ထွက်နေသည့်တိုင်အောင် ဥပဒေကြမ်းကို ပါလီမန်၌ အောင်မြင်စွာ အတည်ပြုနိုင်လိမ့်မည်ဟု မျှော်မှန်းထားပုံ ရသည်ဟု အမျိုးမျိုး ထင်ကြေးပေးကြသည်။

ဤကဲ့သို့ အမျိုးမျိုး ခန့်မှန်း ပြောဆိုနေကြချိန်တွင် ဦးနုသည် ဩဂုတ်လ ၁၉ ရက်နေ့တွင် အများ အံ့အားသင့်စေမည့် လုပ်ရပ်တခုကို ဆောင်ရွက်ပြန်သည်။ ဦးနုက သတင်းစာရှင်းလင်းပွဲ ကျင်းပကာ ဇူလိုင်လ ၂၈ ရက်နေ့တွင် ခေါ်ယူထားသော ဘတ်ဂျက် အစည်းအဝေးကို ပယ်ဖျက်လိုက်ကြောင်း ကြေညာပြန်သည်။

ဦးနုက အလင်းဝင်လာကြသောသူများ များပြားလာသည်နှင့်အမျှ ယင်းတို့အား ရွေးကောက်ပွဲ၌ ပါဝင် ယှဉ်ပြိုင်လာနိုင်စေရေးအတွက် အထွေထွေ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်ရန် ဤကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။ ဤနည်းအားဖြင့် ဘတ်ဂျက် အစည်းအဝေး ကျင်းပဖြစ်မည် မဖြစ်မည်ဟု အငြင်းပွားနေမှုကို ဦးနုက ဖြေရှင်းပေးခဲ့သည်။

### ဘတ်ဂျက်ကို သမ္မတ၏ အမိန့်ဖြင့် အတည်ပြုရန်

ခေါ်ယူထားသော ပါလီမန်တွင် ဘတ်ဂျက် အစည်းအဝေး ပယ်ဖျက်လိုက်ခြင်းသည် ယင်းအစည်းအဝေးအား ခေါ်ယူရန် ကြေညာခဲ့သည့်နည်းတူ လူအများအား အံ့အားသင့်စေခဲ့သည်။ အတိုက်အခံ အုပ်စုက ယင်းလုပ်ရပ်နှင့် ပတ်သက်၍ ချက်ချင်းတုံ့ပြန်ခဲ့သည်။ ဆွေ-ငြိမ်း အုပ်စုက ဦးနုအား ကျင်းပရန် ခေါ်ယူထားပြီး ဖြစ်သော ဘတ်ဂျက် အစည်းအဝေးကို ဖျက်သိမ်းလိုက်ခြင်းကြောင့် ဦးနုအား သူရဲဘောကြောင်မှု၊ အာဏာ အလွဲသုံးစားပြုမှုတို့ဖြင့် စွပ်စွဲခဲ့သည်။ ဦးနုသည် သူ၏ နိုင်ငံရေးအကျိုးစီးပွားအတွက် ပါလီမန်အား အလွဲသုံးစားပြုခြင်းကြောင့် ဘေးအန္တရာယ်အလွန်များသည့် နမူနာပြ လုပ်ရပ်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံအတွင်းရှိ ပါလီမန် ဒီမိုကရေစီကိုလည်း ဖျက်ဆီးခဲ့ကြောင်း၊ စသည်ဖြင့် စွပ်စွဲခဲ့ကြသည်။

ဦးနုသည် တစုံတရာမှ ပြန်လည်ဖြေကြားခြင်း မပြုခဲ့ပါ။ ဩဂုတ်လ ၂ ရက်နေ့တွင် ဆွေ-ငြိမ်းအုပ်စု ခေါင်းဆောင်များ ဖြစ်ကြသော ဦးဗဆွေ၊ ဦးကျော်ငြိမ်းနှင့် ဦးထွန်းတင်တို့ကို ခေါ်ယူကာ မိမိသည် ဘတ်ဂျက်ကို သမ္မတ၏ အမိန့်ဖြင့် အတည်ပြုပြဋ္ဌာန်းမည်ဖြစ်ကြောင်း ပြောပြခဲ့သည်။

ဆွေ-ငြိမ်းအုပ်စု ခေါင်းဆောင်များသည် ဘတ်ဂျက်အား သမ္မတ၏ အမိန့်ဖြင့် အတည်ပြုမည့် ကိစ္စကို ပြင်းထန်စွာ ကန့်ကွက်ကြသည်။ ၎င်းတို့က ပါလီမန် ဒီမိုကရေစီ ရှင်သန်ရေးအတွက် ဘတ်ဂျက်ဥပဒေကြမ်းကို အတည်ပြုနိုင်ရန် ဘတ်ဂျက် အစည်းအဝေးကို ပြန်လည်ခေါ်ယူရေးအတွက် ဦးနုအား တိုက်တွန်းခဲ့ပါသည်။ သို့ရာတွင် ဦးနုက မလိုက်လျောခဲ့ပါ။ ဦးနုက မိမိသည် ဘတ်ဂျက်ကို သမ္မတ၏အမိန့်ဖြင့် အတည်ပြုရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်း အထွေထွေ ရွေးကောက်ပွဲအသစ်တရပ် ကျင်းပနိုင်ရေးအတွက် ပါလီမန်ကို ဖျက်သိမ်းမည်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။[၁၁]

သမ္မတ၏ အမိန့်ဖြင့် ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ လွှတ်တော်၌ အမတ်အများစု မရရှိတော့သော ဝန်ကြီးချုပ်၏ အကြံပြုချက်အရ ပါလီမန်ကို ဖျက်သိမ်းရာ၌ လည်းကောင်း၊ သမ္မတသည် မိမိသဘောကျသလို ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိသည်။

[၁၁] ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၁၀ (၁) တွင်၊ "ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံး၏ ညီလာခံမရှိခိုက်၊ မည့်သည့် အခါမျိုးမဆို နိုင်ငံတော် သမ္မတသည် ချက်ချင်း အရေးယူဆောင်ရွက်ရန် လိုအပ်သော ကိစ္စများ ပေါ်ပေါက်လာသည်ဟု ယူဆလျှင်၊ ထိုကိစ္စများ ပေါ်ပေါက်လာသည့်အလျောက် လိုအပ်သည်ဟု ထင်မြင်သော တချက်လွှတ်ဥပဒေများကို ထုတ်ပြန်ကြေညာနိုင်သည်။ ဤပုဒ်မအရ ထုတ်ပြန်ကြေညာသော တချက်လွှတ်ဥပဒေသည် နိုင်ငံတော် သမ္မတက သဘောတူပြီးဖြစ်သော ပါလီမန်၏ အက်ဥပဒေကဲ့သို့ အကျိုးသက်ရောက်၍ အတည်ဖြစ်စေရမည်။"

အုပ်စုနှစ်ခုအပေါ် ထားရှိသော သမ္မတ၏ သဘောထားမှာ ပြတ်သားသည်။ သူသည် ဆွေ-ငြိမ်း အုပ်စုထက် နု-တင် အုပ်စုနှင့် ပိုမိုရင်းနှီး ခင်မင်မှုရှိသည်။ စာရေးသူအား သမ္မတ၏ အပါးတော်မြဲက အကွဲအပြဲ ပေါ်ပေါက်ချိန်တွင် ဤကဲ့သို့ ပြောခဲ့သည်။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ သမ္မတက နု-တင်အုပ်စု ခေါင်းဆောင်များအပေါ် ထားရှိသော သဘောထားမှာ "တဦးမေတ္တာ တဦးမှာ" ဟူသော စကားနှင့်အညီ ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ပြောပြခဲ့သည်။ ထို့ပြင် ၎င်းက သမ္မတနှင့် ဆွေ-ငြိမ်းအုပ်စု ခေါင်းဆောင်များအကြား ဖဆပလအဖွဲ့ကြီး မကွဲမီက ပုဂ္ဂိုလ်ရေးရာ ပဋိပက္ခ အများအပြား ဖြစ်ပွားခဲ့ကြောင်း ပြန်ပြောင်း ပြောပြခဲ့သည်။ ထိုစဉ်က တရားရေးဝန်ကြီးဖြစ်သူ ဒေါက်တာ ဧမောင်က အကျပ်အတည်း ဖြစ်ပွားသည့်အချိန်၌ နု-တင် အစိုးရသည် မိတ်ဆွေ သမ္မတတဦးကို ရရှိထားခြင်းမှာ အလွန်ကံကောင်းသည်ဟု ပြောပြခဲ့သည်။

ယခုကဲ့သို့ သမ္မတက ချက်ချင်း အရေးယူရန် အရေးပေါ် အခြေအနေလည်း မရှိခဲ့ပါ။ ထို့အပြင် ပါလီမန် အစည်းအဝေး ခေါ်ယူရေး ကိစ္စမှာလည်း မဖြစ်နိုင်သော ကိစ္စမဟုတ်ပါ။ ပါလီမန် အစည်းအဝေးကို ခေါ်ယူပြီးကာမှ ဘတ်ဂျက်ကို သမ္မတ၏ အမိန့်ဖြင့် အတည်ပြုနိုင်ရန် တမင်သက်သက် လွှတ်တော် အစည်းအဝေးကို ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

နု-တင်အုပ်စု ပြုလုပ်ခဲ့သော အမှားများအနက် ပါလီမန်တွင် အမတ်အများစု မရရှိပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၅၇) အရ ပါလီမန်ဖျက်သိမ်းရေး အစီအစဉ်နှင့်၊ ကျင်းပရန် ခေါ်ယူထားသော ဘတ်ဂျက် အစည်းအဝေးကို ဖျက်သိမ်း ခဲ့ခြင်းနှင့် ဘတ်ဂျက်အား သမ္မတ၏ အမိန့်ဖြင့် အတည်ပြု ပြဋ္ဌာန်းရန် စီစဉ်ခဲ့ခြင်းတို့မှာ အကြီးမားဆုံးသော အမှားများ ဖြစ်ကြသည်။

ဩဂုတ်လ ၂၇ ရက်နေ့တွင် ဆွေ-ငြိမ်းအုပ်စုမှ အမတ် ၄၀ ခန့်က ဝန်ကြီးချုပ်ဦးနုထံ ပါလီမန် ဘတ်ဂျက် အစည်းအဝေး ပြန်လည်ခေါ်ယူကျင်းပပေးပါရန် အမှာစာတစောင်ကို ပေးပို့ခဲ့သည်။ ဆွေ-ငြိမ်း အုပ်စုဝင် အမတ်များက ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၂၅ (၁) ကို ရည်ညွှန်းလျက် ဘတ်ဂျက်ကို ပါလီမန် လွှတ်တော်သို့ တင်ပြရေးမှာ မလွဲမသွေ ဆောင်ရွက်ရမည့် ကိစ္စဖြစ်ကြောင်း၊ ဘတ်ဂျက်ကို သမတ၏ အမိန့်ဖြင့် အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ဘတ်ဂျက် အစည်းအဝေးကို ပယ်ဖျက်ခြင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ချိုးဖောက်ရာရောက်ပြီး ပါလီမန် ဒီမိုကရေစီကို ဖျက်ဆီး ပစ်ရာရောက်ကြောင်းဖြင့် ထောက်ပြခဲ့သည်။ သို့ရာတွင် ဦးနုက အရေးတယူ ဆောင်ရွက်ခြင်း မရှိခဲ့ပါ။ စက်တင်ဘာလ ၁၀ ရက်နေ့တွင် တရားရေးဝန်ကြီး ဒေါက်တာ ဧမောင်သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အံ့ဩဖွယ်ကောင်းအောင် အနက်အဓိပ္ပာယ် တမျိုး ဖွင့်ဆိုခဲ့ပါသည်။ သူသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၂၅ အရ ဘတ်ဂျက်အား ပါလီမန်သို့ မလွဲမသွေ တင်သွင်းရမည်ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ တရပ်၌ အောက်ပါအတိုင်း ပြောကြားခဲ့သည်။

ဒေါက်တာဧမောင်က ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၈၆ (၂) ကို ရည်ညွှန်း ကိုးကားလျက် ဘတ်ဂျက်အား ပါလီမန်သို့ တင်သွင်းခြင်းသည် မဖြစ်မနေလုပ်ရမည့် ကိစ္စတရပ် မဟုတ်သည့်အပြင် ဘတ်ဂျက်နှစ် မစမီ ဘတ်ဂျက်ကို ပါလီမန်သို့ တင်သွင်းခြင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု မရှိကြောင်းဖြင့် ရှင်းလင်းခဲ့သည်။ ထို့ပြင် လွန်ခဲ့သော ၁၀ နှစ်တာ ကာလပတ်လုံး ဘတ်ဂျက်ကို ဘဏ္ဍာရေးနှစ် စတင်သည့် အောက်တိုဘာလ တရက်နေ့ အတောအတွင်း ပြဋ္ဌာန်းခြင်း မပြုဘဲ စက်တင်ဘာလအတွင်း ပြဋ္ဌာန်းပေးခြင်းမှာ မှားယွင်းခဲ့ကြောင်းဖြင့် ထောက်ပြ ဝေဖန်ခဲ့သည်။

ပုဒ်မ ၈၆ (၂) သီးခြားဥပဒေပြုချက်ဖြင့် အထူးအတည် ပြဋ္ဌာန်းထားသော ကိစ္စအတွက် မဟုတ်လျှင် နှစ်အသီးသီး၏ ဘဏ္ဍာရေးဆိုင်ရာ ဆုံးဖြတ်ချက်များအတိုင်း ဆောင်ရွက်နိုင်ရန် လိုအပ်သော ဥပဒေကို ထိုနှစ်အတွင်းတွင် ပြုရမည်။

ဒေါက်တာဧမောင်၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်အရဆိုလျှင် ဘတ်ဂျက်အား ပုံမှန်ကျင်းပနေကျ ဘတ်ဂျက် အစည်း အဝေးဖြစ်သည့် ဩဂုတ်လနှင့် စက်တင်ဘာလ၌ အတည်ပြုပြဋ္ဌာန်းခြင်းမှာ တရားဥပဒေနှင့် ညီညွတ်မှု မရှိဘဲ ဘတ်ဂျက်ကို ဘဏ္ဍာရေးနှစ်ဖြစ်သည့် အောက်တိုဘာလ ၁ ရက်နေ့မှ နောက်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အတွင်း ၌သာ ပြဋ္ဌာန်းပေးရမည်ဖြစ်သည်။ သို့ရာတွင် အစိုးရက ပြည်သူလူထု၏ ဘဏ္ဍာရေးကို ယင်းဘဏ္ဍာနှစ်အတွင်း မိမိ သဘောကျ ထင်သလို သုံးစွဲကာ ယင်းကိစ္စအား ကန့်ကွက်ရန် အချိန်မရှိတော့သည့် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသောအခါ နီးမှ လွှတ်တော်အား အတည်ပြုရန် တင်ပြပါက ဖြစ်နိုင်ပါမည်လော ဟူသော အချက်ကို ရှင်းလင်းစွာ ဖော်ပြခြင်း မပြုခဲ့ပါ။ စစ်မဖြစ်မီ ကာလကလည်း ဤဖွဲ့စည်းပုံ အခြေခံဥပဒေ မဟုတ်သော်လည်း ဘဏ္ဍာရေးနှစ် ဧပြီလ ၁ ရက်နေ့မှ

စတင်သော ဘတ်ဂျက်ကို ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ကျင်းပသည့် ပါလီမန် အစည်းအဝေးက အတည်ပြု ပြဋ္ဌာန်းခဲ့ကြခြင်း ဖြစ်သည်။

စက်တင်ဘာလ ၂၂ ရက်နေ့၌ နု-တင် အစိုးရသည် ပါလီမန်ကို စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဖျက်သိမ်းပြီး ဘတ်ဂျက်ကို သမ္မတ၏အမိန့်ဖြင့် စက်တင်ဘာလ ၃၀ ရက်နေ့၌ ပြဋ္ဌာန်းကာ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ အတွင်း ကျင်းပမည်ဟု ဆုံးဖြတ်ခဲ့သည်။

ပါလီမန်ကို ဖျက်သိမ်းရန် စီစဉ်ရခြင်းမှာ ဘတ်ဂျက်ကို အတည်ပြုရေးအတွက် ပါလီမန် အစည်းအဝေးမရှိ ဟူသော အကြောင်းပြချက်ဖြင့် ဘတ်ဂျက်ကို သမ္မတ၏ အမိန့်ဖြင့် အလျင်အမြန် အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဖြစ်သည်။

သို့ရာတွင် ဆုံးဖြတ်ထားသော ပါလီမန် ဖျက်သိမ်းရေးသည် လည်းကောင်း၊ နိုဝင်ဘာလတွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန် စီစဉ်ထားခြင်းသည် လည်းကောင်း အကောင်အထည် မပေါ်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် နယ်များ၏ အခြေအနေသည် လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲ ကျင်းပရန် အခြေအနေ မရှိကြောင်း သိမြင်လာသော ဦးနုက နောက်လေးရက်အကြာတွင် ဗိုလ်ချုပ်ကြီး နေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရအား အာဏာလွှဲ ပြောင်း ပေးခဲ့ရခြင်းကြောင့် ဖြစ်သည်။

## နိုင်ငံရေးအရ ညှဉ်းပန်းနှိပ်စက်မှုများ

နိုင်ငံရေအရ ညှဉ်းပန်းနှိပ်စက်မှုသည် မည်သည့်အခါမျှ မကောင်းပါ။ ယင်းကိစ္စသည် အဆုံးမသတ်နိုင်သော ကိစ္စကြီး တရပ်ဖြစ်သည်။ အာဏာရရှိနေသော အဖွဲ့က နိုင်ငံရေးအရ ညှဉ်းပန်း နှိပ်စက်မှုများ ပြုလုပ်ခဲ့ပါက နှိပ်စက်ခံရသော အဖွဲ့ အာဏာရရှိလာသော အခါ လက်တုံ့ပြန်မည်မှာ သေချာနေသည်။

ဦးနုသည် ယင်းအန္တရာယ်ကို ကြိုတင် သိမြင်ခဲ့ကာ ဧပြီလက ဖဆပလ အဖွဲ့ကြီး နှစ်ခြမ်းကွဲစဉ်က ငြိမ်းချမ်းစွာ ခွဲထွက် ရေးဆိုင်ရာ အခြေခံအချက် ၇ ချက်၌ ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခြင်းကို ရှောင်ရှားကြရန် ဟူသော အချက်ကို ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့ နိုင်ငံရေးလောကတွင် မိမိအကျိုးအမြတ် ရရှိရေးအတွက် အပြည်ပြည် ဆိုင်ရာ သဘောတူညီချက်များကိုပင် ချိုးဖောက်ခဲ့ကြရာ မြန်မာခေါင်းဆောင်များသည်လည်း ထိုကဲ့သို့သော အကျင့်ဆိုး ကို မဖျောက်ဖျက်နိုင်ခဲ့ကြပါ။

ပါလီမန်၌ အနိုင်ရရှိပြီးနောက် ဇွန်လ ၉ ရက်နေ့တွင် နု-တင် အစိုးရ တက်လာခဲ့သည်။ ထိုအခါ နု-တင် အုပ်စုသည် ညှဉ်းပန်းမှုများကို စတင်ခဲ့ကြသည်။ ပြောင်းရွှေ့ရေး ကိစ္စများတွင် အစိုးရ ဝန်ထမ်းများကိုပင် အချိန်လုံလောက်စွာ ခွင့်ပြု ရသော်လည်း ဆွေ-ငြိမ်းအုပ်စုဝင် ဝန်ကြီးများ၊ အတွင်းဝန်များ၊ အပါးတော်မြဲများအား ၎င်းတို့နေထိုင်ရာ အစိုးရ အဆောက်အဦများမှ တရက် နှစ်ရက်အတွင်း ဖယ်ရှားပေးရန် အမိန့် ထုတ်ပြန်ခဲ့သည်။ တယ်လီဖုန်းများကိုလည်း ဆွေ-ငြိမ်း အုပ်စုဝင်များ၏ နေအိမ်များမှ ချက်ချင်း ဖြုတ်ယူသွားခဲ့ကြသည်။

ဖဆပလအဖွဲ့ကြီး မကွဲပြဲမီက နိုင်ငံရေးသမားများအား အစိုးရဘုတ်အဖွဲ့များ၊ ကောင်စီများနှင့် ကော်မတီများ၌ နိုင်ငံရေး ဆုလာဘ်သဖွယ် ချီးမြှင့်လေ့ရှိခဲ့သည်။ နု-တင် အစိုးရ အာဏာရလာသော အခါ ယင်းနေရာများရှိ ဆွေ-ငြိမ်း အုပ်စုဝင် ပုဂ္ဂိုလ်များကို နု-တင်အုပ်စုမှ ပုဂ္ဂိုလ်များနှင့် အစားထိုး ဖယ်ရှားခဲ့သည်။

ပြန်ကြားရေး ဝန်ကြီးက တနိုင်ငံလုံးရှိ အစိုးရ စာကြည့်တိုက်များအား မဏ္ဍိုင် နေ့စဉ် သတင်းစာကို လပေးဝယ်ယူခြင်း မပြုရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ၎င်းသတင်းစာသည် တချိန်သောအခါက ဖဆပလ အဖွဲ့ကြီး၏ အာဘော်သတင်းစာ ဖြစ်ခဲ့ပြီး၊ အကွဲအပြဲ ပေါ်ထွက်လာသည့်အခါ ဆွေ-ငြိမ်းအုပ်စု၏ ထိန်းချုပ်မှုအောက်၌ ရောက်ရှိသွားခဲ့သည်။

ဖဆပလအဖွဲ့ကြီး တစည်းတလုံးတည်း ရှိစဉ်ဘဝက မဏ္ဍိုင် သတင်းစာသည် အစိုးရ၏ ဦးစားပေးမှုကို ခံခဲ့ရသည်။ ၎င်းသည် နိုင်ငံရေးသမားများအတွက်ရော၊ အစိုးရဝန်ထမ်းများအတွက်ပါ အလေးဂရုပြုရသည့် သတင်းစာ ဖြစ်ခဲ့သည်။ အဖွဲ့ကြီး ကွဲပြဲခဲ့ပြီးသည့်နောက် သတင်းစာမှာ တားမြစ်ပိတ်ပင်ခြင်းခံရသော စာနယ်ဇင်းတစောင် ဖြစ်လာခဲ့သည်။

ဆွေ-ငြိမ်းနှင့် နု-တင် အုပ်စု နှစ်ခုကွဲနေသော ပြည်နယ် ခေါင်းဆောင်များ အတွင်း၌လည်း ညှဉ်းပန်းမှုများ ရှိခဲ့သည်။ ပြည်နယ် ဝန်ကြီးများ ခန့်အပ်ရာတွင်လည်း အာဏာလက်ရှိဖြစ်သော နု-တင် အုပ်စု၏ ပြည်နယ် အကြီးအကဲများက ဆွေ-ငြိမ်း အုပ်စုမှ ဝန်ကြီးများကို ရာထူးမှ ဖယ်ရှားခဲ့ကြသည်။

ကချင်ပြည်နယ်၌ ဆွေ-ငြိမ်း အုပ်စုဝင် ဝန်ကြီးသုံးဦးအား ရာထူးမှ ဖယ်ရှားခြင်း ခံခဲ့ရရုံမျှသာမက ပြည်နယ် အတွင်းဝန် ဖြစ်သူ အစိုးရ အရာရှိကြီး တဦးအားလည်း ပြည်နယ် ဝန်ကြီးဟောင်း တဦးအား ဌာနဆိုင်ရာ မော်တော်ကား အသုံးပြု ခွင့် ပေးခဲ့သည့်အတွက် ရာထူးမှ ထုတ်ပယ်ခဲ့သည်။

နိုင်ငံရေးသမားကိုသာလျှင် ညှင်းပန်း နှိပ်စက်မှု ပြုခဲ့သည် မဟုတ်ဘဲ နိုင်ငံတော်ပိုင်းမှ အရာရှိများနှင့် ဝန်ထမ်းများ ကိုလည်း အရေးယူမှုများ ပြုလုပ်ခဲ့သည်။ ဆွေ-ငြိမ်း အုပ်စုကို ကရုဏာသက်သည်ဟု အထင်ခံရသော အရာရှိများအား ဝေးလံသော ဒေသများသို့ ပြောင်းရွှေ့ခြင်းဖြင့် လည်းကောင်း၊ အရေးပါသော ရာထူးမှ အရေးမပါသော ရာထူးသို့ ပြောင်း၍လည်းကောင်း ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ ရာထူးတိုးခြင်းမှ ဆိုင်းငံ့ထားမှုများကို လည်းကောင်း ပြုလုပ်ခဲ့သည်။

အန္တရာယ်အများဆုံးဖြစ်သော နိုင်ငံရေးအရ ညှဉ်းပန်းမှု အများဆုံး ပြုလုပ်ခဲ့သည်မှာ အလုပ်သမား သမဂ္ဂများအတွင်း၌ ဖြစ်သည်။ ယင်းလုပ်ရပ်များကြောင့် သွေးထွက်သံယိုမှု ဖြစ်ပွားခဲ့ကာ အသေအပျောက်များလည်း ရှိခဲ့သည်။

မူလကပင် ဦးဗဆွေ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်နေသော တီယူစီဘီ အဖွဲ့သည် ဖဆပလ နှစ်ခြမ်းကွဲပြီးနောက် ဆွေ-ငြိမ်း အုပ်စု၌ ဆက်လက် ရှိနေခဲ့သည်။ သခင်တင် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သော ဗတလစသည် နု-တင် အုပ်စုဘက်၌ ရှိနေခဲ့သည်။ မူလ တီယူစီဘီ၌ အလုပ်အမှုဆောင်များ ဖြစ်ခဲ့ကြသည့် နု-တင် အမာခံ ဗိုလ်မင်းခေါင်နှင့် ဦးသွင်တို့သည် ယူအယ်လ်အို အဖွဲ့သစ်ကို အလျင်အမြန် ဖွဲ့စည်းကာ တီယူစီဘီ အင်အားပြိုကွဲစေရန်အတွက် ယူအယ်လ်အိုအဖွဲ့ကို တရားဝင် ကူညီ ကြီးကြပ်ပေးခဲ့ကြသည်။

အရေးပါသော အဖွဲ့အစည်း နှစ်ခုဖြစ်သော ဆိပ်ကမ်း အလုပ်သမားများနှင့် မီးရထား အလုပ်သမားများသည် အပြိုင် အုပ်စု နှစ်ခု၏ အလုပ်သမား အင်အား စုဆောင်းရာ၌ အဓိက ပစ်မှတ် ဖြစ်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်မင်းခေါင်သည် ယူအယ်လ်အိုအဖွဲ့ ဥက္ကဋ္ဌ ရာထူးအပြင် ပြည်ထဲရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနများ၏ ဝန်ကြီး အဖြစ်လည်း တာဝန် ယူထားရသောကြောင့် ဖြစ်သည်။

**မီးရထားဝင်းနှင့် ဆိပ်ကမ်း၌ ပြဿနာ ပေါ်ပေါက်ခြင်း**

ရန်ကုန်ဆိပ်ကမ်း အလုပ်သမား သမဝါယမအဖွဲ့ (သမဂ္ဂ) သည် ဆိပ်ကမ်း လုပ်သားများအတွင်း၌ အင်အား အတောင့် တင်းဆုံးသော အလုပ်သမား သမဂ္ဂအဖွဲ့ဖြစ်ကာ ဖဆပလ အဖွဲ့ကြီး၏ တီယူစီဘီအဖွဲ့နှင့် ဆက်နေခဲ့သည်။

ထိုစဉ်က ဖဆပလ အစိုးရသည် ၁၉၅၁ ခုနှစ်မှ စ၍ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး ဘုတ်အဖွဲ့ (အက်စ်အေ အမ်ဘီ) ၏ ဆန်တင်ချသည့် လုပ်ငန်းအားလုံးကို ရန်ကုန်ဆိပ်ကမ်း အလုပ်သမား သမဝါယမသမဂ္ဂ တဖွဲ့တည်းကိုသာ လုပ်ဆောင်ခွင့် ပြုခဲ့ပါသည်။ ဤသမဂ္ဂသည် အကွဲအပြဲ ပေါ်ပေါက်ပြီးနောက် ဆွေ-ငြိမ်း အုပ်စု၏ သမဂ္ဂအဖွဲ့ ဖြစ်လာ ခဲ့သည်။

ပို့ဆောင် ဆက်သွယ်ရေး ဝန်ကြီး ဗိုလ်မင်းခေါင် ဦးဆောင်သော ယူအယ်လ်အို အဖွဲ့သည် ရန်ကုန် ဆိပ်ကမ်း အလုပ်သမား သမဝါယမ အဖွဲ့မှ ကွဲထွက်လာသူများနှင့် ပြင်ပမှ ပုဂ္ဂိုလ်များကို စုစည်း၍ ယူအယ်လ်အို ဆိပ်ကမ်း အလုပ်သမား သမဂ္ဂ အဖွဲ့တရပ်ကို စင်ပြိုင် ဖွဲ့စည်းခဲ့သည်။

ဩဂုတ်လ ၁၀ ရက်နေ့တွင် ယူအယ်လ်အို - ဆိပ်ကမ်း အလုပ်သမားသမဂ္ဂက ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင် ရေး၌ အလုပ်အများဆုံးဖြစ်သော ဗိုလ်တထောင်ဆိပ်ကမ်း၏ လုပ်ငန်းများကို ၎င်းတဦးတည်းသာ ဆောင်ရွက် ခွင့်ပြုရန် တောင်းဆိုခဲ့သည်။

ဩဂုတ်လ ၂၅ ရက်နေ့တွင် ယူအယ်လ်အို - ဆိပ်ကမ်းအလုပ်သမားများအဖွဲ့သည် ၎င်း၏ ပြိုင်ဘက်ဖြစ်သော ရန်ကုန် ဆိပ်ကမ်း အလုပ်သမား သမဝါယမအဖွဲ့က ဆောင်ရွက်နေသော အက်စ်အေအမ်ဘီ ဘုတ်အဖွဲ့၏ ဆန်များ တင်ပို့မှုကို သပိတ်တား နှောင့်ယှက်ခဲ့သည်။ ထိုအချိန်က ရန်ကုန်ဆိပ်ကမ်း အလုပ်သမား သမဝါယမ အဖွဲ့သည် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး ဘုတ်အဖွဲ့၏ တရားဝင် ကိုယ်စားလှယ် အဖြစ်ရှိနေဆဲပင် ဖြစ်သည်။

ဩဂုတ်လ ၂၈ ရက်နေ့တွင် အစိုးရသည် ရန်ကုန် ဆိပ်ကမ်းအလုပ်သမား သမဝါယမ အဖွဲ့အား ကိုယ်စားလှယ် ပေးထားခြင်းကို ပြန်လည် ရုပ်သိမ်းခဲ့ကာ ၎င်း၏ လုပ်ငန်းအား အဖွဲ့သစ်ဖြစ်သော ယူအယ်လ်အိုသို့ လွှဲပြောင်း ပေးခဲ့သည်။ ထို့ကြောင့် ယူအယ်လ်အိုသည် အက်စ်အေအမ်ဘီ ဘုတ်အဖွဲ့၏ ကုန်များ တင်ချရေးနှင့် ပတ်သက်သော အစိုးရ၏ ကိုယ်စားလှယ် ဖြစ်လာကာ ရန်ကုန်ဆိပ်ကမ်း အလုပ်သမား သမဝါယမ အဖွဲ့နှင့် ပြိုင်ဘက်အဖွဲ့ ဖြစ်လာ ခဲ့သည်။

ရန်ကုန် ဆိပ်ကမ်း အလုပ်သမားများ သမဝါယမ အဖွဲ့က ယူအယ်လ်အို၏ လုပ်ငန်းများကို သပိတ်တား နှောင့်ယှက် လာသည်။ သင်္ဘောဆိပ်ကမ်းများတွင် ပြိုင်ဘက် အလုပ်သမား သမဂ္ဂများအကြား ပြင်းထန်သော ပဋိပက္ခများ ဖြစ်ပွား ခဲ့ရာ ဆိပ်ကမ်းများ၌ လက်နက်ကိုင် တပ်ဖွဲ့ အများအပြားကို ချထားခဲ့ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ကာ အက်စ်အေအမ်ဘီ ဘုတ်အဖွဲ့၏ ပြည်ပသို့ ဆန်တင်ပို့မှုကို အကြီးအကျယ် ထိခိုက်လာခဲ့သည်။

အလားတူပင် အင်းစိန် မီးရထားဝင်း အတွင်း၌လည်း အလုပ်သမား သမဂ္ဂ ခေါင်းဆောင်များ အပါအဝင် အလုပ်သမား ၁၆ ဦးကို အာဏာပိုင်များက ဆန့်ကျင်ဆန္ဒပြခဲ့ခြင်း အတွက် အလုပ်မှ ရပ်ဆိုင်းထားခဲ့ခြင်းကြောင့် ပဋိပက္ခများ ဖြစ်ပွား ခဲ့သည်။ ပထမက အင်းစိန် မီးရထား အလုပ်သမား သမဂ္ဂသည် မြန်မာနိုင်ငံလုံး ဆိုင်ရာ မီးရထား အလုပ်သမား ဖယ်ဒရေးရှင်း၌ ပါဝင်ခဲ့သည်။ ၎င်းဖက်ဒရေးရှင်းသည် တီယူစီဘီနှင့် ဆက်သွယ်မှု ရှိသည်။

သို့ရာတွင် ဖယ်ဒရေးရှင်းသည် မီးရထား လုပ်ငန်းကို တာဝန်ခံရသော ဝန်ကြီး ဦးဆောင်သော ယူအယ်လ်အို အဖွဲ့ကို သစ္စာစောင့်သိမည် ဖြစ်ကြောင်းဖြင့် ကြေညာခဲ့သည်။ ယူအယ်လ်အို အဖွဲ့၏ ခေါင်းဆောင်ဖြစ်သော ပို့ဆောင် ဆက်သွယ်ရေး ဝန်ကြီး ဗိုလ်မင်းခေါင်သည် မီးရထား အလုပ်သမား ဖယ်ဒရေးရှင်း၏ သစ္စာစောင့်သိမှုကို စိတ်မချခဲ့ပေ။

ထို့ကြောင့် အင်းစိန် မီးရထားဝင်းရှိ အလုပ်သမားများကို ယူအယ်လ်အို အဖွဲ့အား သစ္စာတော်ခံသော အလုပ်သမား သမဂ္ဂ ဖွဲ့စည်းရေးအတွက် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာ၌ စည်းရုံးလှုံ့ဆော်သူ အရာရှိများနှင့် အလုပ် သမားများ အကြား ပဋိပက္ခများ ပေါ်ပေါက်ခဲ့သည်။ ဆန္ဒပြခဲ့သော အလုပ်သမား ၁၆ ဦးကို အလုပ်မှ ရပ်ဆိုင်းထားခဲ့ကာ အများစုမှာ နောက်ပိုင်း၌ အလုပ်ဖြုတ်ပစ်ခံခဲ့ကြရသည်။

အလုပ်သမား သမဂ္ဂ ခေါင်းဆောင်များ အပါအဝင် အလုပ်သမားများအား အလုပ်မှ ဆိုင်းငံ့ထားခြင်းကြောင့် အလုပ် သမားများ၏ မငြိမ်သက်မှု ပိုမို ကြီးထွားလာခဲ့သည်။ ထိုအခါ ယူအယ်လ်အိုအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်မင်းခေါင်သည် ဆူပူ ဆန္ဒပြနေမှု ငြိမ်သက်သွားစေရန် ပြည်ထဲရေး ဝန်ကြီး အနေဖြင့် ပြင်းထန်စွာ အရေးယူ ဆောင်ရွက်ခဲ့သည်။ ၎င်း၏ အမိန့်ဖြင့် မြန်မာနိုင်ငံလုံး ဆိုင်ရာ အလုပ်သမား ဖက်ဒရေးရှင်း၏ ဒုတိယ ဥက္ကဋ္ဌနှင့် အင်းစိန် မီးရထား အလုပ်သမား သမဂ္ဂ၏ ဥက္ကဋ္ဌဖြစ်သူ ဦးကျော်စိန်အား ဖမ်းဆီးခဲ့သည်။ ယင်းသို့ ဖမ်းဆီးခဲ့ခြင်းကြောင့် အခြေအနေမှာ ငြိမ်သက် မသွားဘဲ ပျားအုံကို တုတ်နှင့်ထိုးသကဲ့သို့ မီးလောင်ရာ လေပင့်သကဲ့သို့ ဖြစ်လာသည်။

ထိုအတောအတွင်း သင်္ဘောဆိပ်များ၌ ပဋိပက္ခများ ပိုမိုပြင်းထန်လာကာ သွေးထွက် သံယိုဖြစ်မှုနှင့် အသက်ဆုံးရှုံးမှုများ ရှိလာသည်အထိ အခြေအနေ ဆိုးရွားလာခဲ့ပြီး ထိန်းသိမ်းရန် ခက်ခဲလာခဲ့သည်။ အကြီးဆုံးသော သမဂ္ဂဖြစ်သည့် မီးရထား အလုပ်သမား ဖက်ဒရေးရှင်း၌လည်း အလုပ်သမားများ၏ ဆူပူမှုမှာ ပေါက်ကွဲလုနီးပါး အခြေအနေသို့ ရောက် ရှိလာခဲ့သည်။

ဦးနုသည် အထက်မြန်မာနိုင်ငံသို့ စည်းရုံးရေးဆိုင်ရာ လုပ်ငန်းများကို သွားရောက် စစ်ဆေးခဲ့ပြီးနောက် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ရန်ကုန်သို့ ရောက်ရှိလာသောအခါ အလုပ်သမားများအကြား အုပ်စုတိုက်ပွဲများ ဖြစ်ပွားနေမှုကြောင့် စိတ်မချမ်းမြေ့ဖြစ်ကာ မီးရထား အလုပ်သမား ဖက်ဒရေးရှင်း ခေါင်းဆောင် ဦးကျော်စိန်အား ပြန်လွှတ်ပေးရန် စက်တင်ဘာလ ၂၅ ရက်နေ့တွင် အမိန့်ပေးခဲ့သည်။

ထို့ပြင် ၎င်းနေ့မှာပင် အက်စ်အေအမ်ဘီ ဘုတ်အဖွဲ့၏ ကုန်တင်ကုန်ချ ကိုယ်စားလှယ်အဖြစ် ရန်ကုန်ဆိပ်ကမ်း အလုပ်သမား သမဝါယမ အသင်းအား ပြန်လည် လွှဲပြောင်းပေးခဲ့သည်။ ဦးနုက ၎င်း၏ ရောင်းရင်းများ၏ အမှားအယွင်း များကို ပပျောက်သွားခဲ့စေရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့သည်။

## အကွဲအပြဲနှင့် ကွန်မြူနစ် အန္တရာယ်

အာဏာရ ဖဆပလ အဖွဲ့ကြီး နှစ်ခြမ်း ကွဲသွားသောအခါ ကွန်မြူနစ်များ ဝမ်းသာကြသည်။ ၎င်းသည် ကွန်မြူနစ်များ အတွက် အောင်မြင်မှုပင် ဖြစ်သည်။ ဖဆပလအဖွဲ့နှင့် တပ်မတော်တို့သည် ကွန်မြူနစ်ဝါဒ ဝင်ရောက်မလာရေးကို အပြုတ် ချေမှုန်းနေကြသူများ ဖြစ်ကြသည်။ ကွန်မြူနစ် ပါတီကို အစိုးရက မတရားသတင်း ကြေညာ ပိတ်ပင်ထားသော် လည်း ကွန်မြူနစ်များသည် အသွင်အမျိုးမျိုးဖြင့် မြေပေါ်တွင် ရှိနေကြသည်။ ၎င်းတို့၏ အဖွဲ့အစည်းများသည် အမည် မျိုးစုံဖြင့် စည်းရုံး လှုပ်ရှားနေကြပြီး ကွန်မြူနစ် သူပုန်များသည်လည်း အုပ်စုငယ်များအဖြစ် တောထဲတွင် ရှိနေကြ သေးသည်။

နိုင်ငံရေးနှင့် စစ်ရေးအရ ပူးတွဲကြိုးပမ်း ဆောင်ရွက်မှုများသည် ကွန်မြူနစ်များ၏ ဝါဒဖြန့်ချိရေး လှုပ်ရှားမှုများကို ထိန်း ချုပ်နိုင်ခဲ့ပြီး အင်အားတောင့်တင်းသော သူပုန်အဖွဲ့အစည်း အဖြစ်မှ အစိတ်စိတ် အမြွှာမြွှာ ကွဲနေသော ဓားပြဂိုဏ်းများ အဖြစ်သို့ လျော့ကျသွားစေခဲ့သည်။ အမှန်စင်စစ်အားဖြင့် ကွန်မြူနစ်များ အပါအဝင် သူပုန်အင်အားစုများသည် အလုံး အရင်းနှင့် အလင်းဝင်လာခြင်းကြောင့် သောင်းကျန်းသူအင်အား နည်းလာသော အချိန်ဖြစ်သည်။

ဤကဲ့သို့သော အချိန်တွင် ကွန်မြူနစ် ဆန့်ကျင်ရေး အဓိက တပ်ဦးဖြစ်သော ဖဆပလ အဖွဲ့ကြီးသည် ရန်လိုသော အုပ်စုနှစ်ခု အဖြစ် ကွဲထွက်သွားသည်။ ကွန်မြူနစ်များအတွက် လွန်ခဲ့သော ၁၁ နှစ်ကျော် သူပုန်ထခဲ့သည့် အချိန်မှ စ၍ ဖဆပလ အဖွဲ့ကြီး နှစ်ခြမ်း ကွဲသွားခြင်းမှာ ၎င်းတို့အတွက် အကြီးမားဆုံးသော အောင်မြင်မှုပင် ဖြစ်သည်။ ယင်းအကွဲ အပြဲကြောင့် ကွန်မြူနစ်များ သေွးထွက်သံယို မဖြစ်ဘဲ အောင်ပွဲရရှိခြင်းဖြစ်ပြီး ကွန်မြူနစ်များ အာဏာရရှိရန် လမ်းဖွင့် ပေးသကဲ့သို့လည်း ဖြစ်ခဲ့သည်။

ဖဆပလ အဖွဲ့ဝင်များနှင့် တပ်မတော်သားများသည် ကွန်မြူနစ်ဝါဒကို ရွံမုန်းကြသည်။ နိုင်ငံရေးသမားများနှင့် တပ်မတော်သားများက ကွန်မြူနစ်များအပေါ် ထားရှိသော သဘောထား ကွဲပြားခြားနားချက်မှာ၊ နိုင်ငံရေးသမား အချို့ သည် ၎င်းတို့၏ လောလောဆယ် ကိုယ်ကျိုးအတွက် ဆိုလျှင် ရေရှည်တွင် မိမိတို့၏ အကျိုးစီးပွား ထိပါးမည်ကို သိသော်လည်း ကွန်မြူနစ်များနှင့် ယှဉ်တွဲ ပူးပေါင်းနိုင်ခြင်းပင် ဖြစ်သည်။ တပ်မတော်သားများ အနေနှင့်မူ ၎င်းတို့၏ ကမ္ဘာ့ရန်ဖြစ်သော ကွန်မြူနစ်တို့နှင့် ပူးပေါင်းလိုသော ဆန္ဒ လုံးဝ မရှိကြသည်။

ကွန်မြူနစ်များ အာဏာ ရရှိလာပါက ၎င်းတို့သည် ပထမဦးဆုံး ဒုက္ခပေးခံရမည့် ပုဂ္ဂိုလ်များဖြစ်ပြီး တပ်မတော် အစိတ် စိတ်အမြွှာမြွှာ ကွဲထွက်သွားမည်ကို တပ်မတော်သားများက သိနားလည်ထားကြသည်။ ဖဆပလ အကွဲအပြဲ ပေါ်ပေါက် လာပြီးသည်နှင့် မရှေးမနှောင်းမှာပင် ကွန်မြူနစ်များ၏ ခြိမ်းခြောက်မှုနှင့် ပတ်သက်၍ အခြေအနေကို ဆွေးနွေးရန် တပ်မတော် အရာရှိကြီးများ ရန်ကုန်၌ တွေ့ဆုံခဲ့ကြသည်။

ထိုစဉ်က အခြေအနေ ဆိုးရွားနေသော်ငြားလည်း ကွန်မြူနစ်များ အာဏာရရှိ ရလာနိုင်ရန် လမ်းဖွင့်ပေးသော အခြေ အနေအထိ မရောက်ရှိသေးဟု ထင်မြင် ယူဆခဲ့ကြသည်။ ထိုအချိန်က ပမညတ အဖွဲ့သည် အုပ်စု နှစ်ခုအကြား မည်သည့်ဘက်သို့မျှ ပါဝင်ခြင်း မပြုသေးဘဲ ပွဲကြည့်ပရိသတ် အဖြစ်သာ ရှိနေသည်။ သို့ရာတွင် မေ ၁၀ ရက်၌ အောက်လွှတ်တော် အမတ် ၂၄၇ နေရာအနက် ၄၅ နေရာ ရယူထားသော ပမညတ အဖွဲ့က နု-တင် အုပ်စုကို ထောက်ခံမည်ဟု ကြေညာခဲ့သည်။

ပမညတက ဆွေ-ငြိမ်းတို့သည် လက်ဝေခံ ဘူဇွာများဖြစ်ကြပြီး နယ်ချဲ့ အရင်းရှင်များအား အကျိုးပြုနေကြကြောင်း၊ နု- တင်တို့မှာ အမျိုးသားဘူဇွာများ ဖြစ်ကြသဖြင့် ဆွေ-ငြိမ်းတို့ထက် အနည်းငယ် သာလွန်ကောင်းမွန်ကြောင်းဖြင့် ထုတ် ဖော်ပြောဆိုခဲ့သည်။

ပမညတသည် နု-တင်အုပ်စုကို ထောက်ခံခဲ့ကြခြင်းမှာ ကွန်မြူနစ် ဆန့်ကျင်ရေး သဘောထား ပိုမိုတင်းမာသော ဆွေ- ငြိမ်းအုပ်စု အာဏာရရှိလာမည်ကို တားဆီး ပိတ်ပင်လိုသောကြောင့်ဖြစ်သည်။ တချိန်တည်းမှာပင် ၎င်းတို့သည် နု-တင်

အုပ်စုကိုလည်း အကောင်းမမြင်ပါ။ ပမညတ ခေါင်းဆောင်တဦးက ထိုစဉ်က စာရေးသူအား နှစ်ဦးစလုံးသည် မကောင်းဆိုးရွားများ ဖြစ်နေသဖြင့် အချိန်တန်လျှင် ချုပ်ငြိမ်းသွားအောင် ဆောင်ရွက်ရမည် ဖြစ်သည်ဟု ထုတ်ဖော်ပြောပြခဲ့ဖူးသည်။

**တပ်မတော်နှင့် နိုင်ငံရေး**

အားနည်းသော အစိုးရအဖွဲ့နှင့် တောင့်တင်းခိုင်သော တပ်မတော်ရှိသည့် မည်သည့် နိုင်ငံတွင်မဆို နိုင်ငံရေးသမားများသည် တပ်မတော်ကို အားကိုးရမည့် မိတ်ဆွေ သို့တည်းမဟုတ် ကြောက်လန့်ရမည့် ရန်သူအဖြစ် ရှုမြင်ကြလေ့ရှိသည်။ နိုင်ငံရေး အုပ်စုတခုသည် မိမိအား တပ်မတော်က ကြည်ဖြူပုံမရလျှင် ထိုတပ်မတော်သည် အခြားအုပ် တခုကို လိုလားထောက်ခံသည်ဟု သင်္ကာမကင်း ဖြစ်တတ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံ၏ ကံကြမ္မာကို ဖန်တီးရာ၌ ပုဂ္ဂိုလ် တဦးချင်းစီ၏ စိတ်နေသဘောထား အမူအကျင့်သည် အရေးပါသောကဏ္ဍမှ ပါဝင်ပါသည်။ ကာလကြာမြင့်စွာ ဝန်ကြီးချုပ် တဦးတည်းနှင့် ကာကွယ်ရေးဝန်ကြီး တဦးတည်းကိုသာ ဆက်ဆံလာရပြီးနောက် တပ်မတော် ခေါင်းဆောင်များသည် ဦးနုနှင့် ဦးဗဆွေအပေါ် သံယောဇဉ် အတော်အတန်ရှိလာခဲ့ကြသည်။ မိမိတို့နှင့် ဆက်ဆံမှု နည်းပါးသော ဦးကျော်ငြိမ်းနှင့် အခြားသော ဖဆပလ ခေါင်းဆောင်များ အပေါ်တွင်မူ သံယောဇဉ်များစွာ မရှိခဲ့ကြပါ။

ဖဆပလ အကွဲအပြဲ မပေါက်ပေါက်မီ အချိန်အထိ တပ်မတော်သည် ဦးနုကို သစ္စာစောင့်သိကာ လေစားရိုသေမှု ရှိသည်။ ထို့ပြင် ဦးနုသည် ဦးဗဆွေထက် ထင်ရှား လေးစားအပ်သော ပုဂ္ဂိုလ်ဟုလည်း တပ်မတော် ခေါင်းဆောင်များက စွဲစွဲမြဲမြဲ ယူဆခဲ့ကြသည်။ သို့ရာတွင် တပ်မတော် ခေါင်းဆောင်များက ဦးနုအား လေးစားရိုသေမှုမှာ အုပ်စုတိုက်ပွဲများ ပိုမို ပြင်းထန်လာပြီး ဦးနု၏ အုပ်စုမှ ပုဂ္ဂိုလ်များက ညှဉ်းပန်းနှိပ်စက်မှု၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိပါးဖောက်ဖျက်မှုနှင့် ကွန်မြူနစ်တို့အား အထူး အလျှော့ပေးလာမှုတို့ကြောင့် တဖြည်းဖြည်း လျော့နည်းလာခဲ့သည်။

တပ်မတော်မှ ထိပ်တန်း အရာရှိ အချို့သည် ဆွေ-ငြိမ်းအုပ်စု ခေါင်းဆောင်များနှင့် ဆွေမျိုးနီးစပ် တော်စပ်နေကြသည်။ ဤကဲ့သို့ သွေးချင်းပို၍ နီးစပ်မှုရှိသော်လည်း တပ်မတော်သည် ဆွေ-ငြိမ်း လိုလားပြီး နု-တင် ဆန့်ကျင်သူများ မဟုတ်ကြချေ။ တပ်မတော်သားများသည် ကွန်မြူနစ်များ သူပုန်ထ၍ ပုန်ကန်ကြသောအခါ ညီအစ်ကိုအရင်းပင်လျှင် တဦးက သူပုန် တဦးက အစိုးရ အဖွဲ့ဝင် အနေဖြင့် သွေးရင်းသားရင်းကိုပင် တိုက်ခိုက်သော အလေ့အကျင့် ရရှိနေပြီးဖြစ်သည်။

ဇွန် ၂၃ ရက်တွင် မင်္ဂလာဒုံ၌ တပ်မှူးများ၏ ညီလာခံကို နိုင်ငံရေး အကျပ်အတည်း ဖြစ်ပွားနေစဉ် အတွင်း ကျင်းပခဲ့ပါသည်။ စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး နေဝင်းက တပ်မတော်၏ ဒီမိုကရေစီအပေါ် အပြည့်အဝ ယုံကြည်မှုနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေးစားလိုက်နာမှုတို့ဖြင့် ကြားနေသည့် ကိစ္စကို အခိုင်အမာ ပြောဆိုခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်းက အမျိုးသား လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြစဉ်က နိုင်ငံရေးသမားများနှင့် တပ်မတော်သားများ တစိတ်တဝမ်းတည်း လက်တွဲဆောင်ရွက်ခဲ့ကြသဖြင့် သံယောဇဉ်နှင့် ခင်မင်ရင်းနှီးမှုများ ရှိနေစကာမူ တပ်မတော်၏ တာဝန်နှင့် ဝတ္တရားများကို ယင်းတို့က ယိမ်းယိုင်သွားစေမည် မဟုတ်ကြောင်းဖြင့် ထုတ်ဖော် ရှင်းလင်းခဲ့သည်။

တပ်မတော်နှင့် အာဏာရပါတီ (နု-တင်) အကြား အပြန်အလှန် မယုံသင်္ကာဖြစ်မှု တစထက်တစ ကြီးမားလာခြင်းသည် ၎င်းတို့ နှစ်ဖက်အကြား ပဋိပက္ခ ဖြစ်ပွားစေခြင်း၏ အဓိက အကြောင်းရင်း ဖြစ်လာသည်။ ထို့ကြောင့်လည်း တွက်ကြိုတင် ပြင်ဆင်ချက်များအဖြစ် အကြောင်းပြ ဆောင်ရွက်နေခြင်းနှင့် အလားတူပင် ဖြစ်နေသည်။

တပ်မတော်၏ နု-တင် အုပ်စုအပေါ် မယုံသင်္ကာမှုများမှာ နု-တင်အုပ်စုအား ပါလီမန်၌ ကွန်မြူနစ်ဝါဒီများ ဖြစ်ကြသော ပမညတအဖွဲ့က ထောက်ခံလာမှုနှင့် ၎င်းအဖွဲ့ ကျေနပ်မှုရရှိစေရန် အစိုးရက အလျှော့ပေး လိုက်လျောလာပြီးနောက် ပိုမို ကြီးထွားလာခဲ့သည်။

ပါလီမန်၌ ကွဲပြဲကြပြီးနောက် ပမညတအဖွဲ့သည် အစိုးရအား ငြိမ်းချမ်းရေး အလျင်အမြန် ရရှိရေးအတွက် ကွန်မြူနစ်များနှင့် တွေ့ဆုံဆွေးနွေးရေးကို စဉ်ဆက်မပြတ် ဖိအားပေးလာခဲ့သည်။ သခင်သန်းထွန်းကလည်း ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန် မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးရေး အတွက် အကဲစမ်းမှုများကို ပြုလုပ်လာသည်။ ငြိမ်းချမ်းရေး ဘယ်လိုပဲရရ

ဦးနုသည် ၎င်း၏ အစိုးရမှာ ရှစ်မဲ အသာမျှဖြင့်သာ အနိုင်ရရှိခဲ့ခြင်းကြောင့် ပမညတကို အမြဲ မှီခိုနေရမည် ဆိုပါက အရေးကြီးသော မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း သိမြင်ခဲ့သည်။

ဦးနုသည် သူ့ပါတီ အနိုင်ရမည်ဟု ယုံကြည်ထားသဖြင့် ရွေးကောက်ပွဲ အသစ်တရပ် ကျင်းပရန် လိုလားခဲ့သည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ငြိမ်းချမ်းရေးမှာ မရှိမဖြစ် လိုအပ်သည်။ ထို့ပြင် ၎င်း၏ ကတိနှင့်အညီ ရွေးကောက်ပွဲကိုလည်း ကျင်းပရန် ဦးနုက လိုလားသည်။ ဦးနုသည် ငြိမ်းချမ်းရေး ဗိသုကာဖြစ်ရန် ဆန္ဒရှိနေခြင်းကြောင့် ငြိမ်းချမ်းရေးကို ဘယ်နည်းနှင့်ရရ ဆောင်ရွက်သွားရန် ဆုံးဖြတ်ပြီး ဖြစ်နေသည်။

ပြည်သူများသည် ငြိမ်းချမ်းရေးကို လိုချင်နေကြသည်။ ငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ပေးသူ မည်သူ့ကိုမဆို အမျိုးသား သူရဲကောင်း အဖြစ် ပြည်သူများက အလေးအမြတ် ပြုကြမည် ဖြစ်ခြင်းကြောင့် ငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာ၌ နောင်ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို စဉ်းစားတွေးတောခြင်း မရှိခဲ့ပါ။

ဇွန် ၂၄ ရက်တွင် ဦးနုက သူပုန်များအားလုံး လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့် အက်ဥပဒေ တရပ်ကို အတည်ပြုပြဌာန်းရန် ဆုံးဖြတ်ထားကြောင်း၊ ထို့ပြင် အတိုက်အခံနှင့် ကွန်မြူနစ်များ အပါအဝင် နိုင်ငံရေး ပါတီများအားလုံး ပါဝင်သည့် အမျိုးသား ညီလာခံတရပ် ကျင်းပကာ ဒီမိုကရေစီ ပဋိညာဉ် စာတမ်းကို လက်မှတ်ရေးထိုးကြရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကွန်မြူနစ်များသည် ယင်းအမျိုးသား ညီလာခံသို့ ပါဝင် တက်ရောက်နိုင်ရေးအတွက် မိမိတို့က စောင့်ဆိုင်းမည်ဟု ရှင်းလင်း ပြောကြားခဲ့သည်။

ဦးနု တင်ပြသော ကိစ္စအားလုံးသည် အထင်ကြီး လေးစားဖွယ်ရာ ဖြစ်ပါသည်။ လုံးဝ လွတ်ငြိမ်းချမ်းသာခွင့်၊ အမျိုးသား ညီလာခံနှင့် ဒီမိုကရေစီ ပဋိညာဉ် စာတမ်းတို့မှာ လေးစားလောက်ဖွယ် ဖြစ်သည်။ ပမညတ ပါတီပင်လျှင် ဦးနု၏ အစီအစဉ်ကို အံ့သြသွားခဲ့သည်။

ပမညတသည် ၎င်းတို့၏ တောတွင်းမှ ရဲဘော်များကို တရားဥပဒေ ဘောင်အတွင်းသို့ ပြန်လာကြရန် ချက်ချင်း ဖိတ်ခေါ်ခဲ့သည်။ လက်ရှိ ဖြစ်ပွားနေသော အခြေအနေများအရ လက်နက်ကိုင် တိုက်ပွဲမှ လူထုစည်းရုံးရေး တိုက်ပွဲအသွင်သို့ ကူးပြောင်းရန် သင့်လေပြီဟု ကွန်မြူနစ်များအား အကြံပြုခဲ့သည်။

ဩဂုတ်လ ၁ ရက်နေ့တွင် နု-တင်အစိုးရက လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို ထုတ်ပြန် ကြေညာခဲ့သည်။ ယင်းအမိန့်အရ သူပုန်များ တောခိုသည့် အချိန်မှ ၁၉၅၈ ခုနှစ်၊ ဇူလိုင် ၃၁ ရက် ညဥ့်သန်းခေါင်ယံ အထိ ကျူးလွန်ခဲ့သမျှသော ရာဇဝတ်မှုများကို အပြစ်မှ ကင်းလွတ်ခွင့်ပေးခဲ့သည်။ ထို့ပြင် တရားမဝင်သော နိုင်ငံရေးပါတီများအားလည်း တရားဝင် ပါတီများ ဖြစ်လာစေရန် ခွင့်ပြုသည့်အမိန့်ကို ကြေညာခဲ့သည်။

သို့ရာတွင် တောတွင်းရှိ ကွန်မြူနစ်များမှာ ပို၍ လိမ္မာပါးနပ်ကြသည်။ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန် သေချာနေသည်။ အစိုးရသည် အင်အားတောင့်တင်းခြင်း မရှိပါ။ အကယ်၍ ကွန်မြူနစ်များသည် ဥပဒေဘောင်အတွင်း ဝင်ရောက်၍ လအနည်းငယ်တွင် ကျင်းပရန်ရှိသော အထွေထွေ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရမည် ဆိုလျှင် ပြည်သူလူထုက ၎င်းတို့အား တံတားများကို ချိုးဖောက် ဖျက်ဆီးသူများနှင့် ကျေးရွာများ၌ ဆက်ကြေးကောက်ခံသူများ အဖြစ် သတိရနေဦးမည် ဖြစ်သည်။ သူတို့သည် ငြိမ်းချမ်းရေး သူရဲကောင်းများအဖြစ် ပြန်လည်၍ ဝင်ရောက်လိုကြသည်။ ရွေးကောက်ပွဲအတွက် စည်းရုံးနိုင်ရန် အချိန်အနည်းငယ်လည်း ရရှိလိုကြသည်။ သို့ရာတွင် ဦးနု မျှော်မှန်းသလောက် အချိန်စော၍ အလင်းဝင်လာရန် ဆန္ဒမရှိကြ။

ကွန်မြူနစ်များသည် အစိုးရနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုထားချက်ကို နောက်ပိုင်း၌ တဆင့်လျှော့၍ သခင်ကိုယ်တော်မှိုင်း ဦးဆောင်သော ငြိမ်းချမ်းရေး ကော်မတီနှင့် တွေ့ဆုံဆွေးနွေးရန် တောင်းဆိုခဲ့ကြသည်။ ယခုအခါတွင် ကွန်မြူနစ်များသည် အစိုးရနှင့် တွေ့ဆုံဆွေးနွေးရေးကို ပြန်လည် တောင်းဆိုလာရုံမျှမက ၎င်းတို့၏ တပ်များအား အစိုးရ လက်နက်ကိုင် တပ်ဖွဲ့များအတွင်း ထည့်သွင်း ဖွဲ့စည်းရေးကိုပင် တောင်းဆိုလာကြသည်။

ကွန်မြူနစ်များက သိက္ခာရှိသော မည်သည့်အစိုးရအဖွဲ့မှ မိမိတို့၏ တောင်းဆိုချက်ကို လိုက်လျောမည် မဟုတ်ကြောင်း အသေအချာ သိရှိထားသည်။ ယင်းသို့ တောင်းဆိုခြင်းဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားသွားလိမ့်မည်ဟု ခန့်မှန်း

မိကြသည်။ ကွန်မြူနစ်များက ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားစေရန် အကြံဖြင့် အဆိုပါအချက်ကို တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ရွေးကောက်ပွဲ၌ မြေပေါ်ရှိ မိမိတို့၏ သြဇာခံများအား တောတွင်းမှနေ၍ အကူအညီပေးခြင်းမှာ ပိုမို အကျိုးရှိနိုင်သည်ကို သိမြင်ခဲ့ကြသည်။ နောက်ကျင်းပမည့် ပါလီမန် အစည်းအဝေး၌ အစိုးရ ဖွဲ့စည်းရေးနှင့် ပတ်သက်၍ မြေပေါ် ကွန်မြူနစ် အုပ်စုသည် အဆုံးအဖြတ်ပေးမည့် အင်အားဖြစ်သည်ကို အသေအချာ သိရှိထားသည်။ ၎င်းတို့၏ သြဇာခံများ အာဏာရရှိလာသည့်အခါ အစိုးရကို ကြိုးကိုင် ချယ်လှယ်ခြင်းဖြင့် ကွန်မြူနစ်များ ဂုဏ်သိက္ခာရှိရှိ အလင်းဝင်လာနိုင်မည် ဖြစ်သည်။ ၎င်းတို့အားလည်း သူရဲကောင်းများ အဖြစ် ကြိုဆိုကြလိမ့်မည်ဟု တွက်ဆထားကြသည်။ တောထဲ၌ ဆယ့်တစ်နှစ်ကျော်ကြာအောင် နေထိုင်ခဲ့ပြီး ဖြစ်သဖြင့် နောက်ထပ်တနှစ် ထပ်မံနေရစေကာမူ ၎င်းတို့အတွက် အရေးထားစရာ ကိစ္စ မဟုတ်တော့ပေ။

ခြေလှမ်းမှားခြင်း သံသယဟူသည်မှာ တဖက်တည်းတွင် မရှိပါ။ တပ်မတော် ခေါင်းဆောင်များက နု-တင်အုပ်စုအား ကွန်မြူနစ်များ အာဏာရရှိလာအောင် အလွန်အမင်း အလျှော့ပေးလာသည်ဟု သင်္ကာမကင်း ဖြစ်ခဲ့ကြသည်။ နု-တင် ခေါင်းဆောင်များကလည်း တပ်မတော်ခေါင်းဆောင်များသည် ဆွေ-ငြိမ်းအုပ်စုအား အကူအညီပေးလိမ့်မည်ဟု ထင်မြင်ယူဆခဲ့ကြသည်။ နယ်များတွင် တပ်မတော် အရာရှိအချို့က ဆွေ-ငြိမ်း အုပ်စု၏ အဖွဲ့အစည်းများအား အကူအညီပေးခဲ့ဖူးသော သာဓက အတိတ်ကာလက ရှိခဲ့သည်။ အုပ်စု တိုက်ပွဲများ၌ ဘက်လိုက်ခဲ့ကြသော တပ်မတော်အရာရှိအချို့ကို အရေးယူခြင်းဖြင့် ၎င်းတို့အား နိုင်ငံရေးတွင် စွက်ဖက်မှုမှ ဖယ်ရှားပစ်ရေးကို ဆောင်ရွက်ရမည့်အစား နု-တင် အုပ်စု ခေါင်းဆောင်များက မလိုလားအပ်သော ခြေလှမ်းတရပ်ကို လှမ်းခဲ့ကြသည်။

နု-တင်အုပ်စုသည် တပ်မတော် တခုလုံး၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန်နှင့် မိမိတို့၏ နောက်လိုက်များကို တပ်မတော် အတွင်း တာဝန်ပေးခြင်းဖြင့် တပ်မတော်၏ ညီညွတ်မှုကို ပျက်ပြားစေပြီး တပ်မတော်အား နိုင်ငံရေးသမားများ၏ အလိုကျ ချယ်လှယ်နိုင်ရန် စီစဉ် ဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်သည် အစိုးရအဖွဲ့၏ လက်အောက်ခံ အဖွဲ့ ဖြစ်သည်နှင့်အညီ အင်အား တောင့်တင်းသော အစိုးရသည် တပ်မတော်အား အစဉ်အမြဲ ပိုင်နိုင်စွာ ထိန်းချုပ်နိုင်စွမ်း ရှိသည်။ ထိုအချိန်က အင်အား တောင့်တင်းသော တပ်မတော်အားအင် အားနည်းပါးသွားစေရန် ဆောင်ရွက်ရေးသည် အားနည်းသော အစိုးရအား တောင့်တင်း ခိုင်မာလာအောင် ဆောင်ရွက်ရသည်ထက် ပိုမိုလွယ်ကူသည်ဟု နု-တင်အုပ်စုက ဆုံးဖြတ်ခဲ့ခြင်းလည်း ဖြစ်နိုင်သည်။

ဇွန်လ ၉ ရက်နေ့တွင် အာဏာရရှိလာပြီးနောက် နု-တင် အစိုးရသည် လွှတ်တော် ဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးအောင်အား ဝန်ကြီး ခန့်ထားခဲ့သည်။ ဗိုလ်မှူးအောင်သည် ဗိုလ်မင်းခေါင်နှင့် ဗိုလ်ချုပ်ကြီး နေဝင်းတို့ကဲ့သို့ပင် ဖြိုတ်သျှ အစိုးရကို တိုက်ခိုက်ရန် မြန်မာ့ လက်နက်ကိုင် တပ်ဖွဲ့ကို ဖွဲ့စည်းရာ၌ ပါဝင်ခဲ့သော ရဲဘော်သုံးကျိပ်ဝင် ဖြစ်သည်။ ထို့ကြောင့် ဗိုလ်မှူးအောင်သည် တပ်မတော် အရာရှိများအပေါ် အတော်အတန် သြဇာညောင်းလိမ်မည်ဟု ဦးနုနှင့် သခင်တင် တို့က ယူဆခဲ့ဟန် ရှိသည်။ သို့ရာတွင် ဗိုလ်မှူးအောင်သည် ဒုတိယကမ္ဘာစစ် ပြီးဆုံးချိန်မှ စ၍ တပ်မတော်နှင့် ကင်းကွာနေခဲ့သည်။ ထို့ကြောင့် ဗိုလ်မှူးအောင်၏ သြဇာမှာ တပ်မတော်၌ များစွာမရှိဘဲ ပါလီမန်၌သာ သြဇာရှိခဲ့သည်။

အခြားသော လက်နက်ကိုင် တပ်ဖွဲ့များ ဖြစ်ကြသည့် ရဲ၊ ပြည်ထောင်စု စစ်ရဲ (ယူအမ်ပီ) နှင့် ပြူစောထီး အဖွဲ့များသည် ပြည်ထဲရေး ဝန်ကြီး လက်အောက်တွင် ရှိသည်။ ကြည်း၊ ရေနှင့် လေတပ်တို့သာလျှင် ကာကွယ်ရေး ဝန်ကြီး၏ လက်အောက်၌ ရှိသည်။

နု-တင် အဖွဲ့က ဆွေ-ငြိမ်း အုပ်စုဘက်သို့ ပါနေသည်ဟု ယူဆခြင်း ခံနေရသော အခြားလူတန်းစားမှာ မြို့ပြဝန်ထမ်းများ ဖြစ်ကြသည်။ ထို့ကြောင့် နု-တင် အုပ်စုသည် အစိုးရအဖွဲ့ အတွင်းရှိ အရေးကြီးသော အဖွဲ့အစည်းများ ဖြစ်ကြသည့် ကြည်း၊ ရေ၊ လေ၊ (ယူအမ်ပီ) ရဲ၊ မြို့ပြဝန်ထမ်းနှင့် ပြူစောထီးများ အပေါ် သံသယ ရှိလာသည်။ ထိုအချိန်က ပြူစောထီး တပ်ဖွဲ့များကို အရန် ရဲတပ်ဖွဲ့ အဖြစ်ဖြင့် ပြောင်းလဲ ဖွဲ့စည်းနေဆဲ ဖြစ်ပါသည်။ နု-တင် အစိုးရသည် ထိုအင်အားအားလုံးကို ဆွေ-ငြိမ်းအုပ်စုဘက် ပါဝင်သည်ဟူသော အကြောင်းပြချက်ဖြင့် ဖြုတ်ချထားရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် ထိုအဖွဲ့များအတွင်း ဆွေ-ငြိမ်းအုပ်စု လိုလားသူဟု သင်္ကာမကင်း ဖြစ်သူများအား အရေးပါသော ရာထူးများမှ ဖယ်ရှားကာ ယင်းတို့ ယုံကြည် စိတ်ချရသော ပုဂ္ဂိုလ်များဖြင့် အစားထိုး ခန့်ထားလာသည်။

ရဲနှင့် မြို့ပြဝန်ထမ်းများအတွင်း စတင်ဆောင်ရွက်သည်။ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များတွင်လည်း အလားတူ အစားထိုးနိုင်ရန် တပ်မတော်အား ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် ကြိုးပမ်းခဲ့သည်။ နေ-တင် အစိုးရသည် ၎င်းတို့၏ ခြေလှမ်းများကို သတိကြီးစွာဖြင့် တဖြည်းဖြည်းချင်း အကောင်အထည် ဖော်ခဲ့ကြသည်။

မြို့ပြဝန်ထမ်းနှင့် ရဲအဖွဲ့ကို ပထမဦးဆုံး ကိုင်တွယ် ဖြေရှင်းခဲ့သည်။ ဆွေ-ငြိမ်အုပ်စု လိုလားသူများဟု မသင်္ကာသူများကို မိမိတို့ဘက်က ယုံကြည် စိတ်ချရသူများနှင့် အစားထိုးကာ အချို့ကို နယ်များသို့ ပြောင်းရွှေ့ခဲ့သည်။ ရဲနှင့် မြို့ပြဝန်ထမ်းများက အစိုးရ စီမံသည့်အတိုင်း နာခံခဲ့ကြသည်။ အစိုးရ၏ ပြုမူဆောင်ရွက်ချက်နှင့် ပတ်သက်၍ သိသာလောက်သော ဆန့်ကျင်တုံ့ပြန်မှု မထွက်ပေါ်ခြင်းကြောင့် နေ-တင် အစိုးရက ၎င်းတို့၏ လုပ်ငန်း အောင်မြင်မှုကို ကျေနပ်ခဲ့ကြသည်။ စစ်ရဲတပ်ဖွဲ့တွင်လည်း အလားတူ နည်းလမ်းကို အသုံးပြုခဲ့သည်။ စစ်ရဲတပ်ဖွဲ့ အတွင်းရှိ ပြန်တမ်းဝင်မဟုတ်သော ရာထူးများအထိ အလဲအလှယ် ပြုလုပ်ရန် ရည်စူးကာ ထိပ်ပိုင်းအရာရှိများကို စတင် ကိုယ်တွယ်ခဲ့သည်။ အစိုးရအား ပြင်းထန်စွာ ဆန့်ကျင်မှု မရှိခဲ့ပါ။ နေ-တင် ခေါင်းဆောင်များသည် ၎င်းတို့၏ စီမံကိန်းနှင့် ပတ်သက်၍ ယုံကြည်မှု ပိုမိုရရှိလာပြီး စီမံကိန်းများ အောင်မြင်သည့်အတွက်လည်း သဘောကျ ကျေနပ်ခဲ့သည်။

နောက်ထပ် ဆောင်ရွက်ရမည့် အဖွဲ့အစည်းများမှာ တပ်မတော် ဖြစ်လာပါသည်။ တပ်မတော်အား အလားတူ နည်းဗျူဟာဖြင့် ကျင့်သုံးဆောင်ရွက်ရန် လွယ်ကူလိမ့်မည် မဟုတ်ကြောင်း နေ-တင်တို့ သိကြသည်။ ပထမဦးစွာ တပ်မတော်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင် ဆောင်ရွက်ကာ တပ်မတော်က နိုင်ငံရေးအုပ်စု တိုက်ပွဲ၌ ပါဝင် ပတ်သက်နေမှုကိုလည်း ဖော်ထုတ် ပြသရမည် ဖြစ်သည်။ ဤကိစ္စကို နေ-တင် အစိုးရကလည်း လိမ္မာပါးနပ်စွာ ဆောင် ရွက်ခဲ့သည်။

တပ်မတော်အား မဟုတ်မမှန် သတင်းများ တီးတိုးပြောကြားခြင်းဖြင့် စတင်ထိုးနှက်ကာ နောက်ပိုင်းတွင် ၎င်းတို့၏ သတင်းစာများ၊ ကွန်မြူနစ်လိုလားသော နိုင်ငံရေးအဖွဲ့အစည်းများကတဆင့် ဝေဖန်တိုက်ခိုက်ခဲ့ကြသည်။ နေ-တင်အစိုးရတို့ဘက်က ပိုင်နိုင်သည်ဟု ယူဆကြသောအခါကျမှ ယင်းပြဿနာကို သူတို့ကိုယ်တိုင် ပြောင်ပြောင်တင်းတင်း ကိုင်တွယ်ဖြေရှင်းလာကြသည်။

**ပေါက်ကွဲလာခြင်း**

၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ (နေ-တင် အုပ်စု၏) ဖဆပလ ညီလာခံကို ဝန်ကြီးချုပ်၏ နေအိမ်ဝင်းအတွင်း၌ ကျင်းပခဲ့သည်။ ညီလာခံ ဒုတိယနေ့ဖြစ်သော စက်တင်ဘာလ ၁ ရက်နေ့တွင် နယ်ကိုယ်စားလှယ်များက မြို့ပြနှင့် တပ်မတော် အရာရှိများသည် အတိုက်အခံ ဆွေ-ငြိမ်းအုပ်စုအတွက် ဘက်လိုက် ဆောင်ရွက်နေကြကြောင်း၊ ၎င်းတို့အား တခြားနေရာများသို့ ပြောင်းရွှေ့ပေးရန် တပ်မတော် အရာရှိများ၏ အမည်ကို တင်ပြခဲ့ကြသည်။ ဟံသာဝတီမှ ကိုယ်စားလှယ်က တပ်မတော်အား ပြည်သူ၏ အမှတ်တစ် ရန်သူအဖြစ် ကြေညာကာ ဆွေ-ငြိမ်းအုပ်စုကို လိုလားသော မြို့ပြဝန်ထမ်းများအား ပြည်သူ့ရန်သူ အမှတ်နှစ်အဖြစ် ထုတ်ဖော် စွပ်စွဲခဲ့သည်။ အစိုးရအား လွန်ခဲ့သော ဆယ်နှစ်ကစ၍ လက်နက်စွဲကိုင် ပုန်ကန်ခဲ့ကြသည်ဟု သတ်မှတ်ခဲ့ပါသည်။

ကိုယ်စားလှယ်များသည် ယင်းစိုးရိမ်ဖွယ် အခြေအနေအား ဦးနုက နိုင်နင်းစွာ ကိုင်တွယ်နိုင်စွမ်း မရှိဟု စွပ်စွဲခဲ့ကြသည်။ အင်အားနည်းသော အစိုးရနှင့် ၎င်း၏ သိက္ခာမဲ့ နိုင်ငံရေးသမားများသည် ပိုမို၍ ဆင်းရဲလာကြပါသည်။ ၎င်းတို့သည် ရဲ၊ မြို့ပြဝန်ထမ်းနှင့် စစ်ရဲအဖွဲ့တို့အား ယင်းတို့ သဘောကျ အောင်မြင်စွာ ချယ်လှယ်နိုင်ခဲ့ကြပြီးနောက် တပ်မတော်ကို ချယ်လှယ်ရန် စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

တပ်မတော်အား ပြည်သူလူထု၏ အမှတ်တစ် ရန်သူအဖြစ် ရှုတ်ချ ပြစ်တင်ခဲ့ခြင်းကြောင့် နိုင်ငံအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်နေကြသော ဌာနချုပ်ရှိ တပ်မတော် ခေါင်းဆောင်များ၊ အထူးသဖြင့် နယ်များတွင် သူပုန်များနှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေရသော တပ်မတော် အရာရှိများအား နာကြည်းစေခဲ့သည်။

သန့်ရှင်း ဖဆပလ၏ ညီလာခံသည် သုံးရက်တွင် နှစ်ရက်မှာ နယ်ကိုယ်စားလှယ်များက တပ်မတော်အား ပြင်းထန်စွာ ပြစ်တင်ဝေဖန် ပုတ်ခတ်ခဲ့ကြသည်။ စက်တင်ဘာလ ၂ ရက်နေ့ ညီလာခံပြီးဆုံးသည့် မိန့်ခွန်း ပြောကြားရာ၌ ဦးနုက ဖဆပလ အဖွဲ့ကြီးအတွင်း မကောင်းမှုများ အားလုံးအတွက် ဆွေ-ငြိမ်း အုပ်စု၌ တာဝန်ရှိသည်ဟု စွပ်စွဲပြောဆိုခဲ့သည်။

တပ်မတော်၏ တုံ့ပြန်မှုများ စက်တင်ဘာလ ၃ ရက်နေ့တွင် တပ်မတော် ခေါင်းဆောင်အချို့သည် ဦးနုထံသို့ သွားကြပြီး ၎င်း၏အဖွဲ့က တပ်မတော်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော စွပ်စွဲချက်များကို အလုံးအရင်းနှင့် ထုတ်ဖော် ပြောဆိုခဲ့ကြသဖြင့် တပ်မတော်နှင့် နိုင်ငံရေးသမားများအကြား ဆက်ဆံရေး အခြေအနေကို၊ အထူးသဖြင့် နယ်များရှိ တပ်မတော် အရာရှိများနှင့် နိုင်ငံရေးသမားများ ဆက်ဆံရေးကို ဆိုးရွားစေခဲ့ကြောင်းဖြင့် တိုင်တန်းခဲ့ကြသည်။ မမှန်မကန် စွပ်စွဲခြင်းခံရသော တပ်မတော် အရာရှိများက ယင်းတို့အား စွပ်စွဲ ပြောဆိုခဲ့သူများကို တဦးချင်းအလိုက် ဥပဒေကြောင်းအရ တရားစွဲဆိုခွင့်ပြုရန် ဝန်ကြီးချုပ်အား တင်ပြခဲ့ကြသည်။

ဦးနုက ယင်းကဲ့သို့ စွပ်စွဲပြောဆိုမှုများကို မိမိ မသိရှိကြောင်းဖြင့် ငြင်းဆိုခဲ့သည်။ ဦးနုက ၎င်းသည် ထိုနေ့က မိတ်ဆွေအချို့၏ အဆိုပါသတင်းများကို ထုတ်ဖော်ညွှန်ပြခဲ့သည့် အခါမှသာ သိရှိခဲ့ကြောင်းဖြင့် ပြောဆိုခဲ့သည်။ ထို့ပြင် ယင်းသို့ စွပ်စွဲပြောဆိုချက်ကို သူသဘောမကျဟုလည်း ပြောပြခဲ့သည်။ သူသည် ၎င်း၏ အိမ်ခြံဝင်းအတွင်း ကိုက် ၅၀ ခန့်အကွာ၌ အသံချဲ့စက်ဖြင့် တပ်မတော်အား ပြစ်တင်ရှုတ်ချ စွပ်စွဲချက်များကို မသိလည်း မသိခဲ့၊ မကြားလည်း မကြားခဲ့ဟု ဆိုသည်။ ဦးနုက မည်ကဲ့သို့ပင်ဖြစ်စေ၊ သူ၏အုပ်စုက ပြုလုပ်ခဲ့သော မှားယွင်းမှုများကို ဖြေရှင်းပေးမည်ဟု ကတိပြုခဲ့သည်။ တပ်မတော် ခေါင်းဆောင်များက ၎င်း၏ အစိုးရအား မယုံကြည်ကြောင်း အရိပ်လက္ခဏာ ပြကြသည်။

ဤတွေ့ဆုံပွဲ၌ ဦးနုက အဆိုတခုကို တင်ပြခဲ့သည်။ ဦးနုက တပ်မတော်မှ အရာရှိကြီး သုံးဦးနှင့် ၎င်းအုပ်စုမှ သုံးဦး ပါဝင်သော ပုဂ္ဂိုလ်ခြောက်ဦး ပါဝင်သည့် အဖွဲ့ငယ်တရပ် ဖွဲ့စည်းပြီး နိုင်ငံတော်၏ ကိစ္စအဝဝကို ကြိုးကိုင်ဆောင်ရွက်ရန် အကြံပြု တင်ပြခဲ့သည်။ ၎င်းအကြံပြုချက်သည် အံ့အားသင့်ဖွယ်ရာကောင်းသော ကမ်းလှမ်းချက်တရပ် ဖြစ်ပါသည်။ တပ်မတော်နှင့် ညွှန့်ပေါင်းအစိုးရ တရားမဝင် ဖွဲ့စည်းရေးပင် ဖြစ်ပါသည်။

သို့ရာတွင် တပ်မတော်ခေါင်းဆောင်များက ယင်းကမ်းလှမ်းချက်ကို ချက်ချင်းပယ်ချခဲ့ကာ ဦးနုအိမ်မှ ပြန်သွားခဲ့ကြသည်။ နောက်တနေ့တွင် ဦးနုသည် အထက်မြန်မာနိုင်ငံသို့ စည်းရုံးရေးအတွက် ခရီးမထွက်မီ ထိုညနေပိုင်းတွင် မြန်မာ့အသံမှ ထုတ်လွှင့်မည့် မိန့်ခွန်းတရပ်ကို အသံသွင်း ပြောကြားသည်။ ဦးနုက မိမိတို့၏ ပါတီ ညီလာခံတွင် တပ်မတော်နှင့် ပတ်သက်၍ စွပ်စွဲပြောဆိုမှုများသည် တပ်မတော်၏ အခန်းကဏ္ဍကို မသိနားမလည်ကြသော နု-တင်အုပ်စု ခေါင်းဆောင်များကြောင့်သာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဦးနုက ဆက်လက်၍ တပ်မတော်သည် နိုင်ငံ၏ ကယ်တင်ရှင်ဖြစ်ကြောင်း တပ်မတော်သည် သူပုန်များ၏ အန္တရာယ်မှ တိုင်းပြည်ကို ကယ်တင်ခဲ့ပြီး ချောက်ထဲကျရန် လက်နှစ်လုံးအလို၌ ကယ်တင်ခဲ့သူလည်းဖြစ်ကြောင်း၊ ထို့ပြင် ချန်ကေရှိတ် နယ်ချဲ့ တရုတ်ဖြူများကိုလည်း တိုက်ထုတ်ခဲ့သူများဖြစ်ကြောင်းဖြင့် ချီးကျူးခဲ့သည်။ တပ်မတော်သည် ပြည်သူများ၏ ကျေးဇူးရှင် ဖြစ်နေသဖြင့် ဖဆပလအဖွဲ့သည် သတ္တိဖွဲ့ရှိမှုနှင့် အနစ်နာခံမှုတို့တွင် စံပြုလောက်သော တပ်မတော်၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်ကြောင်း စသည်ဖြင့် ပြောဆိုခဲ့သည်။

ဦးနုက ဤကဲ့သို့ ချီးကျူး ဂုဏ်ပြုလိုက်ခြင်းသည် တပ်မတော်အား ပျားရည်နှင့် ဝမ်းချလိုက်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် နု-တင် အုပ်စု၏ ဆောင်ရွက်ချက်များက ပျားအုံကို တုတ်နှင့်ထိုးသကဲ့သို့ ဖြစ်နေကာ ခရိုင်ရှိ တပ်မတော် အရာရှိများသည် နု-တင် အစိုးရ မြေပေါ်ရှိ ကွန်မြူနစ်လိုလားသော အုပ်စုဖြစ်သည့် ပမညတနှင့် ပူးပေါင်း ဆောင်ရွက်နေမှုကို ပိုမို၍ သက်မကောင်း ဖြစ်လာခဲ့သည်။

နယ်များတွင် တပ်မတော် အရာရှိများများနှင့် နု-တင်အုပ်စုမှ နိုင်ငံရေးသမားများ၏ ဆက်ဆံရေးသည် ပိုမိုဆိုးရွားလာခဲ့သည်။

### အပြန်အလှန် လှုပ်ရှားမှုများ

နု-တင်အုပ်စုခေါင်းဆောင်များက တပ်မတော်အား ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် ဝါဒဖြန့်ချိနေရုံ တခုတည်းဖြင့်သာ ၎င်းတို့အလိုကျ တပ်မတော်က လိုက်လျောလာမည် မဟုတ်ကြောင်းကို သဘောပေါက်လာခဲ့သည်။ ထို့ကြောင့် တပ်မတော် ခေါင်းဆောင်များအကြား ၎င်းတို့၏ ဩဇာခံများ၊ မွေးထုတ်ရန် အတတ်နိုင်ဆုံး ကြိုးစား ဆောင်ရွက်ခဲ့ကြသည်။

အငယ်တန်း တပ်မတော် အရာရှိအချို့မှလွဲ၍ ထိပ်တန်းအရာရှိကြီးများအား ၎င်းတို့၏ အုပ်စုနှစ်ခုအကြား ကြားနေသော သဘောထားကို ပြောင်းလဲရန် ဆောင်ရွက်၍မရခဲ့ပါ။ ရေတပ်နှင့် လေတပ်တို့တွင် နု-တင် ဘက်တော်သားများက လှုပ်ရှားခဲ့ကြသော်လည်း အောင်မြင်မှု မရှိခဲ့ပါ။

ထိုအတောအတွင်း နု-တင်အုပ်စုက ၎င်းတို့ ယုံကြည်စိတ်ချရသော စစ်ရဲတပ်ရင်း နှစ်ရင်းခွဲခန့်ကို မန္တလေးတွင် စုဆောင်းကာ ယင်းတို့အား ရန်ကုန်သို့ တသုတ်ပြီး တသုတ် အောက်တိုဘာလ ပထမအပတ် မတိုင်မီ တိတ်တဆိတ် စေလွှတ်နိုင်ရေးအတွက် အစီအစဉ်များကို ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးချုပ် ကိုယ်တိုင်က လုံခြုံရေး အကြောင်းပြချက်ဖြင့် လူမျိုးစုများ ပါဝင်သော စစ်ရဲတပ်ရင်းအချို့ကို ရန်ကုန်မြို့တော်သို့ လွှဲပြောင်းပို့ပေးရန် အကြံပြုခဲ့သည်။ ယင်းအကြံပြုချက်ဖြင့် ကန့်ကွက်ခဲ့သည်။

သို့ရာတွင် နု-တင် ခေါင်းဆောင်များ၏ လက်ရွေးစင် ပြူစောထီးတပ်ဖွဲ့ အများအပြားမှာ အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရေးအတွက် ရန်ကုန်သို့ရောက်ရှိကြပြီဖြစ်ပါသည်။ လယ်ယာနှင့် သစ်တောဌာနဝန်ကြီး သခင်ကျော်ထွန်း၏ လက်အောက်ရှိ ယုံကြည်စိတ်ချရသော သစ်တော ကာကွယ်ရေး တပ်ဖွဲ့များကိုလည်း တပ်လှန့်ထားခဲ့ပါသည်။ ထို့ပြင် ပြန်လည်ထူထောင်ရေး တပ်မနှင့် ပြည်သူ့ရဲဘော် ပါတီဝင်များကိုလည်း အရေးပေါ် အခြေအနေများအတွက် အသင့်ပြင်ဆင်ထားခဲ့သည်။

နု-တင်၏ အစီအစဉ်အရ စစ်ရဲတပ်ရင်း နှစ်ရင်းခွဲခန့်၊ ပြူစောထီးနှင့် သစ်တော ကာကွယ်ရေး တပ်ဖွဲ့များ ရန်ကုန်မြို့သို့ ခေါ်ခဲ့သည်။ ပါလီမန်ကို စက်တင်ဘာလကုန်တွင် ဖျက်သိမ်းပြီး နောက်တနေ့တွင် ဘတ်ဂျက်ကို သမ္မတ၏ အမိန့်ဖြင့် အတည်ပြုပြဌာန်းမည် ဖြစ်သည်။ ထို့နောက် အစိုးရသည် တပ်မတော်အတွင်း ရာထူး အပြောင်းအရွှေ့များ လုပ်မည်။ အရေးပါသော ခေါင်းဆောင်များကို နယ်များသို့ ပြောင်းကာ စစ်ဌာနချုပ်မှ ဖယ်ရှားပစ်မည်ဖြစ်သည်။ ပို၍ ခေါင်းမာသော တပ်မတော် ခေါင်းဆောင်အချို့နှင့် နိုင်ငံရေး ပြိုင်ဘက်များအား လုပ်ကြံသတ်ဖြတ်ရေး အစီအစဉ်လည်း ပါဝင်သည်ဟု ပြောဆိုခဲ့သည်။

နု-တင် အုပ်စု၏ ဆောင်ရွက်ချက်များကို တပ်မတော်က တော်လှန်ခြင်း သို့မဟုတ် ခုခံခြင်းများ ပေါ်ပေါက်လာပါက ၎င်းတို့ကို နှိမ်နင်းရန် ရန်ကုန်မြို့၌ စုစည်းထားပြီးဖြစ်သော နု-တင်အုပ်စု၏ လက်နက်ကိုင်တပ်များအား အသုံးပြုသွားမည်ဖြစ်သည်။ အမှန်တကယ် အားပြိုင်မှု ပေါ်ပေါက်လာပါက တပ်မတော်မှ ၎င်းတို့ဘက်သို့ အချို့ ကူးပြောင်းလာကြလိမ့်မည်ဟုလည်း နု-တင်အုပ်စုက မျှော်လင့်ထားခဲ့ကြသည်။

တပ်မတော် ထောက်လှမ်းရေးသည် ဤအစီအစဉ်များကို သိရှိကြသည်။ ထို့ပြင် နု-တင်အုပ်စုက ၎င်းတို့၏ ဘက်တော်သားဟု ထင်မှတ်ထားကြသည့် တပ်မတော် အရာရှိအချို့က နု-တင်အုပ်စု၏ စီစဉ်ဆောင်ရွက်ချက်နှင့် အစီအစဉ်များကို စစ်ဌာနချုပ်သို့ ထုတ်ဖော်တင်ပြခဲ့ကြသည်။ တပ်မတော်ကလည်း အဆိုးရွားဆုံး အခြေအနေ ဖြစ်ပေါ်လာပါက အသင့်ရှိရန် တန်ပြန် လှုပ်ရှားမှုများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ တပ်ဖွဲ့များ အားလုံးကို တပ်လှန့်ထားခဲ့သည်။

ပြည်တွင်း၌ တိုက်ခိုက်မှုများ ပေါ်ပေါက်လာပါက ပြည်ပမှ အခွင့်ကောင်းယူ၍ တိုက်ခိုက်လာမည့်အရေးကို ကာကွယ်နိုင်ရန် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကို အင်အား ဖြည့်တင်းခဲ့သည်။ နု-တင် ခေါင်းဆောင်များ၏ အင်အားတောင့်တင်းသော နယ်များ၌လည်း အထူးတင်ကြို ပြင်ဆင်မှုများကို ပြုလုပ်ထားခဲ့သည်။

ထိုအတောအတွင်း စစ်ရဲတပ်ဖွဲ့များ၏ လှုပ်ရှားမှုများကို တပ်မတော်က ထောက်လှမ်းသိရှိခဲ့သည်။ စစ်ရဲတပ်အင်အားစုများသည် ၎င်းတို့၏ တပ်စွဲရာ နေရာများမှ နယ်မြေမှူးများ ဖြစ်ကြသော ဗိုလ်မှူးကြီးများနှင့် ဗိုလ်မှူးချုပ်များအား အသိမပေးဘဲ ပြောင်းရွှေ့ ထွက်သွားကြသည်။ နေရာ အများအပြားတွင် တပ်များ တိတ်တဆိတ် ထွက်ခွာသွားခြင်းကြောင့် လစ်လပ်သွားသည့် နေရာများအား သူပုန်များက ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ ဤကဲ့သို့ သူပုန်များ ဝင်ရောက် တိုက်ခိုက်မှုကြောင့်လည်း ယင်းဒေသရှိ စစ်ရဲများ လျှို့ဝှက် ထွက်ခွာသွားကြောင်း သိရှိရသည်။

စစ်ရဲတပ်ဖွဲ့များကို တာဝန်ယူရသော ရဲမင်းကြီးမှာလည်း ၎င်း၏တပ်ဖွဲ့များ လျှို့ဝှက်စွာ ဆုတ်ခွာသွားမှုကို မသိရှိခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် ဤကိစ္စကို အထက်အာဏာပိုင်များ၏ နှုတ်အမိန့်အရ ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်သည်။

## အပြီးသတ် လှုပ်ရှားမှုနှင့် တန်ပြန် ဆောင်ရွက်ချက်များ

စက်တင်ဘာလ ၂၂ ရက်တွင် လုံခြုံရေးအတွက် လက်နက်ကိုင် တပ်ဖွဲ့များ အားလုံး၏ လှုပ်ရှားမှုများကို တားဆီး ကာကွယ်ရန် တပ်မတော်က စတင်ဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့သို့အဝင် အချက်အချာကျသောလမ်းများကို ပိတ်ဆို့ စစ်ဆေးခဲ့သည်။

တပ်ဖွဲ့အများစုမှာ ရန်ကုန်မြို့နှင့် မိုင် ၂၀ အကွာ ထောက်ကြန့်ဂိတ်၌ စစ်ရဲများ၏ လက်နက်များ သိမ်းဆည်းခံခဲ့ရသည်။ ယင်းတပ်ဖွဲ့များသည် ခရီးသွားလာခွင့် အမိန့်မပါရှိဘဲ ရန်ကုန်သို့ ဝင်လာသောကြောင့် လက်နက် အသိမ်းခံရပြီး မူလ နေရာသို့ ပြန်သွားစေခဲ့သည်။

လှည့်ကင်းတာဝန်ဖြင့် လက်နက်အပြည့်အစုံ တပ်ဆင်ထားသော တောင်တွင်းကြီးမြို့မှ စစ်ရဲတပ်ဖွဲ့တခု၏ လှုပ်ရှားမှုမှာ ထူးထူးခြားခြား ဖြစ်ခဲ့သည်။ မိုင် ၂၀၀ ဝေးသော ရန်ကုန်မြို့အထိ ယင်းစစ်ရဲတပ်ဖွဲ့၏ လှုပ်ရှားရာ နယ်နိမိတ်မှာ မကျယ် ဝန်းနိုင်ကြောင်း တပ်မတော် လုံခြုံရေးအဖွဲ့အစည်းများက သဘောပေါက် နားလည်ထားကြသည်။ ယင်းသို့ဖြင့် ၎င်းစစ်ရဲ တပ်ဖွဲ့ထံမှ လက်နက်များကို သိမ်းယူကာ တောင်တွင်းမြို့သို့ ပြန်ရန် တပ်မတော်က အမိန့်ပေးခဲ့သည်။

သို့ရာတွင် ထိုအချိန်က စစ်ရဲတပ်သား ၅၀၀ ထက်မနည်း ရန်ကုန်မြို့သို့ ရောက်ရှိနေပြီဖြစ်သည်။ ၎င်းတို့သည် အစောပိုင်းကပင် မီးရထား၊ မော်တော်ကားတို့ဖြင့် အရပ်ဝတ်များ ဝတ်ဆင်ကာ ရောက်ရှိလာခဲ့ကြသည်။ သူတို့သည် မိမိတို့ လက်နက်များကို ယူဆောင်လာရန် မလိုအပ်ခဲ့ပါ။ လိုအပ်သော လက်နက်များကို ရန်ကုန်မြို့ရှိ လက်နက်တိုက်မှ အလုံ အလောက် ထုတ်ယူနိုင်မည် ဖြစ်သည်။

စစ်ရဲတပ်ဖွဲ့များမှာ ပြည်ထဲရေးဝန်ကြီး ဗိုလ်မင်းခေါင်၏ တိုက်ရိုက် ချုပ်ကိုင်မှုအောက်၌ ရှိနေသည်။ အချိန်ကျသောအခါ အသုံးပြုနိုင်ရန် အတွက် ဝိုင်ယာလက်စက် ၄၂ လုံးကို အစောပိုင်းကပင် တရားမဝင် ထုတ်ပေးထားပြီး ဖြစ်သည်။

ထို့ပြင် န-တင်အုပ်စု၏ အမာခံစခန်းများ၌ လက်နက် အပြည့်အစုံ တပ်ဆင်ထားသော ပိုမိုအင်အားကြီးမားသည့် ပြူစောထီး တပ်များလည်း ရှိနေသည်။ သာယာဝတီ ခရိုင်တွင် ပြူစောထီး ၅,၀၀၀ ခန့်၊ အင်းစိန်တွင် ၃,၀၀၀ ခန့်နှင့် ပြည်ခရိုင်တွင် ၂,၅၀၀ ခန့် ရှိနေကြသည်။ ယင်းအင်အားများကို လူနှင့် လက်နက်အင်အား ထပ်မံလိုအပ်ပါက ဖြည့် တင်းပေးရန် န-တင်အုပ်စုက သတ်မှတ် လျာထားခဲ့ကြသည်။

စက်တင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်နှင့် အင်းစိန်နယ်မြေရှိ အချက်အချာကျသော နေရာအားလုံးကို တပ်မတော် လုံခြုံရေးတပ်ဖွဲ့များက အနီးကပ် စောင့်ကြည့်နေခဲ့သည်။ မြို့တွင်းရှိ ရဲနှင့် စစ်ရဲ လက်နက်တိုက်များ အားလုံးကိုလည်း တပ်မတော်က စောင့်ကြပ်လျက် ရှိသည်။ ရေတပ်မတော်က မြစ်ကြောင်းတလျှောက် လုံခြုံရေးကို စောင့်ကြပ်လျက်ရှိပြီး လေဆိပ်ကိုလည်း လေတပ်က တာဝန်ယူထားသည်။ လမ်းခွဲများနှင့် လမ်းဆုံ လမ်းခွများကို ပိတ် ထားပြီး ဖြတ်သန်းသွားလာသူများကို စေ့စေ့စပ်စပ် ရှာဖွေခဲ့ကြသည်။ ဂျပန်နိုင်ငံမှ (ကယားပြည်နယ် ဝန်ကြီး) စဝ်ဝဏ္ဏ ဝယ်ယူခဲ့သော ရဟတ်ယာဉ်ကိုလည်း ယူဘီအေ လေယာဉ်ပျံ ဂိုဒေါင်မှ လေတပ်သို့ ပြောင်းရွှေ့ထားခဲ့သည်။

(၁၀၆) တပ်ရင်းသည် န-တင်အုပ်စု၏ အခိုင်အမာ စခန်းတခုဖြစ်သော အင်းစိန်မြို့တွင်းသို့ ဝင်ရောက်ကာ ၎င်းမြို့၏ လုံခြုံရေးကို တာဝန်ယူခဲ့သည်။ ညပိုင်း၌ ရှာဖွေမှုများကို တင်းကြပ်စွာ ဆောင်ရွက်ခဲ့ပြီး တဦးစီကို စေ့စေ့စပ်စပ် ရှာဖွေခဲ့ သည်။

ပတ်ဝန်းကျင် အခြေအနေသည် လွန်စွာတင်းမာနေပြီး နေရာတကာတွင် လျှို့ဝှက်မှုများဖြင့် လွှမ်းမိုးနေသည်။ တရားဝင် အကြောင်းပြချက်မှာ လုံခြုံရေးအတွက် ဖြစ်သော်လည်း ဤလုံခြုံရေး အစီအစဉ်များကို မည်သည့်အတွက်ကြောင့် ဆောင်ရွက်ခဲ့ကြောင်းကို မည်သူမျှ တိတိကျကျ မသိခဲ့။ ကောလာဟလ သတင်းများ ပျံ့နှံ့နေမှုကြောင့်လည်း စိတ်ပူ နေကြသည်။

အမှန်စင်စစ်အားဖြင့် အခြေအနေသည် တပ်မတော်နှင့် န-တင်အုပ်စုမှ လုံခြုံရေးအတွက် တပ်အင်အားများ အပြန် အလှန် တိုးချဲ့ထားခြင်းကြောင့် ပိုမို၍ တင်းမာလာခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်က အာဏာရနေသော ပါတီသည်

ဝင်ဒါမီယာ ဝန်ကြီးများ ဝင်းအတွင်း၌ လက်နက်ကိုင်တပ်ဖွဲ့ ၄၀၀ ခန့်ကို တပ်စွဲထားခဲ့သည်။ ယင်းတပ်ဖွဲ့၌ သစ်တောကာကွယ်ရေးတပ်ဖွဲ့၊ ကယားတပ်နှင့် နယ်များမှခေါ်ယူထားသော လက်ရွေးစင် ပြူစောထီးတပ်သားများ ပါဝင်ကြသည်။

## ဦးနု ပြန်ရောက်လာပြီ

ဤကဲ့သို့ ပေါက်ကွဲလုနီးအချိန်တွင် ဦးနုသည် အထက်မြန်မာနိုင်ငံသို့ ခရီးလှည့်လည်ရာမှ ပြန်လည် ရောက်ရှိခဲ့ပါသည်။ သူစီးလာသော သင်္ဘောကို တွံတေးတူးမြောင်းအတွင်း၌ ရေတပ်က အစောင့်အရှောက် များစွာဖြင့် ကြိုဆိုခဲ့ပါသည်။ ထိုနေ့က မွန်းလွဲပိုင်း ၂ နာရီခန့်တွင် ရောက်ရှိလာပြီးနောက် နာရီအနည်းငယ် အကြာတွင် ဝန်ကြီးအဖွဲ့အစည်းအဝေး ကျင်းပခဲ့သည်။ ဦးနု၏ ရည်ရွယ်ချက်မှာ ဥပုသ်ဆောင်ဝင်၍ တရားထိုင်ရန် ဖြစ်ပါသည်။

ကောလာဟလ သတင်းများ ပေါ်ထွက်နေသည်မှာ နု-တင်အုပ်စုနှင့် တပ်မတော်အကြား တိုက်ပွဲများ ဖြစ်ပွားလာပါက ဦးနုအား နိုင်ငံခြားသို့ စေလွှတ်ရန် စီစဉ်ထားသည်ဟု ဆိုပါသည်။ ဤကိစ္စအတွက် ယူဘီအေ လေယာဉ်တစီးကို အသင့်ပြင်ဆင်ထားကာ ဦးနုအား ဘင်္ဂလား ပင်လယ်အော်ကို ဖြတ်၍ အိန္ဒိယနိုင်ငံသို့ ပို့ရန် စီစဉ်ခဲ့သည်ဟု ဆိုသည်။

## အာဏာသိမ်းရန် ကြံစည်နေသလော

ဝန်ကြီးအဖွဲ့ အစည်းအဝေး၌ ဗိုလ်မင်းခေါင်နှင့် ဗိုလ်မှူးအောင်တို့က ဦးနုအား တပ်မတော်သည် ထိုညတွင် အာဏာသိမ်းယူရန် ကြံစည်နေကြောင်း ပြောကြားခဲ့ကြသည်။ ဦးနုက ဝန်ကြီးနှစ်ဦးအား ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တွေ့ဆုံရန် စေလွှတ်ခဲ့ရာ ဗိုလ်ချုပ်ကြီး နေဝင်းသည် ဧည့်ခံပွဲတခုသို့ တက်ရောက်နေသဖြင့် မတွေ့ခဲ့ရပါ။ နောက်နေ့တွင် ဝန်ကြီးနှစ်ဦးက ဗိုလ်ချုပ်ကြီးနေဝင်းအား တွေ့ဆုံသောအခါ ယင်းကဲ့သို့ အစီအစဉ်ရှိသည်ဟု မိမိ မသိရကြောင်း အခြေအနေကို ရှင်းလင်းတင်ပြရန်အတွက် ဦးနုထံ တယောက်ယောက်ကို စေလွှတ်မည်ဖြစ်ကြောင်းဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းက ကတိပြု ပြောကြားခဲ့သည်။[၁၂]

၎င်းနေ့ညနေမှာပင် ဗိုလ်မှူးကြီး မောင်မောင်သည် ဦးနုအား သွားရောက် တွေ့ဆုံကာ အခြေအနေကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ဗိုလ်မှူးကြီး မောင်မောင်က ဦးနုအား လျှို့ဝှက်ကြံစည်မှုများကြောင့် တပ်မတော်နှင့် အာဏာရပါတီတို့အကြား တင်းမာမှုများ ပေါ်ပေါက်လာခဲ့ကြောင်း၊ ဦးနုအုပ်စုမှ ခေါင်းဆောင်အချို့က တပ်မတော် ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ရန် စီစဉ်နေကြကြောင်း၊ အခြေနေမှာ ထိန်းသိမ်းမရလောက်အောင် ဆိုးရွားနေပြီး တပ်မတော်သည် မိမိကိုယ်ကို နု-တင်အုပ်စု၏ အတိုက်အခိုက် မခံရစေရန်နှင့် ကွန်မြူနစ်များ၏ အန္တရာယ်ကို ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ထားကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ဗိုလ်မှူးကြီးမောင်မောင်၏ အခြေအနေကို ပွင့်လင်းစွာ အစီရင်ခံ တင်ပြမှုက ဦးနုအား ပိုမို၍ စိတ်ပူပန်စေခဲ့သည်။ နောက်တနေ့တွင် (စက်တင်ဘာလ ၂၄ ရက်) ပင် ခရီးထွက်ရာမှ ပြန်ရောက်လာသော ဗိုလ်မှူးကြီး အောင်ကြီးနှင့် ဗိုလ်မှူးကြီး မောင်မောင်တို့က ဦးနုအား ပေါက်ကွဲလုနီးပါး အခြေအနေကို ထပ်မံ အစီရင်ခံ တင်ပြခဲ့ပြီး အခြေအနေကို ထိန်းသိမ်းရေးအတွက် သူတို့ အစွမ်းကုန် ကြိုးပမ်းပါမည်ဟု ကတိပြုခဲ့ကြသည်။

သို့ရာတွင် ၎င်းတို့က ဦးနုအား မိမိတို့က စတင်၍ တိုက်ခိုက်မည် မဟုတ်သော်လည်း တိုက်ခိုက်ခြင်းခံရပါက သည်းခံ လိမ့်မည်မဟုတ်ကြောင်း ရှင်းလင်းတင်ပြခဲ့ကြပါသည်။ စိတ်ရှုပ်ထွေးနေသော ဦးနုက ဗိုလ်မှူးကြီးနှစ်ဦးအား အုပ်ချုပ်ရေးကို တာဝန်ယူကာ စစ်အုပ်ချုပ်ရေး ကြေညာရန် ပန်ကြားခဲ့ပါသည်။ သို့ရာတွင် ဗိုလ်မှူးကြီးနှစ်ဦးက စစ်တပ်က အာဏာသိမ်းယူရေးကို မလိုလားဘဲ စစ်အုပ်ချုပ်ရေး ကြေညာခြင်းကိုလည်း သဘောမကျကြောင်းဖြင့် ဖြေကြားခဲ့ကြသည်။

---

[၁၂] အဲဒီနေ့ညမှာ အာဏာသိမ်းမယ်လို့ သတင်းရထားကြောင်း ပြည်ထဲရေးဝန်ကြီး ဗိုလ်မင်းခေါင်က ဦးနုကို အစီရင်ခံတယ်။ ဦးနုက စစ်တပ်က ဗိုလ်မှူးချုပ် မောင်မောင်နဲ့ ဗိုလ်မှူးချုပ် အောင်ကြီးကို မတွေ့တွေ့အောင်ရှာပြီး ခေါ်ခဲ့ဖို့ ဝန်ကြီး ဗိုလ်မင်းခေါင်ကို စေခိုင်းခဲ့တယ်။ ဒါပေမဲ့ အဲဒီနေ့ ညနေ ၆ နာရီလောက်မှာ ဗိုလ်မင်းခေါင်က သူတို့ ၂ ဦးကို ဘယ်လိုမှ တွေ့အောင်ရှာမရတဲ့အကြောင်းနဲ့ အာဏာသိမ်းဖို့အတွက် မန္တလေးမှာထားတဲ့ တပ်ရင်းတရင်းဟာ ရန်ကုန်ကို ရောက်မလာသေးတဲ့အတွက် အဲဒီနေ့ညမှာ အာဏာမသိမ်းဖြစ်ဘူးလို့ ဝန်ကြီးချုပ်ကို ပြန်အစီရင်ခံခဲ့ကြောင်း ရေးသားထားတယ်။ *(ဦးနုကိုယ်တိုင် ရေးသားခဲ့တဲ့ သူ့ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ် "တာတေစနေသား"၊ ၁၉၉၉ ခုနှစ်၊ ဒုတိယ အကြိမ်၊ ရွှေဝတီ စာပေတိုက်၊ နယူးဒေလီမြို့၊ စာမျက်နှာ (၃၀၁)၊ နဝမပိုဒ်နဲ့ ဒသမပိုဒ်) [မြန်မာ အိုင်အက်စ်ပီ ဖြည့်စွက်ချက်]*

ထို့နောက် ဦးနုက ဗိုလ်မှူးကြီး နှစ်ဦးအား အခြေအနေ ထိန်းမနိုင်သိမ်းမရ ဖြစ်လာပါက ၎င်းအား အသိပေး အကြောင်းကြားရန်နှင့် သူ့အနေနှင့်လည်း လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေးနွေးရန် ကတိပြုခဲ့သည်။

ဗိုလ်မှူးကြီးနှစ်ဦးက ဝန်ကြီးချုပ်ဦးနုအား နိုင်ငံတော်နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ် စောင့်ရှောက်ရန် တာဝန်ယူထားရသော တပ်မတော် အရာရှိများသည် အာဏာရရှိနေသော ပါတီက ၎င်းတို့၏ နိုင်ငံရေး အကျိုးစီးပွားအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေကြသည့်အတွက် စိတ်မချမ်းမြေ့ကြကြောင်းကို ထုတ်ဖော်ပြောခဲ့သည်ဟု ဆိုသည်။ ထို့ပြင် အကြမ်းဖက်မှု ဖြစ်ပွားမည်ကို တပ်မတော်က တားဆီးကာကွယ်နေချိန်တွင် ဘတ်ဂျက်ဥပဒေကြမ်း တင်သွင်းရေးအတွက် ပါလီမန် အစည်းအဝေးကို ခေါ်ယူကျင်းပခြင်းသည် နိုင်ငံရေး တင်းမာနေမှုကို လျော့ပါးစေမည့် လုပ်ဆောင်ချက်တရပ် ဖြစ်နိုင်သည်ဟု ဗိုလ်မှူးကြီးနှစ်ဦးက ဦးနုအား အကြံပြု တင်ပြခဲ့သည်ဟု ဆိုသည်။[၁၃]

ဦးနု၏ ဘဝတွင် ဤအချိန်သည် အရေးအကြီးဆုံးကာလ ဖြစ်နေသည်။ ၎င်း၏ ဆုံးဖြတ်ချက်ပေါ်တွင် နိုင်ငံ၏ ကံကြမ္မာတည်နေသည်။ လက်ရှိဖြစ်ပွားနေသော အခြေအနေများအရ နိုဝင်ဘာလတွင် စီစဉ်ထားသော အထွေထွေရွေးကောက်ပွဲ ကျင်းပရန် မဖြစ်နိုင်တော့ကြောင်း ကောင်းစွာ သဘောပေါက်ခဲ့သည်။ အခြေအနေများ ပိုမိုယိုယွင်းလာမည် ဆိုပါကလည်း သွေးချောင်းစီးစေမည့် ဆိုးရွားသော အကျိုးဆက်များ ပေါ်ပေါက်လာမည်ကိုလည်း သိမြင်ခဲ့သည်။ ထို့ကြောင့် ဦးနုသည် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရအား ငြိမ်ဝပ်ပိပြားမှု ပြန်လည်ရရှိရေးနှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပေးရေးအတွက် အုပ်ချုပ်မှုအာဏာကို လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့သည်။

စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဦးနုသည် ၎င်း၏ အမာခံများနှင့် အကြိတ်အနယ် ဆွေးနွေးခဲ့သည်။ ၎င်းက မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့ အင်အားကို တပ်မတော်၏ အင်အားနှင့် ယှဉ်ပြိုင်အန်တုရန် ကြိုးစားခြင်းသည် မိုက်မဲရာ ကျကြောင်းဖြင့် ရှင်းလင်း ပြောပြခဲ့သည်။ ထို့ပြင် နိုင်ငံရေးအရလည်း ၎င်းလုပ်ရပ်မှာ မိမိသေတွင်း မိမိတူးရာ ကျလိမ့်မည်ဖြစ်ကြောင်း ဝေဖန်ခဲ့သည်။ မိမိ တင်ပြသော နည်းလမ်းမှာ အခြေအနေများ ကောင်းမွန်သွားသောအခါ နိုင်ငံရေး အာဏာ ပြန်လည်ရယူနိုင်ရန် အခွင့်အလမ်း သာစေမည်ဟုလည်း ရှင်းလင်း တင်ပြခဲ့သည်။

ဦးနု၏ ရဲဘော်များသည် အလွယ်တကူဖြင့် ၎င်း၏ တင်ပြချက်ကို သဘောပေါက်ကြသော်လည်း နောက်ဆုံးတွင် ယင်း၏ အကြံပြုချက်ကို လက်ခံခဲ့ကြသည်။ ဦးနု၏ ရဲဘော်တဦးက ၎င်း၏ မိတ်ဆွေတဦးအား "မိမိတို့သည် ပြည်သူများအတွက် မိမိတို့၏ အခွင့်အရေးကို စွန့်လွှတ် အနစ်နာခံခဲ့ကြကြောင်း ပြန်လည်၍ အနိုင်ရရှိနိုင်သော အနေအထားတွင်လည်း ရှိနေကြောင်း" ဖြင့် နောင်အခါ၌ ဖွင့်ဟပြောကြားခဲ့သည်။

[၁၃] ဦးနု ကိုယ်တိုင် ရေးသားခဲ့တဲ့ သူ့ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ် "တာတေစနေသား"၊ ၁၉၉၉ ခုနှစ်၊ ဒုတိယ အကြိမ်၊ ရှောဝတီစာပေတိုက်၊ နယူးဒေလီမြို့၊ ထဲမှာတော့ ဗိုလ်မှူးချုပ်မောင်မောင်နဲ့ ပထမတကြိမ် တွေ့ပြီး နောက်တရက်မှ ဗိုလ်မှူးချုပ် အောင်ကြီးနဲ့အတူ ဗိုလ်မှူးချုပ်မောင်မောင်ကို ထပ်တွေ့ကြတာ မဟုတ်ဘဲ၊ နှစ်ဦးလုံးကို မနက်မှာတကြိမ်၊ ညနေမှာတကြိမ် တနေ့တည်းမှာ (၂) ကြိမ် တွေ့ဆုံ ဆွေးနွေးခဲ့တာဖြစ်ပြီး၊ စစ်တပ်အား အာဏာမသိမ်းရန် ပြောပြီး၊ ဘယ်လို အာဏာလွှဲပြောင်းပေးခဲ့တယ် ဆိုတာကို အောက်ပါအတိုင်း ထုတ်ဖော်ရေးသားခဲ့တယ်။ *(စာမျက်နှာ (၁၀၂)၊ စတုတ္ထအပိုဒ်)*

"နောက်နေ့ မနက် ၉ နာရီလောက်မှာ ဗိုလ်မှူးချုပ်အောင်ကြီးနဲ့ ဗိုလ်မှူးချုပ်မောင်မောင်တို့ ဝန်ကြီးချုပ်ကို လာတွေ့တယ်။ တွေ့တွေချင်း အချိန်ဖြုန်းမနေဘဲ ဝန်ကြီးချုပ်က အာဏာ မသိမ်းကြနဲ့ အာဏာသိမ်းတာဟာ စစ်တပ်လည်း နာမည်ပျက်တယ်၊ တိုင်းပြည်လည်း နာမယ်ပျက်တယ်၊ အဲဒီတော့ နောက် ၆ လကြာရင် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးပါ့မယ်လို့ စစ်တပ်က ကတိပြုရင် စစ်တပ်ကို သူ အာဏာလွှဲပေးမယ်။ x x x သူ ဝန်ကြီးချုပ် ရာထူးက ထွက်ပြီး လွှတ်တော်က ဗိုလ်ချုပ်ကြီးနေဝင်းကို ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်အောင် သူ အဆိုတင်သွင်းမယ်လို့ ပြောပြီး သူပြောတဲ့အချက်ကို ဝန်ကြီးချုပ် ဦးနုက စာရွက်တရွက်ပေါ်မှာ ရေးပေးလိုက်တယ်။ ဗိုလ်မှူးချုပ်အောင်ကြီးနဲ့ ဗိုလ်မှူးချုပ်မောင်မောင်တို့ဟာ 'ဗိုလ်ချုပ်နေဝင်းကို မေးပါရစေဦး' ဆိုပြီး ဦးနုပေးတဲ့ စာရွက်ကို ယူသွားတယ်။ ညနေ ၂ ချက်တီးလောက် ရှိတဲ့အခါ သူတို့ ပြန်လာကြပြီး ဗိုလ်ချုပ်ကြီးနေဝင်းက သဘောတူပါတယ်လို့ စကားပြန်တယ်" *[မြန်မာ အိုင်အက်စ်ပီ ဖြည့်စွက်ချက်]*

## စာနှစ်စောင်

ဦးနုသည် ၎င်း၏ရောင်းရင်းများအား မိမိ၏အကြံပြုချက်ကို လက်ခံရန် ဆွေးနွေးမှု အောင်မြင်ပြီးနောက် စက်တင်ဘာလ ၂၆ ရက်နေ့ နံနက် ၁၀ နာရီတွင် တပ်မတော် ခေါင်းဆောင်များအား ၎င်း၏ နေအိမ်သို့ လာရောက်ကြရန် ဖိတ်ကြားခဲ့ပါသည်။ ယင်းသို့ ဖိတ်ကြားခဲ့ခြင်းမှာ နိုင်ငံ၏ အုပ်ချုပ်ရေး အာဏာကို ဗိုလ်ချုပ်ကြီး နေဝင်းထံ လွှဲပြောင်းနိုင်ရေး အတွက် ဦးနုနှင့် ဗိုလ်ချုပ်ကြီး နေဝင်းတို့၏ တရားဝင်ပေးစာများကို လက်မှတ် ရေးထိုးကြရန် ဖြစ်သည်။

ဦးနုသည် ၎င်း၏ပေးစာနှင့် ဗိုလ်ချုပ်ကြီးနေဝင်း၏ ဗိုလ်မှူးကြီးတင်ဖေ၊ ဗိုလ်မှူးကြီးအောင်ကြီးနှင့် ဗိုလ်မှူးကြီးမောင်မောင်တို့သည် ဦးနု၏ နေအိမ်သို့ ၎င်း၏ ဖိတ်ကြားချက်အရ ရောက်ရှိလာခဲ့သည်။ ဦးနုက ၎င်းတို့အား စာမူကြမ်းများကို ပြသသောအခါ ပြင်ဆင်ဖြည့်စွက်ချက် အနည်းငယ် ပြုလုပ်ပြီးနောက် ဗိုလ်ချုပ်ကြီးနေဝင်း လက်မှတ်ရေးထိုးရမည့်စာကို လက်မှတ်ထိုးရန်အတွက် ယူသွားခဲ့ပါသည်။ အောက်ပါတို့မှာ စာနှစ်စောင် ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်

နေ့စွဲ။ ။ ၁၉၅၈ ခု၊ စက်တင်ဘာလ ၂၆ ရက်

စာရေးလိုက်ပါသည် ဗိုလ်ချုပ်နေဝင်း

(၁) ဗိုလ်ချုပ်နေဝင်း ကိုယ်တိုင် ဝန်ကြီးချုပ်အဖြစ်ဖြင့် အစိုးရအဖွဲ့သစ်တဖွဲ့ကို ဖွဲ့စည်းပြီးလျှင် ၁၉၅၉ ခု၊ ဧပြီလ မကုန်မီအတွင်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးကို ကျင်းပနိုင်အောင် လိုအပ်သည့် အစီအစဉ်များကို ဆောင်ရွက်ပေးရန် ဖဆပလ (သန့်ရှင်း) ဗဟိုကော်မတီက အထူးလိုလားချက် ရှိပါသည်။

(၂) ဤလိုလားချက်အတိုင်း ဗိုလ်ချုပ်နေဝင်းက ဝန်ကြီးချုပ်ရာထူးကို လက်ခံနိုင်ပါမည်ဆိုလျှင် အောက်ပါ အစီအစဉ်များကို စီစဉ်ပေးလိုသည်။

(က) ၁၉၅၈ ခု၊ အောက်တိုဘာလ ၂၈ ရက် အင်္ဂါနေ့တွင် ပြည်သူ့လွှတ်တော်နှင့် လူမျိုးစု လွှတ်တော်တို့ကို ဆင့်ခေါ်ရန် နိုင်ငံတော် သမ္မတအား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ (၅၇) အရ ကျွန်တော် အကြံပေးမည်။

(ခ) ပြည်သူ့လွှတ်တော် စတင်ကျင်းပမည့်နေ့တွင် ကျွန်တော် ဝန်ကြီးချုပ် ရာထူးက နုတ်ထွက်မည်။

(ဂ) ဤသို့ နုတ်ထွက်ပြီးသည့်နောက် ဗိုလ်ချုပ်နေဝင်းကို ဝန်ကြီးချုပ်အဖြစ် ပြည်သူ့လွှတ်တော်က ရွေးကောက် တင်မြှောက်ရန် ကျွန်တော် အဆိုတင်သွင်းမည်။

(၃) ဗိုလ်ချုပ်နေဝင်း၏ အစိုးရအဖွဲ့တွင် ဖဆပလ (သန့်ရှင်း) အဖွဲ့ဝင်များကို ထည့်ပေးရန် မလိုပါ။

(၄) ဗိုလ်ချုပ်နေဝင်း ဦးစီး၍ ကျင်းပပေးရမည့် အထွေထွေ ရွေးကောက်ပွဲကြီးကို လွတ်လပ်၍ တရားမျှတသော အထွေထွေ ရွေးကောက်ပွဲကြီး ဖြစ်စေရန်အတွက် အမှုထမ်း အရာထမ်းများအားလည်းကောင်း၊ လက်နက်ကိုင် အဖွဲ့အစည်းများအားလည်းကောင်း မိမိတို့၏ တာဝန်ဝတ္တရားကို ဆောင်ရွက်ခြင်းမှအပ နိုင်ငံရေး နယ်ပယ်အတွင်းသို့ ကျူးကျော်ဝင်ရောက်မှုများ အလျှင်းမရှိရလေအောင် ထိန်းသိမ်း စောင့်ရှောက် ပေးစေလိုသည်။

(၅) လက်နက်ကိုင် အဖွဲ့အစည်းများသည် များသောအားဖြင့် စည်းကမ်းသေဝပ်မှု ရှိကြသော အဖွဲ့အစည်းများ ဖြစ်ကြသည်ကို ကျွန်တော် ခရီးထွက်စဉ် လက်နက်ကိုင် အဖွဲ့အစည်းအချို့၏ ဖိနှိပ်ချုပ်ချယ်မှုများ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် သတ်ဖြတ်မှုများကို နေရာခပ်များများတွင် ခံရသူကာယကံရှင်များ ကိုယ်တိုင် ဒဏ်ရာများကို ပြ၍ တဖုံ၊ မျက်ရည်စက်လက်နှင့် တမျိုး၊ ဝမ်းနည်း ကြေကွဲဖွယ်ရာ တိုင်တမ်းကြပါသည်။ ဤ အဓမ္မမှုများကို ဗိုလ်ချုပ်နေဝင်း၏ အစိုးရအဖွဲ့က အထူးဦးစားပေး၍ နှိပ်ကွပ်ပေးစေလိုသည်။

(၆) မုဒိန်းမှု၊ လုယက်မှု၊ ဓားပြမှု၊ လူသတ်မှုများ ဖြစ်ကြသော ရာဇဝတ်မှုများကိုလည်း ဗိုလ်ချုပ်နေဝင်း၏ အစိုးရအဖွဲ့က အထူးဦးစားပေး၍ နှိပ်ကွပ် ပေးစေလိုသည်။

(၇) ကမ္ဘာဦးသူ ကမ္ဘာဦးသားတို့က နေလနှစ်ပါးကို မျှော်လင့် တောင့်တဘိသကဲ့သို့ ပြည်ထောင်စုသူ ပြည်ထောင်စုသား အားလုံးတို့သည် ပြည်တွင်းငြိမ်းချမ်းရေးအား အထူးမျှော်လင့် တောင့်တလျက် ရှိသည်ကို ဗိုလ်ချုပ်နေဝင်းကိုယ်တိုင် ကောင်းစွာ သိရှိပြီးဖြစ်သဖြင့် ဤကိစ္စနှင့် ပတ်သက်၍ ကျွန်တော် အကျယ်ချဲ့၍ ပြောနေစရာ မလို။ ထို့ကြောင့် ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်သည့် အစိုးရ လက်ထက်တွင် ဤငြိမ်းချမ်းရေး အောင်ပန်းကို ရာခိုင်နှုန်းအပြည့် ဆွတ်ခူးပေးရန် ကျွန်တော် အထူး မေတ္တာရပ်လိုပါသည်။

(၈) နိုင်ငံခြားရေးတွင်လည်း ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်သည့် အစိုးရအဖွဲ့သည် တည့်မတ်စွာ ကြားနေရေး ဝါဒကို ဆက်လက်ကျင့်သုံးရန်ကိုလည်း ကျွန်တော် အထူး တိုက်တွန်းလိုသည်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေ။

ပုံ<br>ဦးနု<br>ဝန်ကြီးချုပ်

**ကာကွယ်ရေး ဝန်ကြီးဌာန၊**
**ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)**

နေ့စွဲ။ ။ ၁၉၅၈ ခု၊ စက်တင်ဘာလ ၂၆ရက်

(၁) ကျွန်တော်သည် ဤမျှကြီးလေးသော တာဝန်ကြီးကို ထမ်းဆောင်ရန် များစွာ ဦးလေးပါသည် ခင်ဗျား။ သို့သော် ဝန်ကြီးချုပ်၏ စေတနာကို လေးစားပါသောကြောင့် ဝန်ကြီးချုပ်က လိုအပ်၍ ဤတာဝန်ကို ထမ်းဆောင်မှ သင့်လျော်မည်ဆိုလျှင် ကျွန်တော် အစွမ်းကုန်ကြိုးစား၍ နိုင်ငံတော်ကို ထိန်းသိမ်းပါမည်။ သို့သော် ကျွန်တော် တိုင်းပြည် အုပ်ချုပ်မှု တာဝန်ကြီးကို လုပ်ကိုင်ခဲ့ဖူးခြင်းလည်း မရှိ၊ လုပ်ကိုင်မည်ဟုလည်း မည်သည့်အခါမှ မရည်ရွယ်ခဲ့၊ လုပ်ရအံ့ဟု လည်း မည်သည့်အခါမှ မစဉ်းစားခဲ့ဖူးပါသဖြင့် ကျွန်တော်သည် ရိုးသားဖြူစင်စွာ ဤတာဝန်ကြီးကို ထမ်းဆောင်ရာတွင် ချွတ်ယွင်းချက်များ ရှိပါလျှင် ခွင့်လွှတ်နိုင်မည်ဟု ယူဆပါသည်။ ခွင့်လွှတ်ပါရန်လည်း တောင်းပန်ပါသည်။

(၂) ပြည်သူ့ လွှတ်တော်က ကျွန်တော့်အား ဝန်ကြီးချုပ်အဖြစ် ရွေးကောက် တင်မြှောက်ပါလျှင် ၁၉၅၉ ခု၊ ဧပြီလ မကုန်မီ လွတ်လပ်၍ တရားမျှတသော အထွေထွေ ရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ရန်အတွက် လိုအပ်သော အစီအစဉ်များကို အစွမ်းကုန် ဆောင်ရွက်ပေးပါမည်ဟု ကျွန်တော် ကတိပြုပါသည်။

(၃) ကျွန်တော် အစိုးရအဖွဲ့အသစ်ကို ဖွဲ့စည်းရလျှင် ၎င်းအဖွဲ့သစ်တွင် ပြည်နယ်များနှင့် ချင်းအထူးဝိသေသ တိုင်းတို့မှ သင့်လျော်မည့် ကိုယ်စားလှယ်များမှတပါး ပြည်မတွင်ရှိသော နိုင်ငံရေး အဖွဲ့အစည်းများထဲက မည်သည့် ကိုယ်စားလှယ်ကိုမျှ ထည့်သွင်းမည် မဟုတ်ကြောင်း ကတိပြုပါသည်။

(၄) အမှုထမ်း အရာထမ်းများနှင့် လက်နက်ကိုင် အဖွဲ့အစည်းများ၏ နိုင်ငံရေး နယ်နိမိတ်အတွင်းသို့ ကျူးကျော်မှုများကို ကျနော်ကိုယ်တိုင်လည်း အထူးမလိုလားကြောင်းကို ဝန်ကြီးချုပ်ကိုယ်တိုင် သိပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျူးကျော်မှုများ မဖြစ်ပွားရလေအောင် ကျနော် အထူးထိန်းသိမ်း စောင့်ရှောက်ပါမည်ဟူ၍ ကတိပြုပါသည်။

(၅) လက်နက်ကိုင် အဖွဲ့အစည်းဝင် အချို့၏ အမဲ့မှုများကို ကျနော် ကိုယ်တိုင်လည်း မကြာခဏ ကြားသိရ၍ များစွာ စိတ်မချမ်းမသာဖြစ်ရသည်။ ထို့ကြောင့် ဤမဲ့မှုများကို အထူးဦးစားပေး၍ နှိပ်ကွပ်ပစ်ရန် ကျနော် ကတိပြုပါသည်။

(၆) ရာဇဝတ်မှုများကိုလည်း တတ်နိုင်သလောက် ပပျောက်သွားအောင် အထူးဦးစားပေး၍ ဆောင်ရွက်သွားရန် ကတိပြုပါသည်။

(၇) ပြည်ထောင်စုကြီး၏ တည်တံ့ခိုင်မြဲရေး၊ တိုးတက်ရေး၊ စည်ပင်သာယာ ဝပြောရေးတို့သည် ငြိမ်းချမ်းရေး အပေါ်တွင် များစွာ တည်ရှိနေသည်ကို ကျနော်သည် ဦးလည်မသုန် ယုံကြည်သူတဦး ဖြစ်ပါ သည်။ ထို့ကြောင့် ပြည်တွင်း ငြိမ်းချမ်းရေး ရရှိအောင် အစွမ်းကုန် ကြိုးစားအားထုတ်ပါမည်ဟု ကျနော် ကတိပြုပါသည်။

(၈) နိုင်ငံခြားရေးတွင် တည့်မတ်စွာ ကြားနေရေးဝါဒသည် ကျနော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့်တကွ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အကျိုးအရှိဆုံး ဝါဒဖြစ်သဖြင့် ကျနော် ခေါင်းဆောင်မည့် အစိုးရအဖွဲ့ သည် ဤတည့်မတ်စွာ ကြားနေရေးဝါဒကို မည်သည့်နည်းနှင့်မျှ စွန့်လွှတ်မည် မဟုတ်ကြောင်းကို ကျနော် ကတိပြုပါသည်။

စက်တင်ဘာလ ၂၆ ရက်နေ့ ညပိုင်းတွင် ဦးနုက ၎င်း၏ အစိုးရ အဖွဲ့ကို ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော ကြားဖြတ် အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းအား ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပါလီမန်က ဝန်ကြီးချုပ်အဖြစ် ခန့်ထားမည်ဖြစ်ကြောင်း အိမ်စောင့်အစိုးရသည် တရားဥပဒေ စိုးမိုးရေးနှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို အစိုးရ သက်တမ်း ၆ လကြာ ကာလအတွင်း ကျင်းပ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

## အပြောင်းအလဲ ဖြစ်လာပုံ

ထိုအချိန်က အစိုးရအဖွဲ့ အပြောင်းအလဲသည် အမှန်စင်စစ် အာဏာသိမ်းယူမှုပင် ဖြစ်ကြောင်း၊ ဦးနုသည် သေနတ် ပြောင်းဝဖြင့် ခြိမ်းခြောက်ခံရ၍သာ ယင်းကဲ့သို့ အာဏာကို လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း စသည်ဖြင့် ကောလာဟလများ ပေါ်ထွက်ခဲ့သည်။ သို့ရာတွင် အဖြစ်မှန်မှာ ကောလာဟလ သတင်းထွက်ခဲ့သကဲ့သို့ ထူးခြား မှတ်သားဖွယ် စိတ်တုန်လှုပ် ချောက်ချားဖွယ်ရာ မရှိခဲ့ပါ။[၁၄]

---

[၁၄] ထိုအကြောင်းနှင့် ပတ်သက်ပြီး ဦးနု ကိုယ်တိုင်ရေးတဲ့ အတ္ထုပ္ပတ္တိစာအုပ် "တာတေစနေသား"၊ ၁၉၉၉ ခုနှစ်၊ ဒုတိယ အကြိမ်၊ ဧရာဝတီ စာပေတိုက်၊ နယူးဒေလီမြို့၊ စာမျက်နှာ (၃၀၁)၊ သတ္တမအပိုဒ်မှာ၊ "အဲဒီလို (*ဘတ်ဂျက်ကို သမ္မတအမိန့်နဲ့*) အတည်ပြု လိုက်တာဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဆန့်ကျင်တယ်လို့ အကြောင်းပြီး စစ်တပ်အာဏာသိမ်းဖို့ တည်မြဲတွေက တိုက်တွန်းတယ်။ စစ်တပ်က သဘောတူတယ်" လို့ စစ်တပ် အာဏာသိမ်းမယ့် အကြောင်းရင်းကို ကြိုသိခဲ့ပုံကို ထုတ်ဖော်ရေးသားထားပြီး၊ စာမျက်နှာ (၃၀၂)၊ စတုတ္ထအပိုဒ်မှာတော့ စစ်တပ်က အာဏာသိမ်းပါက တိုင်းပြည် နာမည်ပျက်မှာကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဘောင်ထဲက စစ်တပ်ကို အာဏာလွှဲပေးခဲ့ရခြင်းဖြစ်ကြောင်း ထုတ်ဖော်ရေးသားခဲ့တယ်။ *[အောက်ခြေမှတ်စု နံပါတ် '၁၃' ကို ပြန်လည်ရည်ညွှန်း၊ မြန်မာအိုင်အက်စ်ပီ ဖြည့်စွက်ချက်]*

ဦးနုသည် အုပ်ချုပ်ရေး အာဏာကို တပ်မတော်သို့ လိုလားစွာနှင့် လွှဲပြောင်းပေးခြင်းမှာ ဦးနုသည် အာဏာကို ရှုံမုန်းခြင်းကြောင့် မဟုတ်သလို တပ်မတော်က သူ့အား သေနတ်နှင့်တေ့၍ တောင်းဆိုခြင်းကြောင့်လည်း မဟုတ်ပါ။ ဦးနုအား ယင်းကဲ့သို့ ဆုံးဖြတ်စေခဲ့သော အကြောင်းရင်းမှာ ရိုးရိုးစင်းစင်းပင် ဖြစ်သည်။ ထိုအချိန်က ဖြစ်ပေါ်နေသော အခြေအနေအရ ပြိုင်ဘက် အင်အားစုသို့ အာဏာလွှဲပြောင်း မပေးလိုသဖြင့် **တတိယအင်အားစု** ဖြစ်သော တပ်မတော်သို့ ဦးနုက အာဏာလွှဲပြောင်း ပေးခဲ့ခြင်းသာဖြစ်သည်။

ဤကဲ့သို့ တင်းမာသော ပေါက်ကွဲလုနီးပါး အခြေအနေသို့ ရောက်ရှိလာရသည့် အကြောင်းများကို ရှေ့ပိုင်း၌ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဦးနု၏ ဆုံးဖြတ်ချက်သည် အကြောင်းယုတ္တိရှိပြီး တည်ငြိမ်သော တွေးခေါ်မှုမှ ထွက်ပေါ်လာသည့် အဖြေသာလျှင်ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်သည် ဦးနု၏ လေးလေးနက်နက် တွေးခေါ်စဉ်းစားမှုနှင့် ဆင်ခြင်တုံတရားကြောင့် ပေါ်ပေါက်လာသော ဆုံးဖြတ်ချက်သာ ဖြစ်ခဲ့ပါသည်။

ဖဆပလ အဖွဲ့ကြီး ကွဲပြဲစဉ်ကကဲ့သို့ ဦးနုသည် ပုဂ္ဂိုလ်ရေး မာန်မာနတက်ခဲ့မည် ဆိုပါက ယခုတကြိမ်တွင် နိုင်ငံရေး သမိုင်း၌ ဆိုးရွားသော ကဏ္ဍတခုကို ဖန်တီးရာ ရောက်လိမ့်မည်။ သို့ဖြစ်ရာ ဗိုလ်ချုပ်ကြီး နေဝင်းထံသို့ အာဏာလွှဲပြောင်းရေး ဆုံးဖြတ်ချက်သည် အမြော်အမြင်ရှိသော ဆုံးဖြတ်ချက်သာ ဖြစ်ခဲ့ပါသည်။ ဦးနုသည် သမိုင်းတွင်မည့် အစိုးရအဖွဲ့ အပြောင်းအလဲဖြစ်စေသည့် စာနစ်စောင်လုံးကို မှုကြမ်းရေးသားခဲ့သည်။ သူသည် နိုင်ငံရေးသုခမိန် ပီသစွာ အိမ်စောင့်အစိုးရ၏ လုပ်ငန်း တာဝန်များကိုလည်း စာထဲ၌ ထည့်သွင်း ဖော်ပြခဲ့သည်။

ဦးနုသည် ၎င်းဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ရသော ကာလအတွင်း အာဏာကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ အမှားအယွင်းများစွာကို ကျူးလွန်ခဲ့သည်။ ဖဆပလအဖွဲ့ကြီး အကျပ်အတည်း တွေ့ကြုံနေစဉ်အတောအတွင်း ၎င်း၏ ဂုဏ်သတင်းမှာ တဟုန်ထိုး နိမ့်ဆင်း ကျသွားခဲ့သည်။ သို့ရာတွင် ယခုတကြိမ် ပြတ်သားသော ဆုံးဖြတ်ချက်ကြောင့် ဂုဏ်သိက္ခာ ကျဆင်းမှုကို အဖတ်ဆည်နိုင်ခဲ့သည်။ အစိုးရအဖွဲ့ အပြောင်းအလဲသည် တပ်မတော်က အာဏာသိမ်းယူခြင်း မဟုတ်သကဲ့သို့ တပ်မတော်ကလည်း အာဏာသိမ်းယူရန် အကြံအစည် သို့မဟုတ် ဆန္ဒမရှိခဲ့ပေ။ တပ်မတော်သည် ၎င်းအား တိုက်ခိုက်ခြင်း ခံရပါက ပြန်လည် တိုက်ခိုက်ရန် အဆင်သင့် ကြိုတင် ပြင်ဆင်ထားပြီး ဖြစ်သည်။ တပ်မတော်သည် တိုက်ပွဲများ ဖြစ်၍ ၎င်းတို့ အနိုင်ရရှိသောအခါ မည်ကဲ့သို့ လုပ်ဆောင်သွားမည် ဆိုသည့် အစီအစဉ်လည်း မရှိခဲ့ပေ။

နု-တင် အုပ်စုက တပ်မတော်သည် ၎င်းတို့အတွက် အနှောင့်အယှက် ဖြစ်နေသည်ဟု ထင်မြင်ယူဆကာ တပ်မတော်ကို ဦးနှိမ်ရန် ကြံစည်ဆောင်ရွက်ခဲ့ကြသည်။ တပ်မတော်ကလည်း နု-တင်အုပ်စု၏ လှုပ်ရှားဆောင်ရွက်ချက်ကို ခုခံကာကွယ်ရန် ပြင်ဆင်ခဲ့ကြသည်။ ယင်းသို့ ကြိုတင်ပြင်ဆင်ခြင်း မရှိဘဲ လွှတ်ပေးထားရမည် ဆိုပါက လက်နက်ကိုင် တပ်ဖွဲ့များ အစိတ်စိတ် အမွှာမွှာ ပြိုကွဲသွားစေမည့် အပြင် ကွန်မြူနစ်များ အာဏာရှိ ရရှိလာရေးအတွက် လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်ကာ မြန်မာနိုင်ငံသည်လည်း ကွန်မြူနစ်ဩဇာခံ အရှေ့အုပ်စုဝင် နိုင်ငံဖြစ်လာမည် ဖြစ်သည်။

အခြေအနေသည် ပေါက်ကွဲလုနီးပါးဖြစ်ကာ အရေးကြီးသော အနေအထား၌ ရှိနေသည်။ အတိမ်းအစောင်းမခံသော အခြေအနေကို မှားယွင်းစွာ ကိုင်တွယ်မည်ဆိုပါက ပျက်စီးဆုံးရှုံးမှုများနှင့်သာ နိဂုံးချုပ်မည်ဖြစ်သည်။ ဦးနု၏ ပါးနပ်သော ဆုံးဖြတ်ချက်ကို အချိန်မီ ချမှတ်ဆောင်ရွက်နိုင်ခြင်းက ဗုံးမပေါက်ကွဲမီ ထိန်းသိမ်း ဟန့်တားနိုင်ခဲ့ခြင်း ဖြစ်သည်။

ဦးနုသည် ၎င်း၏ အုပ်စုက ယင်းသို့ လှုပ်ရှားဆောင်ရွက်နေသည်ကို မသိဘူးလား။ အစကနဦး ကာလက ဘာကြောင့် တားဆီးခြင်း မပြုခဲ့သနည်းဟု သိလိုကြပေလိမ့်မည်။ စာရေးသူ၏ ထင်မြင်ယူဆချက်မှာ ထိုကဲ့သို့ ပြင်ဆင်ဆောင်ရွက်နေမှုများကို ဦးနုသည် လုံးဝ မသိရှိဘဲနေမည် မဟုတ်ပါ။ သို့ရာတွင် သူသည် အစီအစဉ် အသေးစိတ်ကို မသိရှိခြင်း ဖြစ်နိုင်သကဲ့သို့ ယင်းသို့သော အစီအစဉ်တရပ်နှင့် စပ်လျဉ်း၍ အကျိုးဆက် ဖြစ်ပေါ်လာမည့် အရေးကိစ္စများကို လေးလေးနက်နက် ချိန်ဆ တွေးတွေခြင်း မရှိခဲ့သောကြောင့် ဖြစ်နိုင်သည်။

ဦးနုသည် ၎င်းနေအိမ်ခြံဝင်း အတွင်း သူနေထိုင်ရာအခန်းမှ ကိုက် ၅၀ ခန့်အကွာတွင် ကျင်းပပြုလုပ်ခဲ့သော နု-တင် အုပ်စု ညီလာခံ၌ ကိုယ်စားလှယ်များက တပ်မတော်အား အသံချဲ့စက်များဖြင့် လူသိရှင်ကြား ပြစ်တင်ရှုတ်ချနေသည်ကိုပင် လုံးဝ မသိရှိကြောင်းဖြင့် ငြင်းပယ်ခဲ့ဖူးသည်။ အတိတ်ကာလ ဖြစ်ရပ်များအရ ဦးနုသည် နိုင်ငံရေးသမားများ အားလုံးအနက် သူသည် အသန့်ရှင်းဆုံးဖြစ်ကြောင်း ပြသခဲ့သော်လည်း သူ၏ ရောင်းရင်းများမှာ သူကဲ့သို့ သန့်ရှင်းသူ ဖြစ်မလာခဲ့ခြင်းကိုမူ အလေးဂရုပြုခြင်း မရှိခဲ့ပေ။

ဦးနုသည် သူ၏ နိုင်ငံရေးသက်တမ်းတလျှောက်၌ ပြုလုပ်ခဲ့သည့် အကြီးဆုံးသော အမှားမှာ ဖဆပလ အကွဲအပြဲတွင် ဘက်လိုက်ရန် ဆုံးဖြတ်ခဲ့ခြင်းပင် ဖြစ်သည်။ ဦးနုသည် မိမိကိုယ်ကို ယုံကြည်မှု အပြည့်အဝဖြင့် ထိုအချိန်က အုပ်စု တိုက်ပွဲ ဆင်နွှဲနေကြသော ခေါင်းဆောင်များဖြစ်ကြသည့် သခင်တင်နှင့် ဦးကျော်ငြိမ်းတို့အား ဖဆပလ အဖွဲ့ကြီးအတွင်း မှ ထုတ်ပယ်ပစ်မည် ဆိုပါက တိုင်းပြည်၏ နိုင်ငံရေးလမ်းကြောင်းသည် တနည်းတဖုံ ပြောင်းလဲကောင်း ပြောင်းလဲ သွားနိုင်သည်။ ထိုကဲ့သို့သော အခါ၌ ဦးဗဆွေ၏ သဘောထားသည် ပြောင်းလဲသွားကာ ဖဆပလအဖွဲ့ကြီး သန့်ရှင်း သွားရေးအတွက် ဦးနု၏ ဆောင်ရွက်ချက်ကို ထောက်ခံကောင်း ထောက်ခံခဲ့မည်ဖြစ်ပေသည်။

ယခု ဦးနုသည် ၎င်း၏ အစိုးရအဖွဲ့အား အထူးအရေးကြီးနေသော အခြေအနေ၌ ဗိုလ်ချုပ်ကြီးနေဝင်းအား လွှဲပြောင်း ပေးရန် ဆုံးဖြတ်ခြင်းသည် ၎င်း၏အုပ်စုကို ကယ်တင်ခဲ့ခြင်း ဖြစ်ရုံသာမက တိုင်းပြည်ကို သွေးချောင်းစီးစေမည့်အဖြစ်နှင့် မတွေးဝံ့လောက်အောင် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များမှ ကယ်တင်ခဲ့ခြင်းသာ ဖြစ်သည်။

ဝန်ကြီးချုပ်အဖြစ်မှ ဦးနုနုတ်ထွက်ရေးအတွက်လည်းကောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းအား အိမ်စောင့်အစိုးရကိုဦးဆောင်ရန် ဝန်ကြီးချုပ်အဖြစ် တင်မြှောက်နိုင်ရေး အတွက်လည်းကောင်း အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးကို ခေါ်ယူခဲ့သည်။ ပြည်သူ့ လွှတ်တော်က ဗိုလ်ချုပ်ကြီးနေဝင်းအား တညီတညွတ်တည်း ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် ပြည်နယ်များမှ ဝန်ကြီးငါးဦး အပါအဝင် အစိုးရအဖွဲ့ကို ချက်ချင်းပင် ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါ အစိုးရအဖွဲ့၌ အဖွဲ့ဝင် ၁၄ ဦး ပါရှိခဲ့သည်။ ပြည်နယ် ဝန်ကြီး များမှလွဲ၍ ကျန်အစိုးရ အဖွဲ့ဝင်များမှာ ပါလီမန်အမတ်များ မဟုတ်ကြပါ။

လွှတ်တော်အမတ် မဟုတ်သူတဦးအား အိမ်စောင့်အစိုးရကို ဦးဆောင်နိုင်ရေးအတွက် ရွေးချယ်တင်မြှောက်ခဲ့ခြင်းမှာ မြန်မာ့သမိုင်း၌ ပထမဆုံးအကြိမ် ဖြစ်သည်။ ဤသို့ မကြုံစဖူးသော ဖြစ်ရပ်မှာ အာဏာရပါတီ ဖြစ်သော ဖဆပလ အတွင်း သဘောထား အကွဲအပြဲကြောင့်သာ ဖြစ်သည်။ ဖဆပလ ခေါင်းဆောင်များသည် နှစ်ပေါင်းရှည်ကြာစွာ အာဏာယစ်မူးခဲ့ကြပြီးနောက် ရန်ဘက်အုပ်စုကြီး နှစ်ရပ်အဖြစ် ဖဆပလအဖွဲ့ကြီးကို ပြိုကွဲရန် ဆုံးဖြတ်ခဲ့ကြသည်။ ဖဆပလ အကွဲအပြဲကြောင့် ဤသို့သောဖြစ်ရပ် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပေသည်။

▪ - ¤ - ▪